ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့ (11-2-2015) (၈၁၁၃)

အသရေပျက်အောင် လုပ်မယ်ဆိုလို့ရှိရင်

ညစ်ပတ်တယ်ဆိုပြီးတော့ တိုင်းပြည်မှောက်မှားအောင် မတရားတာတွေကို လျှောက်ပြီးလုပ်နေမယ်။ လူတွေကို အရမ်းမဲ့ သားပုပ်လေလွင့်အကြည်ညိုပျက်အောင်၊ အသရေပျက်အောင် လုပ်မယ်ဆိုလို့ရှိရင်တော့ဖြင့် ကျွန်တော်တို့ သည်းခံပြီး မနေဘူးဆိုတာ တိတိလင်းလင်း ပြောချင်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဧပြီလ ၁၇ ရက်နေ့ ပြောကြားခဲ့သော နှစ်သစ်ကူးမိန့်ခွန်းမှ ကောက်နုတ်ချက်)

တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူ့ဆန္ဒကို ဖော်ဆောင်နိုင်ရန် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည့် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်ရန် ရောက်ရှိနေသော ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ)ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူ့ဆန္ဒကို ဖော်ဆောင်နိုင်ရန်အတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်စဉ်များနှင့်ပတ်သက်၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကရင်အမျိုးသား အစည်းအရုံး (ကေအင်န်ယူ)ဥက္ကဋ္ဌနှင့်အဖွဲ့အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီရန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင်ကျရောက်သော အီရန် အစ္စလာမ့်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီရန် အစ္စလာမ့်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟတ်ဆန်ရိုဟာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ထူးခြားသည့် ညအပူချိန်များ

ဟားခါး
၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်း
၅ ဒီဂရီစင်တီဂရိတ်
လားရှိုး
၆ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး
၆ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်
၆ ဒီဂရီစင်တီဂရိတ်
မိုးကုတ်
၆ ဒီဂရီစင်တီဂရိတ်

ငြိမ်းချမ်းရေးဆိုတာ လက်နက်နဲ့ရှင်းလို့မရတဲ့ကိစ္စဖြစ်တယ်။ မြန်မာ့လူ့အဖွဲ့အစည်းရှိ တိုင်းရင်းသားအချင်းချင်း နားလည်မှုရှိရှိ၊ တရားမျှမျှတတနဲ့ ဆွေးနွေးမယ်ဆိုရင်တော့ တကယ့် ငြိမ်းချမ်းတဲ့လူ့အဖွဲ့အစည်းတစ်ခုဖြစ်မယ်လို့ ယုံကြည်ပါတယ်။

ပဒိုစောကွယ်ထူးဝင်း၊ အထွေထွေအတွင်းရေးမှူး(ကေအင်န်ယူ)

ငြိမ်းချမ်းရေးကို လိုချင်လှပါပြီ

ထွန်းဝင်းနိုင်၊ မျိုးမြင့်၊ ကျော်သူထက်(သတင်းစဉ်)

တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူ့ဆန္ဒကိုဖော်ဆောင်နိုင်ရန်အတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကြိုးစားအားထုတ်လျက်ရှိပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် တစ်ဖက်နှင့်တစ်ဖက် သဘောထားအမြင်များကို ဖလှယ်ကာ လုပ်နိုင်သည်များကို လုပ်ဆောင်ကြရန်လိုပေသည်။ ယခုအခါ တိုင်းရင်းသားအားလုံး၏ သင်္ကေတဖြစ်သည့် ပြည်ထောင်စုနေ့သည်လည်း ရောက်ရှိတော့မည်ဖြစ်ရာ "ငြိမ်းချမ်းရေးကို လိုချင်လှပါပြီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးရရှိရေး ငြိမ်းချမ်းရေးဖော်ဆောင်မှုအောင်ရမည်" ဟူ၍ ကြွေးကြော်သံများဖြင့် ပြည်သူ့ဆန္ဒထုတ်ဖော်နေကြသည်ကိုလည်း တွေ့မြင်ရသည်။ သို့ဖြစ်ရာ ဖေဖော်ဝါရီလ ၁၀ ရက်နေ့က နိုင်ငံတော်သမ္မတနှင့် ကေအင်န်ယူဥက္ကဋ္ဌတို့ တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ကြသူများ၏ ငြိမ်းချမ်းရေးဖြစ်စဉ်စကားသံများကို ပြန်လည်ဝေမျှလိုက်ပါသည်။

ဦးအောင်မင်း
ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ

အရင်တုန်းက ငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေးစာချုပ်ကြီးကို ပြည်ထောင်စုနေ့မှာ လက်မှတ်ရေးထိုးနိုင်အောင် ကျွန်တော်တို့ပြင်ဆင်ခဲ့ပါတယ်။ အခုအဲဒီအဖွဲ့တွေနဲ့ ဆွေးနွေးဖို့ကျန်တဲ့အချက် သုံးလေးချက်လောက် ကျန်ပါတယ်။ ဒါကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်မထိုးနိုင်ခင်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ဆက်လက်သွားနေတာကိုသိအောင် သဘောတူညီချက်တစ်စောင် လုပ်ဖို့ရှိပါတယ်။ ဒီသဘောတူညီချက်ကလည်း အပစ်အခတ်ရပ်စဲရေးစာချုပ်နဲ့ မကင်းလွတ်ပါဘူး။ အဲဒီစာချုပ်ထဲမှာပါတဲ့အတိုင်း အပစ်အခတ်ရပ်စဲပါမယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

အတွေးအမြင်

ကြေးမုံ စာတည်းရှေ့ထောင့် ၁၁-၂-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ

ပြည်ထောင်စုစိတ်ဓာတ်ဟူသည်ကား ပြည်ထောင်စုကြီးတစ်ခုလုံးအတွင်း တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး မရှိအတူ ရှိအတူ အေးအတူ ပူအမျှ အတူတကွ စုပေါင်းနေထိုင်ကြသည့် တစ်မိသားစုတည်းဖြစ်သည်ဟု စွဲမြဲစွာလက်ခံမှတ်ယူထားသော သဘောထားခံယူချက်ပင်ဖြစ်သည်။

၎င်းသဘောထားမှာ ကမ္ဘာမြေပေါ်တွင် စုပေါင်းနေထိုင်ကြသော မည်သည့်လူမျိုးမဆို ထားရှိကြသည့် ခံယူချက်လည်းဖြစ်သည်။ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးမဆို ထိုသဘောထားခံယူချက် ခိုင်မြဲနေပါက ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ပြီး အေးချမ်းသာယာဝပြောနေမည်ဖြစ်သည်။ ထိုသဘောထားခံယူချက် မခိုင်မြဲ လျော့ရဲနေမည်ဆိုပါက ပြည်ထောင်စုကြီးပြိုကွဲကာ တည်ငြိမ်အေးချမ်းမှု ပျက်ပြားမည်ကို နိုင်ငံသားတိုင်း သတိမူရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတစ်ခုတည်းအတွင်း နေထိုင်ကြသော လူမျိုးအချင်းချင်း အယူဝါဒအမျိုးမျိုး၊ သဘောထားအမျိုးမျိုး ကွဲလွဲခြင်းမှအစ တစ်ဦးနှင့်တစ်ဦး စစ်မက်ဖက်ပြိုင်သည်အထိ သွေးကွဲခြင်းများဖြစ်လာသောကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးကွယ်ပျောက် ဘေးဒုက္ခရောက်ကြရပုံများကို သတင်းစာမျက်နှာများတွင် မြင်တွေ့ကြရမည်ဖြစ်သည်။

ယင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ် လျော့နည်းလာခြင်းတည်းဟူသော အကြောင်းတရားမှ ဖြစ်ပေါ်လာသည့် ဆိုးကျိုးများပင်ဖြစ်သည်။ ထိုသို့သော ဘေးဒုက္ခများကို မိမိတို့နိုင်ငံတွင်လည်း မကြုံတွေ့၊ မခံစားရစေရန်အတွက် နိုင်ငံသားအားလုံး၏ နှလုံးသားတွင် ပြည်ထောင်စုစိတ်ဓာတ်များ ခိုင်ကျည်မြဲမြံနေဖို့၊ အစဉ် ထွန်းကားနေဖို့ လိုအပ်ပါသည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံးတို့အနေဖြင့် အမျိုးကိုချစ်သော အမျိုးသားခေါင်းဆောင်များ၏ မျိုးစေ့ချမြေတောင်မြှောက်ပေးခဲ့သည့် အကျိုးဆက်ကြောင့် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်နေပြီး အတူတကွအေးချမ်းစွာနေထိုင်လျက်ရှိကြပါသည်။ ထိုအခြေအနေမှ ပျက်ယွင်းမသွားစေရန်အတွက်မူ လူတိုင်းလူတိုင်း ပြည်ထောင်စုစိတ်ဓာတ်ကို အမှတ်တရရှိနေရမည်။ သတိမူနေရမည်ဖြစ်သည်။

လူဟူသည် သာမန်ပုထုဇဉ်မျှသာဖြစ်၍ ပြောလွယ်၊ နာလွယ်၊ ယုံလွယ်တတ်ကြပေသည်။ ထိုသို့ လွယ်တတ်သောကြောင့်လည်း အချင်းချင်းသွေးကွဲခဲ့သော သမိုင်းသက်သေများလည်း ရှိခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုကြီး ပြိုပျက်စေလိုသည့် မသမာသူတို့၏ သွေးခွဲမှု၊ သွေးထိုးမှု၊ အချင်းချင်းအမုန်းပွားစေမှုများရှိခဲ့သော်လည်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ခုခံကာကွယ်ခဲ့ကြပေသည်။

ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာထိန်းသိမ်းထားနိုင်ခြင်းမရှိသည့် ကမ္ဘာပေါ်ရှိ နိုင်ငံအချို့၏ အချင်းချင်းသွေးကွဲမှုကြောင့် စိတ်မချမ်းမြေ့ဖွယ်မြင်ကွင်းများကို မြင်တွေ့နေကြရသည်။ သွေးကွဲမှုကြောင့် ပြည်တွင်းပဋိပက္ခများ၊ စစ်ပွဲများဖြစ်ပွားရ၍ တိုင်းပြည်အားအင်ချည့်နဲ့ပြီး ယိမ်းယိုင်ပြိုကွဲနေသည့် အဖြစ်များကို သင်ခန်းစာယူကြရမည် ဖြစ်သည်။

ထို့ကြောင့် မြန်မာတိုင်းရင်းသားပြည်သူအပေါင်းတို့သည် ပြည်ထောင်စုကြီးအတွင်း မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ တစ်မိသားစုတည်းဖြစ်သည်ကို စွဲမြဲစွာနားလည်လက်ခံထားရမည်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား ကျဉ်းမြောင်းသည့် အယူဝါဒများ၊ သံသယများကို လက်ခံမထားဘဲ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ကာ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အားလုံးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အနှစ်ချုပ်ရလျှင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုစည်းလုံးညီညွတ်မှုဖြင့်သာ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးကို လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အီရန်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ့်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အီရန် အစ္စလာမ့်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုဟာမက် ဂျာဗက်ဇာရစ်(ဖ်) ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ရန်ကုန်မြို့တွင်အခြေစိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး မစ္စတာ နီကိုးလတ်ကော့ပယ်လ်အား သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာနီကိုးလတ်ကော့ပယ်လ်အား ၁၉၅၈ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဩစတြေးလျအမျိုးသားတက္ကသိုလ်မှ စီးပွားရေးဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး လန်ဒန်စီးပွားရေးကျောင်းမှ စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့ရရှိခဲ့သည်။ မစ္စတာနီကိုးလတ်ကော့ပယ်လ်သည် ၁၉၈၆ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ဝါရှင်တန်မြို့၊ မနီလာမြို့နှင့် ပို့မောစဘီမြို့ရှိ ဩစတြေးလျသံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ယနေ့အထိ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးအထူးအဖွဲ့တွင် လက်ထောက်အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

(၉-၂-၂၀၁၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂)တွင် ဖော်ပြခဲ့သော "ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)သို့ လေ့လာ" သတင်း၏ ပထမကော်လံ စာကြောင်းရေ(၁၁)တွင် "၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက်" အစား "၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက်" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(စာတည်း)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်	ရွှေဈေး	၆၈၈၉၀၀	-	၆၈၉၉၀၀
မန္တလေး	ရွှေဈေး	၆၈၈၉၀၀	-	၆၈၉၉၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၆၄၀	ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၈၃၀	ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၅၄၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၇၇၀	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၀၂၆. ၀
(ခ) ဥရောပ	တစ်ယူရို	=	၁၁၆၃. ၃
(ဂ) တရုတ်	တစ်ယွမ်	=	၁၆၄. ၂၄
(ဃ) ထိုင်း	တစ်ဘတ်	=	၃၁. ၄၇၂
(င) မလေးရှား	တစ်ရင်းဂစ်	=	၂၈၈. ၂၄
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၆. ၅၁၈
(ဆ) ဂျပန်	တစ်ရာယန်း	=	၈၆၅. ၇၁
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၃. ၈၁၀
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၈၀၀. ၇၂
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၇၅၈. ၀၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ကန်လမ်း ၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့။

FREE SHOW အခမဲ့

ပဲခူးတိုင်းဒေသကြီးတွင်တည်ရှိသော ပြည်မြို့ ရှိရုပ်ရှင်ကြည့်ချစ်ပရိသတ်ကြီးများအတွက် နိုင်ငံတကာအဆင့်မီ 2D / 3D စက်သစ်ကြီးများတပ်ဆင်ထားသော

မင်္ဂလာ ထွန်းသီရိ အဆင့်မြင့်ရုပ်ရှင်ရုံ Mingalar Tun Thiri Cineplex

ကြီးတွင် ကျယ်ဝန်းသပ်ရပ်လှပပြီး သက်တောင့်သက်သာအပန်းဖြေ အနားယူကြည့်ရှုနိုင်သော အဆင့်မြင့်ရုပ်ရှင်ရုံ (၃)ရုံ Cinema - 1, Cinema- 2, Cinema- 3 ပါဝင်ပြီး

မြန်မာရုပ်ရှင်ဇာတ်ကားသစ်များ၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားသစ်များကို ကြည်လင်ပြတ်သားသောပိတ်ကားပြင်၊ အရုပ်အသံကောင်းမွန်သော DIGITAL 3D CINEMA နောက်ဆုံးပေါ်စက်သစ်ကြီးများနိုင်ငံတကာအဆင့်မီ ထူးခြားပြည့်စုံသောဝန်ဆောင်မှုများဖြင့် ရုပ်ရှင်ကြည့်ချစ်ပရိသတ်များ အပန်းဖြေကြည့်ရှုအနားယူနိုင်ရန်

ဖေဖော်ဝါရီလ ၁၂ရက် (ပြည်ထောင်စုနေ့) တွင် စတင်ဖွင့်လှစ်ပြသလိုက်ပါသည်။

၁၂ · ၂ · ၂၀၁၅ ရက်မှစတင်ပြသမည့်ဇာတ်ကားများ

ကိုတင့်တို့ စူပါရုပ်ကွက် (DCP)

EXODUS: GODS AND KINGS(3D)

BIG HERO 6 (3D)

(၁၀ · ၂ · ၂၀၁၅) ၊ (၁၁ · ၂ · ၂၀၁၅) နေ့များတွင်နံနက်(၁၀း၀၀)နာရီမှ ည(၁၀း၀၀)နာရီအထိ အခမဲ့ဖွင့်လှစ်ပြသသွားပါမည်။

ကြိုတင်လက်မှတ်ရောင်းပြီ

ဖုန်း - ၀၉၇၉၁၁၈၃၇၅၁
၀၉၇၉၁၁၈၃၇၅၂
၀၉၇၉၁၁၈၃၇၅၃

ပြည်တွင်းရေးရာ

☆ **တည်ငြိမ်အေးချမ်းမှုမှ**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးခင်ရီ၊ ဦးသန်းဌေး၊ ဦးရဲထွဋ်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာနမှ ဦးတင်မောင်သန်းနှင့် ဦးလှမောင်ရွှေတို့တက်ရောက်ကြပြီး ကေအင်န်ယူဥက္ကဋ္ဌနှင့်အတူ ပဒိုစောကွယ်ထူးဝင်း၊ စောအိုက်ဇက်၊ စောထူးထူးလေး၊ စောတာမူလာ၊ ငြိမ်းချမ်းရေးကောင်စီမှ စောရင်နုနှင့် စောမောင်မောင်၊ တိုင်းရင်းသားအဖွဲ့များ၏အကြံပေးပညာရှင် ဦးဟန်ယောင်ဝေတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကရင်အမျိုးသားအစည်းအရုံး (ကေအင်န်ယူ)ဥက္ကဋ္ဌ စောမူတူးစေးဖိုး ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။ (ယာပုံ) နှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (အောက်ပုံ)

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အခမဲ့ပညာရေးနှင့် ပညာရေးထောက်ပံ့မှု လျာထားချက်များ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပညာရေးဝန်ကြီးဌာနသည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုချီးမြှင့်ရေးစီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာ ကျောင်းနေနှုန်းမြင့်မားရေးနှင့် ကျောင်းထွက်နှုန်းကျဆင်းရေးအတွက် အခမဲ့ပညာရေးနှင့် ပညာရေး ထောက်ပံ့မှုအစီအစဉ်များကိုလည်းကောင်း၊ အဆင့်မြင့်ပညာကဏ္ဍနှင့် နည်းပညာနှင့် သက်မွေးပညာကဏ္ဍများအတွက် ပညာရေးထောက်ပံ့မှုများလျာထားကြောင်း သိရသည်။

အခြေခံပညာကဏ္ဍတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၌ အခမဲ့မူလတန်းပညာရေးနှင့် အလယ်တန်းပညာရေးတို့ကို ဆောင်ရွက်ခဲ့ပြီး လာမည့် ၂၀၁၅-၂၀၁၆ တွင် အခမဲ့ အထက်တန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာကဏ္ဍအခမဲ့ပညာရေးအတွက် စုစုပေါင်းကျပ် ၂၉ ဘီလီယံကျော်ကို သုံးစွဲရန်လျာထားသည်။ မူလတန်းအဆင့် ကျောင်းသား ငါးသန်းကျော်အတွက် တစ်ဦးလျှင် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ် ခြောက်အုပ်နှင့် ကျောင်းဝတ်စုံတစ်စုံစီကိုလည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းသား ၂ ဒသမ ၈ သန်းကျော်အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များကို လည်းကောင်း၊ အထက်တန်း ကျောင်းသား ရှစ်သိန်းကျော်အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များကိုလည်းကောင်း အခမဲ့ဖြန့်ဝေမည်ဖြစ်သည်။

အခြေခံပညာသင်ဆုများအတွက် မြို့နယ်တစ်ခုလျှင် သုံးဦးစီနှင့် မြို့နယ်ခွဲတစ်ခုလျှင် နှစ်ဦးစီဖြင့် အလယ်တန်း ကျောင်းသား ၁၁၅၈ ဦးအတွက် တစ်ဦးလျှင် တစ်နှစ် ကျပ်နှစ်သိန်းစီနှင့် အထက်တန်းကျောင်းသား ၁၁၅၈ ဦးအတွက် တစ်ဦးလျှင် တစ်နှစ် ကျပ်သုံးသိန်းစီ ချီးမြှင့်ရန် လျာထားသည်။

အခြေခံပညာ ကျောင်းထောက်ပံ့ကြေးများကို မူလတန်းကျောင်းသားအရေအတွက် အနည်းအများအပေါ် မူတည်၍ တစ်ကျောင်းလျှင် တစ်နှစ် ကျပ်ရှစ်သိန်းမှ ၁၆ သိန်းအထိ ပံ့ပိုးမည်ဖြစ်ပြီး ထောက်ပံ့ငွေ စုစုပေါင်းကျပ် ၄၆ ဘီလီယံကျော် သုံးစွဲမည်ဖြစ်သည်။

အဆင့်မြင့်ပညာကဏ္ဍတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် တက္ကသိုလ်ပညာသင်ဆုရရှိသော ထူးချွန်ကျောင်းသားများအား တစ်ဦးလျှင် တစ်နှစ်ကျပ် ၁၀ သိန်းနှုန်းနှင့် ဆင်းရဲနွမ်းပါးသည့် ကျောင်းသား ၂၆၄၀ ကို မြို့နယ်အလိုက် စိစစ်ရွေးချယ်၍ ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် တစ်နှစ်ကျပ်သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ကျပ် ၇ ဒသမ ၆ ဘီလီယံ သုံးစွဲရန် လျာထားသည်။

နည်းပညာနှင့် သက်မွေးပညာကဏ္ဍတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ဆရာအတတ်ပညာ ဒီပလိုမာ၊ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ၊ သူနာပြုဒီပလိုမာ၊ သားဖွားဒီပလိုမာ၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်း သင်တန်းသားများအတွက် တစ်ဦးလျှင် တစ်နှစ်ကျပ်သုံးသိန်းနှုန်းဖြင့် သင်တန်းသား ၂၆၀၀၀ ကျော်အတွက် စုစုပေါင်းကျပ် ရှစ်ဘီလီယံကျော် သုံးစွဲရန်လျာထားသည်။

ပညာရေးအသုံးစရိတ်များကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၃၁၀ ဒသမ ၄၀၁ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ တွင် ကျပ် ၆၄၇ ဒသမ ၈၉၄ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ တွင် ကျပ် ၉၀၉ ဒသမ ၄၅၉ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ တွင် ကျပ် ၁၁၅၈ ဒသမ ၂၈၀ ဘီလီယံ သုံးစွဲခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၄၀၉ ဒသမ ၉၁၉ ဘီလီယံ သုံးစွဲရန် လျာထားကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးအသုံးစရိတ်များကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲလျက်ရှိရာ လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပညာရေးအသုံးစရိတ်၏ ငါးဆနီးပါးအထိ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲသွားရန်လျာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■

စာအုပ်စာပေ လူ့မိတ်ဆွေ

(၂၆)နှစ်မြောက်မင်္ဂလာဆုတောင်း

ကျေးဇူးရှင် ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညွန့် တပ်မှူး၊ အမှတ်(၁)အခြေချဆေးသိုလှောင်ရေးတပ်-ချစ်မေမေ သဒ္ဓမ္မဇောတိကဓဇ ဒေါ်ခင်သန္တာဦး (လူမှုထူးချွန်) (သင်တန်းမှူး၊ ငွေလှရတနာ အဘိဓမ္မာသင်တန်း)တို့၏ ၁၁-၂-၂၀၁၅ရက်တွင် ကျရောက်သော (၂၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ရွှေလက်မြဲမြဲတွဲလျက် နိုင်ငံအကျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆောင်ရွက်နိုင်ပြီး သာယာချမ်းမြေ့စွာဖြင့် ပြီးပြည့်စုံသောဘဝကို မိသားစုနှင့်အတူ ထာဝရလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သမီးကြီး - ချစ်မိုးပွင့်ဖြူ

ချစ်သမီးငယ် - အိနှင်းပွင့်ဖြူ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်အတူ မလေးရှားနိုင်ငံဝန်ကြီးချုပ်အား တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး(12th ACDFIM)သို့ တက်ရောက်ခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်အတူ မလေးရှားနိုင်ငံဝန်ကြီးချုပ် နာဂျစ်တွန်ရာဇတ်အား ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် မလေးရှားဝန်ကြီးချုပ်ရုံးနားနေခန်း၌ သွားရောက်တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ တက်ရောက်ကြပြီး မလေးရှားဝန်ကြီးချုပ် နာဂျစ်တွန်ရာဇတ်နှင့်အတူ အစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကာ အာဆီယံဒေသတွင်းဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် မလေးရှားဝန်ကြီးချုပ်နှင့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များသည် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(မြဝတီ)

(၁၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (12th ACDFIM) နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၀

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (12th ACDFIM) နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ ဒေသစံတော်ချိန် ည ၇ နာရီတွင် ကွာလာလမ်ပူမြို့ရှိ Shangri-La Hotel Sabah Grand Ballroom ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ အစည်းအဝေးသဘာပတိ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri (Dr.) Zulkifeli Bin Mohd Zin နှင့် အစည်းအဝေးတက်ရောက်ခဲ့သည့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့များနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။ **(ဝဲပုံ)**

ရှေးဦးစွာ အစည်းအဝေးသဘာပတိ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri (Dr.)Zulkifeli Bin Mohd Zin က အစည်းအဝေးပြုလုပ်ခဲ့မှုဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

မြန်မာနိုင်ငံ၏ ပထမဆုံး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ယနေ့နံနက် ၁၁ နာရီတွင် ဂျပန်နိုင်ငံ Ministry of Land, Infrastructure, Transport and Tourism (MLIT) မှ Parliamentary Vice-Minister H.E. Mr. Kenichiro Ueno ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုဥပဒေပြဋ္ဌာန်းထားရှိမှုနှင့် နည်းဥပဒေပါလုပ်ငန်းများ၊ မြန်မာနိုင်ငံသဘာဝဘေးလျှော့ပါးရေးစီမံချက်နှင့် တည်မြဲအမိန့်ပါ လုပ်ငန်းများ၊ အရေးပေါ်အခြေအနေ ကွပ်ကဲမှုဗဟိုဌာန ဖွင့်လှစ်ထားရှိမှု၊ လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျှော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ ပထမဆုံးတစ်ခုတည်းသော ဟသ်ာတမြို့ သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်းကျောင်းအား အမြန်ဆုံးဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်စီမံချက်တွင် ပါဝင်သည့် သဘာဝဘေးစီမံခန့်ခွဲမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဂျပန်နိုင်ငံ ဆန်းဒိုင်းမြို့၌ ကျင်းပမည့် တတိယအကြိမ် သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် အဖွဲ့အစည်းနှစ်ခုအကြား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ဒေါ်စုစုလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

■

မြန်မာနိုင်ငံကလေးများနေ့ ကြိုဆို ဗိုလ်ချုပ်ကြေးရုပ်တုရှေ့ ဂါရဝပြု

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံကလေးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၀ ရက်က လူမှုဝန်ထမ်းဦးစီးဌာန ချမ်းမြေ့အိမ်မူလတန်းကြိုကျောင်းမှ ရင်သွေးငယ် ၂၇ ဦးတို့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဆွေ ဦးဆောင်၍ ပြင်ပလေ့လာရေးခရီးစဉ်အဖြစ် ဗိုလ်ချုပ်ပြတိုက်၊ ကန်တော်ကြီးပန်းဥယျာဉ်နှင့် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုသို့ သွားရောက်ဂါရဝပြုကြသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေအရာရှိအဆင့်(၃)များ၏ မွမ်းမံသင်တန်းအမှတ်စဉ်(၂၆)ဆင်းပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်ရုံးများ၊ ခရိုင်၊ မြို့နယ် ဥပဒေရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဥပဒေအရာရှိအဆင့်(၃)များ၏ မွမ်းမံသင်တန်းအမှတ်စဉ် (၂၆) ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ယခုသင်တန်းသည် ထူးကဲသော ဝိသေသ အင်္ဂါရပ်များရှိပါကြောင်း၊ ထူးခြားချက်မှာ မိမိဂျပန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်စဉ် ဂျပန်တရားရေးဝန်ကြီးဌာနနှင့် JICA မှ တာဝန်ရှိသူများနှင့်အတူ သင်တန်းများအတွက် သင်ရိုးညွှန်းတမ်းနှင့် လိုအပ်သော သင်ထောက်ကူပစ္စည်းများ ကူညီပေးရန် ထည့်သွင်းဆွေးနွေးခဲ့ပါကြောင်း၊ ထို့ပြင် UNDP အကူအညီဖြင့် International Development Law Organization (IDLO) မှ လာရောက်ဖွင့်လှစ်သော သင်တန်းတွင် သင်တန်းဆရာအဖြစ် တက်ရောက်ခဲ့ကြသော တရားစွဲနှင့် အမှုလိုက်ဌာနမှ အဆင့်မြင့်ဥပဒေအရာရှိကြီးများ ကိုယ်တိုင်သင်ကြားပို့ချပေးနိုင်ခဲ့ပါကြောင်း၊ တရားမျှတသော တရားစီရင်ရေးနှင့် ဥပဒေအရာရှိ၏ကျင့်ဝတ်တို့ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီဖြစ်စေရန် ပို့ချခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးရာတွင် ကျင့်သုံးလျက်ရှိသော တရားစွဲအဖွဲ့အစည်းများ၏ ပညာကို စာတွေ့၊ လက်တွေ့လေ့လာခြင်း၊ မှုခင်းဆိုင်ရာဆေးပညာကို မှုခင်းဆရာဝန်ကြီး ကိုယ်တိုင်ပို့ချပေးခဲ့ခြင်းဖြင့် အမှုစစ်ဆေးရာတွင် အထောက်အကူများစွာ ရမည်ဖြစ်ကြောင်း၊ လက်တွေ့အမှုလိုက်ခြင်းစသော သင်ကြားမှုစနစ်ပြောင်းလဲခြင်းနှင့်အတူ သင်တန်းသားများအနေဖြင့် သင်ခန်းစာများကို လွယ်လင့်တကူသိရှိသွားနိုင်မည်ဖြစ်ရာ ဌာနအတွက် ပြန်လည်အသုံးပြုနိုင်ခြင်းဖြင့် အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ တရားမျှတသော တရားစီရင်မှုစနစ်ဖြစ်ပေါ်စေရန် တရားခံများအနေဖြင့် ရရှိရမည့် လူ့အခွင့်အရေးများကို ဥပဒေအရာရှိများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ အမှန်တရားကို ဖော်ထုတ်ရမည့် ဥပဒေအရာရှိများသည် တရားလို၏ ထိခိုက်နစ်နာဆုံးရှုံးမှုများကို ဥပဒေဘောင်အတွင်းမှ ဖြေရှင်းပေးရသည့်နည်းတူ တရားခံတစ်ဦး၏ လူ့အခွင့်အရေးမဆုံးရှုံးရန်ကိုလည်း ကာကွယ်ပေးရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိတို့ လုပ်ကိုင်ဆောင်ရွက်သည့် အလုပ်အပေါ်တွင် တာဝန်ကျေပွန်နိုင်ရန်မှာ မိမိနှင့်ပြည်သူတို့အပေါ် သစ္စာရှိရန် လိုအပ်ကြောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်းသည် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားနိုင်ခြင်း၏ အဓိကဖြစ်ပါကြောင်း၊ မိမိတို့၏ အရည်အသွေးကို မြင့်မားအောင် မြှင့်တင်တတ်သည့် စိတ်ဓာတ်ကို မွေးမြူထားကြရမည်ဖြစ်ကြောင်း၊ အစဉ်အလာကြီးမားသော မိမိတို့ရုံး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ ဥပဒေအရာရှိအားလုံး၏ မလွဲမသွေဆောင်ရွက်ရမည့် အကြီးမားဆုံးသော တာဝန်တစ်ရပ်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ၊ ဆရာမများ၊ ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းမှ ဥပဒေပညာရှင်များ၊ သင်တန်းသား ဥပဒေအရာရှိများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ သင်တန်းတွင် ပထမဆုရရှိသူ ကသ-၁၃ ဒေါ်ယုယုမော်၊ ဒုတိယဆုရရှိသူ ကသ-၈ ဒေါ်အေးမြစန္ဒာဝင်းနှင့်တတိယဆုရရှိသူ ကသ-၁ ဦးဇေယျာဌေးအောင် တို့အား ပြည်ထောင်စုရှေ့နေချုပ်က ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန်အတွက် ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ ဒေါက်တာဗညားအောင်မိုးတို့က ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူကြသည်။

(သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ရန်ကုန်မြို့တော် မြေအသုံးချမှု၊ ဇုန်ခွဲခြားသတ်မှတ်မှုနှင့် အဆောက်အအုံ အမြင့်ကန့်သတ်သည့် အစီအမံများအား အတည်ပြုပြဋ္ဌာန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်အတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်ကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ စိစစ်ကြီးကြပ်မှုဖြင့် ရေးကူးခွင့်ပြုထားပြီးဖြစ်သည်။

ထို့ပြင် လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့်လျှောက်ထားခြင်း ကိစ္စရပ်များမှအပ အခြားလုပ်ငန်းကိစ္စရပ်များဖြစ်သည့် ဂရန်လျှောက်ထားခြင်း၊ အမည်ပြောင်း လျှောက်ထားခြင်း၊ သတ္တုတူးဖော်ခွင့်လျှောက်ထားခြင်း စသည့် လုပ်ငန်းကိစ္စရပ်များ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့များအတွင်းရှိ မြို့မြေများမှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင် သက်ဆိုင်ရာမြို့နယ်မြေစာရင်းဦးစီးဌာနများသို့ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ပြည့်စုံစွာလျှောက်ထားလာပါက လျှောက်ထားသည့်နေ့မှ (၁)လအတွင်း ပြီးစီးအောင်ဆောင်ရွက်ပေးလျက်ရှိသည်ဟုဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို၏ မေးခွန်းအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုက **“လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်(လယ-၃၀) လျှောက်ထားခြင်းနှင့် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်လျှောက်ထားခြင်းများအပေါ် ညွှန်ကြားကန့်သတ်ချက်များ ဖြေလျှော့ပေးရန်”**နှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး ဟိုပုံးမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေက နိုင်ငံတော်က ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်လာခဲ့ရာ လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင် ကျေးရွာ၊ မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်ချင်းဆက်လမ်းများ၊ ပြည်ထောင်စုလမ်းမကြီးများ များစွာကောင်းမွန်တိုးတက်လျက်ရှိသည်မှာ ငြင်းမရသည့်အချက်ဖြစ်ပါကြောင်း၊ လမ်းများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ပြည်သူများသည် လမ်းဘေးဝဲ၊ ယာသို့ ရွှေ့ပြောင်းအခြေချနေထိုင်မှုများလာပြီး ဈေးဆိုင်ခန်းများ ဆောက်လုပ်လာခြင်း များပြားလာလျက်ရှိပါကြောင်း။

ယင်းသို့ ရွှေ့ပြောင်းနေထိုင်ရာတွင် ဆောက်လုပ်ပြီးသည့် လမ်းများမှာ လမ်းဧရိယာ အလုံအလောက် မသတ်မှတ်ရသေးခြင်း၊ လမ်းသားများ လုံလောက်စွာ ရယူဖောက်လုပ်ထားခြင်းမရှိသည့်အတွက် ပြည်သူများအနေဖြင့် လမ်းဧရိယာအတွင်း ကျူးကျော်နေထိုင်သည့်အပြင် အခိုင်အမာ အုတ်တံတိုင်းခတ်ခြင်းများ၊ တိုက်အိမ်ဆောက်ခြင်းများရှိလာသည့်အတွက် နောင်တွင် လမ်းချဲ့လိုသည့်အခါ ပြည်သူနှင့် တိုက်ရိုက်ပြဿနာဖြစ်လာမည်ဖြစ်ကြောင်း ဆွေးနွေးပြီး **“နိုင်ငံတစ်ဝန်းလုံးရှိ လမ်းများအား ဦးစားပေးအဆင့်များ သတ်မှတ်ကာ လမ်းသားများ၊ လမ်းဧရိယာများကို လုံလောက်စွာ ဖောက်လုပ်ရယူသတ်မှတ်ထားရန် အစီအစဉ်ရှိ၊ မရှိ”** မေးမြန်းခဲ့သည်။

ပေါက်မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်။

အဆိုပါ မေးခွန်းအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သည့် လမ်းများအား လမ်းအင်္ဂါရပ်များ၊ နည်းပညာဆိုင်ရာ စံညွှန်းသတ်မှတ်ချက်များနှင့် ဆောင်ရွက်ရမည့် လမ်းနယ်၊ လမ်းသား၊ အမာခံလမ်းပုခုံး၊ လမ်းဘေးရေမြောင်း၊ ကန့်လန့်ဖြတ်ရေမြောင်း၊ အကာအကွယ်တိုင်နှင့် လမ်းသတိပေးဆိုင်းဘုတ်များကို လမ်းနယ်နိမိတ်အတွင်း သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြို့တွင်း ရွာတွင်းအပိုင်းများတွင် မတည်ဆောက်မီက ဆောက်လုပ်ထားသည့် အဆောက်အအုံများကို ဖယ်ရှားမည်မဟုတ်ဘဲ လက်ရှိတည်ရှိနေသည့်အတိုင်း ထားရှိမည်ဖြစ်ပြီး သတ်မှတ်ထားသည့် လမ်းနယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်လာသည့် အိမ်ရာအဆောက်အအုံများကို လမ်းမကြီးများ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့ပြင် သင်္ဃန်းကျွန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏ မေးခွန်းအပေါ် “ရန်ကုန်မြို့တော်မြေအသုံးချမှု၊ ဇုန်ခွဲခြားသတ်မှတ်မှုနှင့် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အဆိုပြုပုံစံများ စိစစ်အကြံပြုခြင်းလုပ်ငန်းကော်မတီအနေဖြင့် ၂၀၁၃ ခုနှစ် ဇွန်လ ၁၉ ရက်၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နှင့် ၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်တို့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ပြီး စိမ်းလန်းမြေဧရိယာသတ်မှတ်ခြင်း၊ မိသားစုလုံးချင်း အဆောက်အအုံဆောက်လုပ်မည့် ဧရိယာသတ်မှတ်ခြင်း၊ ရေရှည်တွင် စနစ်တကျ ထိန်းချုပ်နိုင်မည့် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲနိုင်ရေးအတွက် မြို့နယ်အလိုက် မြေအသုံးချခွင့်နှင့် ပတ်သက်သည့် Floor Area Ratio(FAR), Building Coverage Ratio(BCR) အမြင့်ကန့်သတ်ဇုန်များကို သတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အရည်အသွေးမမီသော ဆောက်လုပ်မှုများ စစ်ဆေးတွေ့ရှိပါက လုပ်ငန်းရပ်ဆိုင်းစေပြီး ဖြိုဖျက်၍ ပြင်ဆင်စေခြင်း၊ အားဖြည့်စေခြင်းများအား လိုအပ်သလို ဆောင်ရွက်စေလျက်ရှိပါကြောင်းနှင့် ရန်ကုန်မြို့တော် မြေအသုံးချမှု၊ ဇုန်ခွဲခြားသတ်မှတ်မှုနှင့် အဆောက်အအုံ အမြင့်ကန့်သတ်သည့် အစီအမံများအား အတည်ပြုပြဋ္ဌာန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ပြန်လည်ဖြေကြားသည်။

သင်္ဃန်းကျွန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်က **“မြေလွတ်မကျန်သည့် ဆောက်လုပ်ရေးစီမံကိန်းများ၊ အရည်အသွေးမမီသော ဆောက်လုပ်မှုများ လတ်တလောဆိုင်းငံ့ထားရန်၊ ရေရှည်တည်တံ့သော မြို့ပြစီမံခန့်ခွဲမှုအတွက် ပညာရှင်များပါဝင်သည့် ကောင်စီတစ်ရပ်ဖွဲ့စည်းဆောင်ရွက်ရန်နှင့် မြေအသုံးချမှုအဆောက်အအုံအမြင့်ကန့်သတ်သည့် ဇုန်ခွဲများမှ အစီအမံများ အတည်ပြုပြဋ္ဌာန်းရန် အစီအစဉ်ရှိ၊ မရှိ”** မေးမြန်းခဲ့ခြင်းဖြစ်သည်။

ထို့သို့ မေးခွန်းများကို မေးမြန်းဖြေကြားကြပြီးနောက် သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန်က အဆိုတစ်ရပ်တင်သွင်းကာ “နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များ ပြုန်းတီး၍ အနာဂတ်လူသားများ စားသုံးနိုင်ရေး ခက်ခဲမှု၊ နိုင်ငံတော်က နိုင်ငံခြားဝင်ငွေရရှိမှုများ နည်းလာပြီး တိုင်းရင်းသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များ စဉ်ဆက်မပြတ် ရေရှည်ငါးဖမ်းမှုလုပ်ငန်းများ ပျက်ပြားသည်အထိ အဖြစ်များလာနိုင်ပါကြောင်း”ဖြင့် ထည့်သွင်းဆွေးနွေးခဲ့သည်။

ထို့နောက် အဆိုရှင်က **“ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာ့ရေပိုင်နက်အတွင်း တိုင်းရင်းသားငါးဖမ်းလုပ်ငန်းရှင်များအား ငါးဖမ်းကွက်များ သတ်မှတ်၍ ရခိုင်၊ ဧရာဝတီ၊ မွန်၊ တနင်္သာရီ ငါးဖမ်းကွက်(၄)ကွက်တွင် ကမ်းဝေးငါးဖမ်းယာဉ်များကို စက်တင်ဘာ(၁)ရက်မှ မေ(၃၁)ရက်အထိ ငါးဖမ်းရာသီအဖြစ် (၉)လ ဖမ်းဆီးခွင့်ပြုထားပြီး ဇွန်(၁)ရက်မှ ဩဂုတ်(၃၁) ရက်အထိ ငါးမဖမ်းရရာသီအဖြစ် စဉ်ဆက်မပြတ် သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း”** ဖြင့် အဆိုကို တင်သွင်းခဲ့ပြီး လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၆) ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်း (၃)ခု၊ အဆိုတစ်ရပ်နှင့် ဥပဒေကြမ်း(၂)ခု လက်ခံရရှိကြောင်းနှင့် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံကလေးများနေ့အကြို ကဗျာ/ပန်းချီပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မူကြိုကျောင်းများမှ ရင်သွေးငယ်လေးများ၏ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့ကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲအသီးသီးအတွက် အမှတ်ပေးရွေးချယ်ခြင်းဆိုင်ရာလုပ်ငန်းများကို အလုံမြို့နယ် စာရေးဆရာအသင်း၊ မြို့နယ်အတွင်းရှိ ပန်းချီနှင့် ကာတွန်းပညာရှင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ရွေးချယ်ဆောင်ရွက်ပေးသွားကြမည်ဖြစ်ပြီး ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကလေးငယ်များကို ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်အောင်ဆန်းနှစ် (၁၀၀)ပြည့် မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့၌ အလုံမြို့နယ်အခြေခံပညာအထက်တန်းကျောင်း အမှတ်(၄)တွင် ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ရွှေတိုင်လွင်)

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်မှ တောင်သူလယ်သမားကိုယ်စားပြုအဖွဲ့ဝင် ၂၆ ဦးနှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ကြီးကြပ်သူ ဆရာ ဆရာမများနှင့် စာကြည့်တိုက်နှင့် သုတပညာအထူးပြု ကျောင်းသား ကျောင်းသူများ ၇၅ ဦး စုစုပေါင်း ၁၀၁ ဦးတို့သည် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပပုံနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ ဂုဏ်ပြုဆောင်းပါး

စာရိတ္တစွမ်းအား

ချစ်နိုင် (စိတ်ပညာ)

"သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ"
ဗုဒ္ဓ(ဘီစီ ၅၆၃-ဘီစီ ၄၈၃)

ကိုယ်ကျင့်သီလစာရိတ္တ ဖြူစင်သူ၏ လိုအင်ဆန္ဒဟူသမျှသည် တောင့်တသည့်အတိုင်း ပြည့်စုံပြည့်ဝတတ်ပေ၏. . တဲ့။

စာရိတ္တကောင်းသူ

အွန်ဒရေမော်ရွိုင်း (၁၈၈၅-၁၉၆၇) အမည်ရှိ ပြင်သစ်စာရေးဆရာကြီးက **"စွမ်းဆောင်မှုတစ်ခုကို ရယူချင်လျှင် အမူအကျင့် အလေ့အထကောင်း(သီလ)ကို လေ့ကျင့်ပျိုးထောင်ပါ။ အကျင့်ရလာလျှင်သင်သည် စာရိတ္တကောင်းသူတစ်ယောက်ဖြစ်လာလိမ့်မည်။ ဤသို့ စာရိတ္တကောင်းမွန်လျှင် သင်လိုချင်သောပန်းတိုင်သို့ ရောက်နိုင်ပေပြီ"**ဟု ရေးသားခဲ့ဖူးလေသည်။

သီလဖြူစင်လျှင် လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စမြဲပင်ဖြစ်သည်ဟု မြန်မာတို့အစဉ်အလာဆုံးမစကားကို မှတ်သားခဲ့ဖူးပါသည်။

ရန်ကုန်ချောင်းအထက်တန်းကျောင်းမှ ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးနှစ်ဘာသာဖြင့် နှစ်ချင်းပေါက်အောင်မြင်ခဲ့သော မောင်အောင်ဆန်းသည် ဗုဒ္ဓဘာသာနှင့် ပါဠိစာပေကို အလေးအနက်မှတ်သားနာယူတတ်သူ ဖြစ်ခဲ့ပေသည်။ ထို့ကြောင့်တက္ကသိုလ်ကျောင်းသားဘဝတွင် လက်ဝဲစာပေများကို သေချာစွာ ကျေညက်အောင်လေ့လာခဲ့သူဖြစ်ပါလျက်၊ သခင်အောင်ဆန်းဘဝ၌ ကွန်မြူနစ်ပါတီကို မြန်မာပြည်တွင် အဦးဆုံး စတင်ဖွဲ့စည်းတည်ထောင်ခဲ့သူတစ်ဦးဖြစ်ပါလျက် နောင်အခါ ကွန်မြူနစ်ဝါဒအစွန်းတစ်ဖက်ဆီသို့ မရောက်ဘဲ မြန်မာပြည်သူ၊ မြန်မာ့ရေမြေနှင့် တစ်ဆက်တည်း၊ တစ်သားတည်းကိုက်ညီဆီလျော်သော အတွေးအခေါ်ဖြင့်သာ လွတ်လပ်သော နိုင်ငံတော်ကို မျှော်မှန်းအုတ်မြစ်ချခဲ့ပေသည်။ နိုင်ငံရေးသုခမိန်တစ်ဦးပါပေ။

ကိုယ်ကျင့်တရား

ဗိုလ်ချုပ်အောင်ဆန်းကို ပြည်သူကယုံကြည်၏။ အားကိုး၏။ အဘယ်ကြောင့်ပါနည်း။

ကိုယ်ကျင့်တရား ဖြူစင်ဖြောင့်မတ်ခြင်းကြောင့် အဓိကဖြစ်၏။ ဉာဏ်ပညာ အမြော်အမြင်ကြီးခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ သတ္တိရှိခြင်း၊ ရဲရင့်ခြင်း၊ ခွင့်လွှတ်အနစ်နာခံတတ်ခြင်း၊ ရဲဘော်ရဲဘက်စိတ်ပြည့်ဝခြင်းစသည့် အရာရာတို့တွင်လည်း သာမန်လူတို့ထက် ထူးကဲထူးချွန်သူဖြစ်သော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရည်ကိုယ်သွေး အင်္ဂါရပ်များကောင်းမွန်ခြင်း အားလုံးတို့သည် သူ၏ "စာရိတ္တ"ကောင်းခြင်း အုတ်မြစ်ပေါ်တွင် ခိုင်မာစွာတည်ဆောက်ထားခြင်းက အခြေခံအကျဆုံးဖြစ်၏။ စာရိတ္တက ခိုင်မာလှ၏။ ကာနယ်ဆူဇူကီး၊ ဗိုလ်ချုပ်ဆာဝီလျံဆလင်း၊ ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်စသည်တို့က သူ၏ စာရိတ္တတရားကို လေးစားယုံကြည်ကြ၏။

ကြီးမြတ်သော ပုဂ္ဂိုလ်များကို လူတွေက ကြည်ညိုအားကျကြ၏။မှန်ပါ၏။

ချမ်းသာကြွယ်ဝသူများကို မနာလိုမရှုဆိတ်ဖြစ်တတ်ကြ၏။ မုဒိတာထားနိုင်သူက နည်းပါး၏။ အာဏာရှိသူ၊ အာဏာပြသူများကို လူတွေကကြောက်ရွံ့တတ်ကြ၏။ စကားပင် ကျယ်ကျယ်မပြောဝံ့။

ကိုယ်ကျင့်တရားကောင်းသူများကိုမူ လူတွေက ယုံကြည်အားကိုးကြပေသည်။ ကြည်ညိုလေးမြတ်မဆုံးပါ။

"စာရိတ္တဟူသော အရာသည် သန့်ရှင်းလျှင် သန့်ရှင်းသလောက် တောက်ပြောင်ဝင်းပစမြဲဖြစ်သည်"ဟု ဗြိတိသျှနိုင်ငံရေးသမား တစ်ဦးဖြစ်သူ လော့(ဒ်)ချက်စတာဖီး(လ်) (၁၆၉၄-၁၇၇၃)က ရေးသားခဲ့ဖူး၏။ အလွန်မှန်၏။ မှတ်သားလောက်သည့် စကားဖြစ်၏။

အနှစ် ၁၀၀ ပြည့်ပါပြီ

၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက် စနေနေ့တွင် နတ်မောက်မြို့၌ အဘ ရွှေနေ ဦးဖာ၊ အမိ ဒေါ်စုတို့က မွေးဖွားခဲ့သော တပ်မတော်၏ဖခင်

ကိုယ်ကျင့်တရား ဖြူစင်ဖြောင့်မတ်ခြင်းကြောင့် အဓိကဖြစ်၏။ ဉာဏ်ပညာ အမြော်အမြင်ကြီးခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ သတ္တိရှိခြင်း၊ ရဲရင့်ခြင်း၊ ခွင့်လွှတ်အနစ်နာခံတတ်ခြင်း၊ ရဲဘော်ရဲဘက်စိတ်ပြည့်ဝခြင်း စသည့် အရာရာတို့တွင်လည်း သာမန်လူတို့ထက် ထူးကဲထူးချွန်သူဖြစ်သော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရည်ကိုယ်သွေးအင်္ဂါရပ်များ ကောင်းမွန်ခြင်းအားလုံးတို့သည် သူ၏ "စာရိတ္တ" ကောင်းခြင်း အုတ်မြစ်ပေါ်တွင် ခိုင်မာစွာ တည်ဆောက်ထားခြင်းက အခြေခံအကျဆုံးဖြစ်၏။ စာရိတ္တက ခိုင်မာလှ၏။

ဗိုလ်ချုပ်အောင်ဆန်းသည် တစ်မျိုးသားလုံးကို ကိုယ်စားပြုသည့် အမျိုးသားခေါင်းဆောင်ကြီးဖြစ်ပါသည်။ မြန်မာတစ်မျိုးသားလုံးက အမျိုးသားခေါင်းဆောင်ဆိုသည့် ဂုဏ်ထူးဝိသေသဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်မှာ (၆၈)နှစ်ရှိပါပြီ။

အသက် (၃၃) နှစ် မပြည့်မီအရွယ်တွင် အင်္ဂလိပ်စစ်တပ်က ခိုးထုတ်ပေးသော လက်နက်ခဲယမ်းများဖြင့် ဦးစော၊ မောင်စိုး၊ စိန်ကြီး၊ မှုံကြီး၊ ရန်ကြီးအောင်၊ မောင်နီ၊ ခင်မောင်ရင်၊ သုခ၊ သက်နှင်း၊ ဘညွန့်တို့က လုပ်ကြံသတ်ဖြတ်သဖြင့် ဗိုလ်ချုပ်ခန္ဓာကိုယ်မှာ သေနတ်ကျည်ဆန် ၁၃ ချက်ထိမှန်ကာ ကျဆုံးခဲ့ပါသည်။ အင်္ဂလိပ်စစ်ဗိုလ် ကပ္ပတိန် ဗီဗီယန်နှင့် မေဂျာယန်းတို့က လက်နက် ၄၀၀ ကို ခိုးထုတ်ထောက်ပံ့ပေးခဲ့ခြင်းဖြစ်၏။

၁၉၁၅ ခုနှစ်တွင် မွေးဖွားခဲ့သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် အကယ်၍သာ အသက်ရှည်မည်ဆိုလျှင် ယခုနှစ်မှာအသက် (၁၀၀) ပြည့်ပါပြီ။

စွန့်လွှတ်ရဲသူ

"ဤကမ္ဘာ၌ ပြည်သူတို့၏ လွတ်မြောက်ရေး၊ ငြိမ်းချမ်းရေးနှင့် တိုးတက်ရေးတို့အတွက် တိုက်ပွဲဝင်ရင်း အသက်ကို စွန့်လှူရခြင်းထက် ပို၍မွန်မြတ်သောအလုပ်နှင့် ကြီးမြတ်သောဂုဏ်သည် မရှိပြီ"ဟု ဗိုလ်ချုပ်ကရေးခဲ့၏။ သူရေးသည့်၊ ပြောသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်ဆောင်သူဖြစ်၏။

ဗိုလ်ချုပ်က ရောင့်ရဲတင်းတိမ်နိုင်သူဖြစ်၏။

အနဝဇ္ဇနိ၊ ကမ္မာနိ၊ စိတ်အပြစ်ကင်းစင်ခြင်း၊ သန့်ရှင်းကြည်လင်ခြင်းဖြင့် ပြည့်စုံသူဖြစ်၏။

စိတ်ချမ်းသာခြင်း အကြောင်းအရင်းတရားတွင် ဤအချက်သည် အရေးပါ၏။ ဓမ္မပဒကျမ်းလာ မြတ်စွာဘုရား၏ အဆုံးအမတရားသုံးချက်သည် လိုက်နာနိုင်လျှင် လိုက်နာနိုင်သလောက် စိတ်အေးချမ်းမှုကို ရနိုင်ပါ၏။

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တ ပရိယောဒါပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

မကောင်းမှုဟူသမျှ ရှောင်ကြဉ်ခြင်း၊ ကောင်းမှုအမျိုးမျိုးကို ပြည့်စုံစေခြင်း၊ မိမိစိတ်ကို ဖြူစင်အောင်ထားခြင်းသည် ဘုရားရှင်အဆက်ဆက်တို့၏ အဆုံးအမပေတည်း။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ပုထုဇဉ်ပင်ဖြစ်ပါသော်လည်း ငယ်စဉ်ဘဝမှ ကွယ်လွန်ချိန် အသက် (၃၂)နှစ်ကျော်အထိ သူတော်စင်ရဟန်းတစ်ပါးကဲ့သို့ စိတ်ထားဖြူစင်ဖြောင့်မတ်သူဖြစ်၏။

စံနမူနာယူပါ

ဗိုလ်ချုပ်မှာ အများနည်းတူ စိုးရိမ်ခြင်း၊ ဝမ်းနည်းခြင်းနှင့် စိတ်ဆန္ဒမပြည့်ဝခြင်းတို့ ရံဖန်ရံခါရှိတတ်ပါသော်လည်း အများအားဖြင့် စိတ်ဆင်းရဲခြင်းကင်းစင်၏။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ချုပ်က စိတ်ဆင်းရဲရခြင်း၏ အကြောင်းအရင်း တရားနှစ်ပါးဖြစ်သော ဣဿာ- ကိုယ့်ထက်သာလျှင် မနာလိုခြင်း၊ ဝန်တိုခြင်းမျိုး၊ မစ္ဆရိယ- ဝန်တိုစေးနှဲခြင်း၊ ကိုယ့်ရှိတာကို မဝေမျှလို နှမြောတွန့်တိုခြင်းမျိုးမရှိ။ ပုဆိုးအင်္ကျီနှစ်စုံ၊ သုံးစုံသာရှိ၏။

အလိုလောဘမရှိ။ ကိုယ့်အကျိုးအတွက် မစဉ်းစား၊ နိုင်ငံလွတ်လပ်ရေးရလျှင် နိုင်ငံရေးလည်းမလုပ်တော့၊ သူက အာဏာလည်းမမက်၊ ဘယ်ပါတီမှလည်းမပါတော့။ အာဏာရှင်လည်း မလုပ်ချင်၊ သမ္မတလည်း မလုပ်ချင်၊ ဝန်ကြီးလည်း မလုပ်ချင်၊ အလွန်ပင် ရှင်းလင်းပြတ်သား၏။ အသက်သုံးဆယ်ကျော်အရွယ်၊ ပြိုင်ဘက်မရှိအောင် ပြည်သူလူထု၏ ကြည်ညိုထောက်ခံမှုကို ရနေချိန်မှာ သူ၏ တိကျသောသဘောထား။

ရှေ့ဆောင်လမ်းပြသူ

ဒါနဟူသော ပေးလှူခြင်းသည် ကောင်းမှုကုသိုလ်ဖြစ်၏။ ပြည်သူပြည်သားအားလုံး၏ အကျိုးအတွက် မိမိ၏အသက်ကို စွန့်လှူခြင်းဟူသော မြင့်မြတ်သည့် စာဂ၊ ရည်ရွယ်ချက်စိတ်မှာရှိထားပြီးသော ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်သူတို့အတွက် ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်ကြီးပင် မဟုတ်ပါလား။ မြင့်မားလှပါတကား။

ယူဆောင်လိုသမျှကတော့ ပူလောင်ကြရမည်သာချည်း။ နေရာ၊ ရာထူး၊ တာဝန်၊ အခွင့်အရေး၊ အာဏာ၊ ဘာပဲလိုချင်လိုချင် ယူချင်သမျှကား တစ်နေ့နေ့တွင် ယူငင်၍ရတတ်ပါ၏။ ယူလေ ရလေ၊ ရလေလိုလေ၊ ယူလေလေ များလေလေ၊ လောဘသားကောင်အဖို့ များလေလေ၊ လေးလံလေလေ လေးလွန်းတော့လည်း အိပြီးနိမ့်ကျသွားရရှာပေ၏။ နိယာမပင်။ အဆင့်နိမ့်ပေမှာပဲ။

ပေးလေ ပေးလေ၊ ဘာမှမရှိတော့လေ။ ဝေမျှသူကဘာကိုမျှ မသိမ်းပိုက်၊ မတပ်မက်တော့ ဘာမျှမရှိသဖြင့် ပေးလေပေါ့လေ။ ပေါ့လေလေ ပေါ့ပါး မြင့်မားအထက်သို့လွင့်ပျံတက်သွား။ ဒါနနှင့် စာဂ၏ တန်ခိုးစွမ်းအား၊ မိုးတိမ်ယံထက် မြင့်မား။

"ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်၊ ငါ၏အသက်ကို စွန့်လွှတ်ရန် အမိဋ္ဌာန်ပြုပါ၏"ဟု နေ့စဉ် ရွတ်ဆိုကျင့်သုံးနေကြသော ပြည်သူ့သားကောင်းများ၏ မေတ္တာစေတနာစွမ်းအားသည် မုချအမှန်ထိရောက်ပါလိမ့်မည်။ တပ်မတော်၏ ဖခင်ဗိုလ်ချုပ်အောင်ဆန်း၏ ရင်နှစ်သည်းချာများမဟုတ်ပါလား။

နီးလျက်နဲ့ ဝေးသူ

"ရဟန်းတစ်ပါးကမေးသဖြင့် မြတ်စွာဘုရားက ဤသို့သဘောရှိသောအဖြေစကားကို ဟောကြားဖူးပါ၏။ ငါဘုရား၏ သင်္ကန်းအစွန်းကို ကိုင်ထားလျက် ငါ၏အနီးအနားမှာပင်ရှိသော ရဟန်းပင်ဖြစ်စေကာမူ ငါဟောကြားသော တရားအတိုင်း မကျင့်ကြံ၊ မလိုက်နာဘဲနေသူဆိုလျှင် ယူဇနာများစွာ ဝေးနေသူဟုပင် ဆိုရမည်။ ယူဇနာများစွာဝေးကွာသော ဒေသအရပ်မှာ ရှိနေသော ရဟန်းသည် ငါဘုရားဟောကြားခဲ့သည့် တရားအတိုင်း လိုက်နာကျင့်သုံးနေထိုင်သူဆိုပါက ငါ၏အနီးဆုံးနေရာ၌ တည်ရှိနေသူဟုပင် ဆိုနိုင်သည်"တဲ့။ စဉ်းစားကြပါကုန်။

ဗိုလ်ချုပ်၏ဓာတ်ပုံကိုပုံကြီးချဲ့၍ အိမ်ပေါက်ဝမှာ ဆိုင်းဘုတ်နှင့်အတူ တင်ထားပါသော်လည်း အမျိုးသားခေါင်းဆောင်၊ နိုင်ငံရေးသုခမိန် ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်သူအချင်းချင်း တစ်စိတ်တစ်ဝမ်းချစ်ကြည်ရေးကို ဥပေက္ခာပြုကာ အမုန်းစကား (Hate Speech) ရန်ငြိုးဖွဲ့အပြစ်ရှာစကားများသာ တွင်တွင်ပြောဟောနေလျှင် ဖခင်ဗိုလ်ချုပ်နှင့် (စိတ်ချင်း)ဝေးနေသူဟုသာ ဆိုရပါလိမ့်မည်။ နိုင်ငံတော်ကို အသက်ပေး၍ ကာကွယ်နေသော တပ်မတော်အား တိုင်းတစ်ပါးအလိုကျ ပုတ်ခတ်ချိုးနှိမ်ရှုတ်ချချင်နေသော လူစားမျိုးသည်လည်း ဖခင်ဗိုလ်ချုပ်နှင့် (သဘောထားချင်း) ကမ္ဘာခြားအောင် ဝေးကွာလှပါ၏။ ဗိုလ်ချုပ်နှင့် တစ်ယောက်တစ်ကမ္ဘာစီ။

မလှည့်စားပါနှင့်

ဗိုလ်ချုပ်၏ရိုးသားမှု၊ ကြိုးစားမှု၊ အနစ်နာခံမှု၊ သစ္စာရှိမှု စသည့် လုပ်ရပ်များကို အတုမယူဘဲနာမည်ချည်းသက်သက်ကို အသုံးချလျှင်၊ ဟန်ဆောင်မျှဓာတ်ပုံများကို ချိတ်ဆွဲထားလျှင် ပြည်သူများကိုလိမ်ညာလှည့်စားရာရောက်ပါလိမ့်မည်။ ဗိုလ်ချုပ်ရေးသောစာ၊ ဗိုလ်ချုပ်ကျင့်သုံးခဲ့သော လမ်းစဉ်၊ ဗိုလ်ချုပ်ဖြစ်စေချင်သော ပန်းတိုင်၊ မူဝါဒမျိုးကို ကျွန်ုပ်တို့က သက်ဝင်ယုံကြည်စွာလိုက်နာကြရပါမည်။ သို့မှသာ ကျေးဇူးသိတတ်ရာ ရောက်ပါလိမ့်မည်။

ဗိုလ်ချုပ်ကို ကျေးဇူးဆပ်ရာရောက်ပါလိမ့်မည်။ စိတ်နေစိတ်ထား အနှစ်သာရ တရားသာအရေးကြီးပါ၏။ ဗိုလ်ချုပ်က ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို မလိုလားပါ။ ဒီမိုကရေစီစနစ်ကို ဖြစ်ထွန်းစေလိုပါသည်။ ပါတီများအတွင်းမှာရော ပြည်သူအတွင်းမှာပါ ဒီမိုကရေစီထွန်းကားပြန့်ပွားစေလိုခဲ့ပါသည်။

ဥပမာတစ်ခုဆိုကြပါစို့ -

လွတ်လပ်သောရွေးကောက်ပွဲစနစ်ဖြင့် ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ဖွဲ့စည်းထားသော အစိုးရဖြစ်ရမည်။ (အချို့က လွှတ်တော်ပြင်ပနိုင်ငံရေးဆိုပြီး မိမိဘာသာဆိုင်းဘုတ်တပ်ကာ နေရာယူအာဏာလုချင်သည်) အများစုပြည်သူပြည်သားများ၏ အုပ်ချုပ်မှုဖြစ်ရမည်။ (လူနည်းစု သို့မဟုတ် တစ်ဦးတစ်ဖွဲ့က ဆန့်ကျင်ကပ်ဖဲ့လုပ်ပြီး ဖျက်ဆီးနှောင့်ယှက်နေသည်)။ ကြောက်ရွံ့စရာ၊ စိုးရိမ်စရာမလိုဘဲ ညီမျှခြင်း လွတ်လပ်ခြင်းရှိကြရမည်။ (ဆန္ဒပြ သပိတ်မှောက်အော်ဟစ်တဲ့အထဲမပါလျှင် အဆဲအဆိုရှုတ်ချခံရ၊ အနိုင်ကျင့်ဗိုလ်ကျချင်တတ်၏)။

အခြေခံလူ့အခွင့်အရေးများရှိရမည်။ (တစ်ဦးချင်းတာဝန်သိမှု၊ တာဝန်ယူမှုလည်းရှိကြရမည်။ ဘာမှမသိဘူး၊ ဘာမှမလုပ်နိုင်ဘူးဟု တာဝန်မဲ့တာဝန်ရှောင်လွှဲနေသမျှ လူ့အခွင့်အရေးများကလည်း ရနိုင်ပါမည်လား)

လူတစ်ဦးချင်းကိုလည်း လေးစားမှုရှိရမည်။ (လူတစ်ဦးချင်းကို မဆိုထားဘိ နိုင်ငံတော်ကိုကိုယ်စားပြုသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကိုပင် လေးစားရကောင်းမှန်းမသိ၊ မထီမဲ့မြင်ပြုချင်၏) ဆင်ခြင်ရပါမည်။

နိဂုံး

မသိနားမလည်လို့ပါဟု ဆင်ခြေပေးလျှင် ဥပဒေနှင့် ပြစ်မှုကခွင့်ပြုလိမ့်မည်မဟုတ်ပါ။ ဗိုလ်ချုပ်ကိုအမှန်တကယ်သာ ကျေးဇူးသိတတ်ကြလျှင် စည်းကမ်းရှိကြရပါမည်။ ချစ်ခင်စည်းလုံးကြရပါမည်။ နိုင်ငံသားချင်း၊ လူမျိုးချင်း၊ ပါတီချင်း၊ အမျိုးသားအကျိုးစီးပွားအတွက် ညီညွတ်ကြရပါမည်။ ကိုယ်ကျိုးမရှာဘဲ ရိုးသားဖြောင့်မတ်ကြရပါမည်။ ။

အမျိုးသားလွှတ်တော်အစည်းအဝေး

နိုင်ငံတော်ဘဏ္ဍာငွေကို ပိုမိုသုံးစွဲခြင်းမရှိစေရန် စီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံ၏ မြို့တော်ကို နေပြည်တော်ဟု သတ်မှတ်ပြီးနောက်တွင် တည်ဆောက်ရေးလုပ်ငန်းများသည် ဆယ်စုနှစ်တစ်ခုကျော် ကြာပြီဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း အခြားမြို့ကြီးများထက် အဆပေါင်းများစွာ ဘဏ္ဍာငွေကြေးများ သုံးစွဲဆောင်ရွက်ခဲ့ကြောင်းဖြင့်ပြောကြားပြီး **နေပြည်တော်တွင် လက်တွေ့ကျသည့် မြို့ပြစီမံကိန်း (Town Plan)တစ်ခုချမှတ်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ကန့်သတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄) မှ ဒေါက်တာမြတ်ဉာဏစိုးက မေးမြန်းခဲ့သည်။

နေပြည်တော်သည် အုပ်ချုပ်ရေးဆိုင်ရာမြို့တော်တစ်ခုအနေဖြင့် လမ်း၊ တံတား အခြေခံအဆောက်အအုံများ ပြည့်စုံလုံလောက်မှု ထိုက်သင့်သလောက်ရှိနေပြီဖြစ်သည်။ သို့သော်လည်း မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။

အုပ်ချုပ်ရေးမြို့တော် နေပြည်တော်တွင် မှီတင်းနေထိုင်သည့် လူဦးရေ၊ စီးပွားရေးအလားအလာ၊ ကုန်ထုတ်စွမ်းအားနှင့် ယင်းအတွက် လူသားအရင်းအမြစ်နှင့် ကုန်ကြမ်းအရင်းအမြစ်အနေအထား၊ ခရီးသွားဝင်ရောက်မှုများကို ထည့်သွင်းတွက်ချက်ထားသည့် (Town Plan)တစ်ခု ရှိ၊ မရှိအပါအဝင်မေးခွန်း (၃)ခုကို ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့တွင် မေးမြန်းခဲ့ခြင်းဖြစ်သည်။

နေပြည်တော်ကောင်စီဝင် ဦးကံချွန်က နေပြည်တော်အား Town Plan ရေးဆွဲစဉ်ကပင် နိုင်ငံတကာအဆင့်မီ သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်းစိုပြည်သော Green City အဖြစ် ဖော်ဆောင်ရန် ဇုန်အလိုက် ခွဲခြားဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် မြို့ပြတည်ဆောက်ရေးလုပ်ငန်းများအား Town Plan အတိုင်း လိုအပ်သည်များကို ဆက်လက်အကောင်အထည်ဖော်ခြင်း၊ ဆောင်ရွက်ပြီး အခြေခံအဆောက်အအုံများအား ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းခြင်း၊ မြို့ပြနေပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဘဏ္ဍာငွေအား ပိုမိုသုံးစွဲရခြင်းမရှိစေရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇) ရက် မြောက်နေ့ကို လာမည့် ၁၆ ရက်(တနင်္လာနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)



နေပြည်တော်ကောင်စီဝင် ဦးကံချွန်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး

၂၀၁၅ ရွေးကောက်ပွဲတွင် ပွင့်လင်းမြင်သာသော ကြိုတင်မဲပေးစနစ် ကျင့်သုံးရန် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများတွင် ပြည့်ပြည့်စုံစုံထည့်သွင်းပြဋ္ဌာန်းထား

နေပြည်တော် ဖေဖော်ဝါရီ ၁၀

လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် ပွင့်လင်းမြင်သာသော ကြိုတင်မဲပေးစနစ်ကျင့်သုံးရန် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများတွင် ပြည့်ပြည့်စုံစုံထည့်သွင်းပြဋ္ဌာန်းထားကြောင်း၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများသို့လည်း ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများပို့ချသည့်အခါ ကြိုတင်မဲစနစ်ကို ထည့်သွင်းပညာပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကိုယ်စား အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့တွင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း၏ **၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့၏ ဆောင်ရွက်မည့်နည်းစနစ်၊ ကြိုတင်ပြင်ဆင်ထားမှု အခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုကြောင်း မေးမြန်းခဲ့သည့်မေးခွန်း**တွင် ထည့်သွင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်စား အဖွဲ့ဝင်တစ်ဦးက သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၃ နှင့် နည်းဥပဒေ ၃၉(ဆ)၌ "ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများမှအပ ဆန္ဒမဲပေးမည့်သူများသည် မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးရမည်၊ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲ မပေးရ"ဟု ပြဋ္ဌာန်းထားသဖြင့် ကြိုတင်မဲပေးရာတွင် မဲစာအိတ်ကို ယုံကြည်သူ မိသားစုဝင်တစ်ဦးဦးက မဲပေးသည့်နေ့တွင် တာဝန်ရှိသူအဖွဲ့အစည်း၊ ရုံးသို့ ကိုယ်စားပေးအပ်ခွင့်ပြုရန် အစီအစဉ်မရှိပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီသာ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

သန့်ရှင်းမှန်ကန်၍ စည်းကမ်းပြည့်ဝသော ကြိုတင်မဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာလွှတ်တော်၊ နည်းဥပဒေ ၅၅ တွင် "သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် ပြည်တွင်း၌ ရှိနေသူများသည် လည်းကောင်း၊ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ ရောက်ရှိနေသူများသည် လည်းကောင်း၊ ရွေးကောက်ပွဲတွင် မိမိတို့၏ ဆန္ဒမဲပေးပိုင်ခွင့်ကို အပြည့်အဝ ကျင့်သုံးနိုင်စေရန် ကော်မရှင်နှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးရမည်"ဟု ပြဋ္ဌာန်းထားသည့်အပြင် နည်းဥပဒေ ၅၆ မှ ၆၄ အထိတွင်လည်း မဲဆန္ဒရှင်များ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ကော်မရှင်အဖွဲ့ဝင်များ၊ ကြိုတင်မဲပေးခြင်းနှင့်ပတ်သက်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်နာဆောင်ရွက်ရန်ရှိသည်များကို ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းပေးထားပြီးဖြစ်သည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း

ထို့အတူ နည်းဥပဒေ ၅၁(က)တွင် "ရွေးကောက်ပွဲကျင်းပသောနေ့ရက်၌ မိမိနှင့် သက်ဆိုင်သည့် မဲဆန္ဒနယ်၏ ပြင်ပသို့ ခရီးသွားလာရန်ရှိသူတစ်ဦးသည် ကြိုတင်မဲလက်မှတ်ဖြင့် သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံ ကြိုတင်၍ ဆန္ဒမဲပေးနိုင်သည်။ ယင်းသို့ မဲဆန္ဒနယ်၏ ပြင်ပသို့ ခရီးဝေးသွားရန်ရှိကြောင်း ခိုင်လုံသော အထောက်အထားတင်ပြရမည်" ဟု ပြဋ္ဌာန်းထားသည်။

ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်၌ မဲဆန္ဒနယ်အတွင်းတွင် ရှိသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲမပေးနိုင်သောအသက်အရွယ်ကြီးရင့်သူ၊ အနာကြီးရောဂါ စွဲကပ်နေသူ၊ နေအိမ်တွင် ရောဂါပြင်းထန်စွာခံစားနေရသူ၊ နေအိမ်တွင် မီးဖွားနေသူ၊ မသန်စွမ်းသူ၊ အချုပ်ခံနေရသူ၊ ဆေးရုံသို့တက်ရောက်နေရသော အတွင်းလူနာများအတွက်လည်း ကြိုတင်ဆန္ဒမဲပေးနိုင်သည့် နည်းလမ်းများကို နည်းဥပဒေ ၅၁(ခ)တွင် ဖော်ပြထားပြီး ထိုသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ရွေးကောက်ပွဲ ကျင်းပသည့်နေ့၌ မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်၍ သွားရောက် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သား(သို့မဟုတ်) ရဲတပ်ဖွဲ့ဝင်များက ကြိုတင်ဆန္ဒမဲပေးလိုပါက ဆန္ဒမဲပေးနိုင်ရန် နည်းဥပဒေ ၅၁(ဂ)မှ (ဆ)အထိ ပြဋ္ဌာန်းထားသည်။

ယင်းနည်းဥပဒေတွင် ကြိုတင်မဲပေးမည့်သူစာရင်းကို ကပ်ထားကြေညာခြင်း၊ ကြိုတင်မဲပေးပြီးသော မဲစာအိတ်များမှတ်ပုံတင်ခြင်းနှင့် ချိပ်ပိတ်ထားသော မဲပုံးအတွင်း ထည့်သွင်းသိမ်းဆည်းခြင်း၊ ကြိုတင်မဲပေးစဉ်ကာလနှင့် ကြိုတင်မဲသိမ်းဆည်းခြင်းကာလတို့တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို လိုက်ပါကြည့်ရှုခွင့်ပြုခြင်း၊ သတ်မှတ်ကာလအတွင်း အများပြည်သူရှေ့မှောက်တွင် ကြိုတင်မဲများကို ဖွင့်ဖောက်ရေတွက်ခြင်းစသည့် ပွင့်လင်းမြင်သာသော ကြိုတင်မဲစနစ် ကျင့်သုံးနိုင်ရန် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများတွင် ပြည့်ပြည့်စုံစုံထည့်သွင်းပြဋ္ဌာန်းထားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် မဟာဗျူဟာစီမံကိန်း (Strategic Plan) ကို ရည်မှန်းချက် (၁၂)ရပ်ထားရှိပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ (၅)နှစ် စီမံချက်ဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ ဦးပေါလ်ထန်ထိုင်း၏မေးခွန်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၏ဖြေကြားချက်ကို အမျိုးသားလွှတ်တော်နည်းဥပဒေ ၁၂၂ အရ အများပြည်သူသိရှိနိုင်ရန် မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်ရေတွင်းဖွင့်

ဒိုက်ဦး ဖေဖော်ဝါရီ ၁၀

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာအုပ်စု ရွာဝိုင်းကြီးကျေးရွာ၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီက စက်ရေတွင်းဖွင့်ပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်နှင့် Golden Hours ကုမ္ပဏီလီမိတက်မှ မန်နေဂျာဦးအုန်းခင်တို့က စက်ရေတွင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ စက်ရေတွင်းကို ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၄"Ø စက်ရေတွင်း (၅'×၄'×၅')ရေစက်ရုံ၊ ၁၀၀၀ ဂါလန်ဆံ့အုတ်ရေကန်တို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် Golden Hours ကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်ခဲ့ကြောင်းသိရသည်။

ကျော်ကျော် (IPRD)

စာပေဗိမာန်ခန်းမအား စာပေလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် အခမဲ့အသုံးပြုနိုင်ကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနရှိ စာပေဗိမာန်သည် ၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာနိုင်ငံဘာသာပြန်အသင်းမှ စတင်ပေါက်ဖွားလာခဲ့စဉ်မှစ၍ ယနေ့အချိန်အထိ စာပေဆုများ ချီးမြှင့်ခြင်းအပါအဝင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြန်မာစာပေလောက ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ရသစာပေများ ပိုမိုထွန်းကားပြန့်ပွားရေး၊ စာကြည့်တိုက်များ တိုးတက်ဖြစ်ထွန်းရေး၊ သတင်းနှင့် စာနယ်ဇင်းအတတ်ပညာ ခေတ်မီတိုးတက်ရေးတို့ကို ဆောင်ရွက်ရာတွင် ကဏ္ဍတစ်ခုအဖြစ်လိုအပ်မည့် စာပေအနုပညာနှင့် စာကြည့်တိုက်ဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာပေစကားဝိုင်းများ၊ စာပေဆိုင်ရာနှီးနှောဖလှယ်ပွဲများ၊ စာပေဆိုင်ရာပြပွဲများပြုလုပ်နိုင်ရေးအတွက် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်ခန်းမအား အခမဲ့အသုံးပြုခွင့်ပေးသွားမည်ဖြစ်သည်။

ထိုသို့ အခမဲ့အသုံးပြုခွင့်တွင် ခန်းမ၊ ထိုင်ခုံအပါအဝင် နေရာချထားမှုနှင့် အသံစနစ်တို့ ပါဝင်မည်ဖြစ်ပြီး စိတ်ပါဝင်စားသည့် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် စာကြည့်တိုက်အသင်းအဖွဲ့များသည် ဦးဆောင်ညွှန်ကြားရေးမှူး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန ဖုန်း ၀၆၇-၄၁၂၂၀၆ သို့ လိပ်မူ၍ တောင်းခံသည့် အဖွဲ့အစည်း၊ ဆောင်ရွက်မည့် စာပေဆိုင်ရာ အကြောင်းအရာ၊ တက်ရောက်မည့် အင်အား၊ သုံးစွဲလိုသည့်ရက်၊ (ကာလအပိုင်းအခြားအပါအဝင်)ဦးစီးဆောင်ရွက်မည့်ပုဂ္ဂိုလ်၊ ဆက်သွယ်ရန် ဖုန်း၊ အီးမေးလ်နှင့်လိပ်စာ၊ အခြားဖော်ပြလိုသည်များ စသည်ဖြင့် ထည့်သွင်း၍ တောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်တွင်းရေးရာ

✱ ငြိမ်းချမ်းရေးမှ

မူဘောင်တွေရေးဆွဲပါမယ်။ ပြီးရင် နိုင်ငံရေး ဆွေးနွေးပွဲတွေကိုဆက်လုပ်ပါမယ်၊ ပြီးတော့မှ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို ဆွေးနွေးပွဲရလဒ်တွေနဲ့အညီ တည်ဆောက်သွားမယ်ဆိုတဲ့ အချက်တွေပါ။ အဲဒီ အချက် လေးချက်ကို ပြည်ထောင်စုနေ့မှာ လက်မှတ် မရေးထိုးနိုင်သော်လည်းပဲ ဒါကိုသဘောတူညီချက် တစ်စောင် လုပ်ဖို့ရှိပါတယ်။ အဲဒီအတွက် သမ္မတကြီးကို ကေအင်န်ယူအဖွဲ့အစည်းက လာပြီးတော့တင်ပြတာပါ။ ဒါကို သမ္မတကြီးကလည်း မူအားဖြင့်လက်ခံတယ်လို့ ပြောလိုက်ပြီးဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ညှိနှိုင်းပြီး ဆက်လက် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကေအင်န်ယူအဖွဲ့အစည်းကတော့ ငြိမ်းချမ်းရေးကိုတကယ်လိုလားပါတယ်။ သူတို့လည်း ဒီမလာခင်မှာ အခြားတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ တစ်ဖွဲ့ချင်းလိုက်ပြီးတော့ တွေ့ဆုံခဲ့တာရှိပါတယ်။ အများကတော့ ဒီလုပ်ဆောင်ချက်ကို သဘောတူပါတယ်။ ဒါကြောင့် ဒီကိစ္စမှာ အများစုပါဝင်နိုင်မယ်လို့ယုံကြည်ပါတယ်။ ဒီနှစ်ကျင်းပမယ့် ပြည်ထောင်စုနေ့မှာတော့ ကြေညာချက်သဘောမျိုး ဒါမှမဟုတ် သဘောတူညီချက်တစ်ခုရအောင် ဆောင်ရွက်နိုင်ဖို့ ခုလို ဆောင်ရွက်တာဖြစ်ပါတယ်။

ပဒိုစောကွယ်ထူးဝင်း
အထွေထွေအတွင်းရေးမှူး(ကေအင်န်ယူ)

ဒီကနေ့ဆွေးနွေးပွဲဆိုတာထက် အမြင်ချင်းဖလှယ်ကြတဲ့ သဘောဖြစ်ပါတယ်။ ပြည်ထောင်စုနေ့မှာ သမ္မတကြီးကနေ ညစာစားပွဲကိုတက်ရောက်ဖို့ ဖိတ်ခေါ်တယ်။ တစ်ချိန်တည်းမှာပဲ ငြိမ်းချမ်းရေးဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး သမ္မတကြီးရဲ့ဦးဆောင်မှုကို တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ ပူးပေါင်းပါဝင်ဖို့အပိုင်းကို ရှေ့ဆက်ဘယ်လိုပူးပေါင်း၊ ဘယ်လိုဆောင်ရွက်မယ်ဆိုတာ ဆွေးနွေးတာထက် အမြင်ချင်းဖလှယ်ကြတာဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ပြောရမယ်ဆိုရင်တော့ တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေးကနေ တစ်ဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ စနိုင်ပြီးတော့ ငြိမ်းချမ်းရေးတည်ဆောက်ဖို့အတွက် သဘောထားတွေ ရှိကြပါတယ်။ အပစ်အခတ်ရပ်စဲရေးရရှိဖို့ ညှိနှိုင်းတဲ့နေရာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရဲ့ကိုယ်စားကိုယ်စားလှယ်ဖြစ်တဲ့ NCCT နဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ နောက်ဆုံးအကြိမ်ညှိနှိုင်းလာခဲ့တာ ဒီဇင်ဘာ(၂၃၊ ၂၄) ရက်ထိ အလုပ်သဘော ညှိနှိုင်းတဲ့နေရာမှာ ကျန်နေတဲ့ အချက်တော်တော်များများ ပြီးသွားတဲ့သဘောရှိပါတယ်။ အချက်အနည်းငယ် ကျန်သေးတဲ့အပေါ်မှာ ဒီအချက်တွေကိုလည်း ပြည်ထောင်စုနေ့မတိုင်ခင် တွေ့ဆုံ ဆွေးနွေးမှုလုပ်နိုင်မယ်ဆိုရင် နောက်ဆုံး အကုန်လုံးသဘောတူညီချက်ရနိုင်တဲ့အနေအထားရှိတဲ့အပေါ်မှာ ပြည်ထောင်စုနေ့မှာ တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေး ရရှိနိုင်မယ်လို့ မျှော်လင့်ချင်တယ်။ နှစ်ဖက်စလုံးကလည်း ကြိုးစားလာခဲ့တာ။ အကြောင်းကြောင်းကြောင့် ဖေဖော်ဝါရီ ၁၂ ရက်မတိုင်မီ UPWC,MPC နဲ့ တွေ့ဆုံဆွေးနွေးမှု မလုပ်နိုင်ခဲ့ဘူး။ မလုပ်နိုင်တဲ့အတွက် အပြီးသတ်ညှိနှိုင်းရမယ့် အချက်တွေအပေါ်မှာ မညှိနှိုင်းနိုင်တဲ့အတွက် ဒီပြည်ထောင်စုနေ့မှာ လက်မှတ်ရေးထိုးနိုင်တဲ့ မျှော်လင့်ချက်တွေကတော့ အကောင်အထည်မပေါ်လာခဲ့ဘူး။ ညှိနှိုင်းတဲ့အချိန်ကြာလာတဲ့အပေါ်မှာလည်း ပြည်သူတွေက ယုံကြည်မှု လျော့နည်းလာတဲ့အပေါ် နှစ်ဖက်စလုံးက ကြိုးစားလာတဲ့အပေါ်မှာ ပေါ်လွင်ဖို့အတွက် ဘယ်လိုလုပ်သင့်တယ်ဆိုတာကို တင်ပြဆွေးနွေးခဲ့ကြတာပါ။ ဆိုလိုတဲ့သဘောက တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး မလုပ်ဆောင်နိုင်ပေမယ့်လည်း တကယ့်ငြိမ်းချမ်းရေးကို ကြိုးစားဆောင်ရွက်နေပါတယ်။ ဆက်လက်

ဦးအောင်မင်း(ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ)

ပဒိုစောကွယ်ထူးဝင်း အထွေထွေအတွင်းရေးမှူး (ကေအင်န်ယူ)

ဦးလှမောင်ရွှေ(အထူးအကြံပေး၊ မြန်မာငြိမ်းချမ်းရေးပြန်လည် ထူထောင်ရေးလုပ်ငန်းဗဟိုဌာန)

ပြီးတော့ တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေး ရနိုင်ဖို့အတွက်ကိုလည်း ဆက်လက်ကြိုးစားဆောင်ရွက်သွားမယ်။ မူလကလည်း နှစ်ဖက်စလုံးက ဒီကိစ္စအတွက် ဦးတည်ပြီး သွားနေတာပါ။ တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ဆိုတာထက် နာမည်ပေးလိုက်တာကိုက တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေးရရှိဖို့အတွက် ညှိနှိုင်းမှုအဖွဲ့ ဖြစ်နေတယ်။ အဓိကက ဒီတာဝန်ပဲ။ ဒီကြားထဲမှာလည်း ဖြစ်စဉ်တွေရှိတဲ့အပေါ်မှာ အချိန်တွေ ကြန့်ကြာသွားတဲ့အတွက် ဆက်လက်ပြီး ကြိုးစားသွားမယ်။ ကျွန်တော်တို့က အားလျှော့တဲ့ သဘောမဟုတ်ဘူး ဆိုတဲ့အနေနဲ့ ဒီနေ့မှာ တစ်ခုခုတော့ လုပ်သင့်တယ်ဆိုတာကို လာတင်ပြဆွေးနွေးတာပါ။

တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးကိုတော့ လာမယ့် ဖေဖော်ဝါရီ ၁၂ ရက်မှာ လက်မှတ်ရေးထိုးနိုင်မှာ မဟုတ်ဘူး။ ဒါပေမယ့် ဆက်လက်ပြီးတော့ ငြိမ်းချမ်းရေးကို ဖော်ဆောင်သွားမယ်ဆိုတဲ့ သဘောတူညီမှုတစ်ခုခုကိုတော့ လုပ်ဖို့သင့်လို့ ကျွန်တော်တို့တင်ပြတယ်။ မူအရတော့ သမ္မတကြီးက လက်ခံပါတယ်။ ဒါပေမယ့် ဘယ်လိုနည်းနာနဲ့ ဘယ်လိုပုံစံနဲ့ လုပ်မယ်ဆိုတာကတော့ ဆက်လက်ပြီးတော့ ဆောင်ရွက်မယ်ဆိုတာကို သမ္မတကြီးက သုံးသပ်မှာပါ။ နောက်တစ်ခုက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး အကုန်ဖိတ်ကြားတဲ့အပေါ် လာမလား၊ မလာဘူးလားဆိုတာတော့ မသိဘူး။ နောက်ပြီး သူတို့သဘောထားကိုလည်း ဆက်လက်ညှိရမှာဖြစ်တယ်။ ကျွန်တော်တို့ ကြိုးစားနေတဲ့ ငြိမ်းချမ်းရေးတည်ဆောက်ဖို့အတွက် အကုန်လုံး ပါဝင်နိုင်တဲ့ဖြစ်စဉ်တစ်ခုကို ကြိုးစားဆောင်ရွက်နေတယ်။ ဒီလိုနေ့ရက်မျိုးမှာ အကုန်လုံးပါဝင်ဖို့အတွက် ကြိုးစားဖို့ အချိန်ကလည်း တိုတောင်းတဲ့အတွက် ကြိုးစားလို့ရမလား၊ မရလားတော့မသိဘူး။ ဒါပေမယ့် နှစ်ဖက်လုံးကတော့ ဒီနေ့ တွေ့ဆုံပွဲမှာ ဆက်လက်ပြီးကြိုးစားသွားမယ့် သဘောထားရှိတယ်။ အများကလည်း ဆက်လက်ကြိုးစားမယ်ဆိုတဲ့ သဘောထားရရင်တော့ ပိုကောင်းတာပေါ့။ အခု နောက်တစ်ကြိမ် UPWC နဲ့ UPC တို့ တွေ့ဆုံဆွေးနွေးနိုင်မယ်ဆိုရင်တော့ ပြီးတန်သလောက် ပြီးမယ်လို့တော့ ကျွန်တော်ထင်တယ်။ ကျွန်တော်တို့ ယာယီသတ်မှတ်တာကတော့ ဒီလ ၁၅ ရက် ၂၀ ပတ်ဝန်းကျင်မှာ နောက်တစ်ကြိမ်တွေ့နိုင်မယ်ဆိုရင် အကုန်လုံးတော့ ပြေလည်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော်တို့က ကေအင်န်ယူရဲ့ လက်နက်ကိုင်လှုပ်ရှားမှု၊ ကျွန်တော်တို့ရဲ့ အမျိုးသားရေးအခွင့်အရေး ကြိုးပမ်းဆောင်ရွက်တဲ့ နှစ်ပေါင်း(၆၀)မှာ ပထမဦးဆုံးအကြိမ်လို့ ပြောရမှာပေါ့၊ အပစ်အခတ်ရပ်စဲရေးလုပ်လာခဲ့တာ။ မူလကတည်းက ကရင်အမျိုးသားတွေရဲ့ အခွင့်အရေးရရှိဖို့ ငြိမ်းချမ်းစွာရယူရမယ်ဆိုတဲ့ သဘောထားရှိပါတယ်။ ဒါပေမယ့် အခြေအနေတောင်းဆိုမှုက လက်နက်ဆွဲကိုင်တဲ့ အနေအထားဖြစ်တယ်။ ဒါကို တောက်လျှောက်တောင်းဆိုလာခဲ့တာ ဒီသမ္မတကြီးလက်ထက်မှာ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာရမယ်ဆိုတဲ့ သဘောထား၊ ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးရပြီး ပထမဦးဆုံးလုပ်ဆောင်မှုတစ်ခုဖြစ်လို့ ဒါကို ကျွန်တော်တို့ ကြိုဆိုတယ်။ ကျွန်တော်တို့ကလည်း ကြိုးစားပြီးပါဝင်လာခဲ့တယ်။ ဒီနေရာမှာ ကျွန်တော်တို့ ကေအင်န်ယူအနေနဲ့ လက်နက်နဲ့ရှင်းလို့မရတဲ့ကိစ္စဖြစ်တယ်။ နိုင်ငံရေးဆွေးနွေးပွဲ စားပွဲခုံမှာပဲ ဆွေးနွေးအဖြေရှာရမယ်။ တခြားတိုင်းရင်းသားတွေကိုလည်း ဖြစ်စေချင်ပါတယ်။ မြန်မာပြည်ရဲ့ လူ့အဖွဲ့အစည်းမှာရှိတဲ့ တိုင်းရင်းသားအချင်းချင်း နားလည်မှုရှိရှိနဲ့၊ တရားမျှမျှတတနဲ့ စားပွဲမှာဆွေးနွေးမယ်ဆိုရင်တော့ တကယ့် ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုဖြစ်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အဲဒါကို တိုင်းရင်းသားအကုန် ပါဝင်လာဖို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ တိုက်လည်း တိုက်တွန်းပါတယ်။

ဦးလှမောင်ရွှေ
အထူးအကြံပေး၊ မြန်မာငြိမ်းချမ်းရေး
ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန

အခု နိုင်ငံတော်သမ္မတ အစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီးတဲ့နောက်ပိုင်းမှာ ကေအင်န်ယူဥက္ကဋ္ဌအနေနဲ့ နိုင်ငံတော်သမ္မတကို တွေ့ဆုံတာဟာ (၈)ကြိမ်မြောက်တွေ့ဆုံပွဲလို့ သိရပါတယ်။ ဒီနေ့ တွေ့ဆုံပွဲကတော့ နိုင်ငံတော်သမ္မတအနေနဲ့ ဖေဖော်ဝါရီ ၁၂ ရက်မှာ ကျရောက်မယ့် ပြည်ထောင်စုနေ့အခမ်းအနားနဲ့ ညစာစားပွဲတွေကို တက်ရောက်ဖို့အတွက် ဖိတ်ကြားထားတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေထဲက တိုင်းရင်းသားခေါင်းဆောင်အဖွဲ့က နိုင်ငံတော်သမ္မတကို လာရောက်တွေ့ဆုံတာပါပဲ။ ကေအင်န်ယူဥက္ကဋ္ဌ ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့နဲ့ ကေအင်န်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီအဖွဲ့ နှစ်ဖွဲ့ကနေပြီးတော့ နိုင်ငံတော်သမ္မတကို လာရောက်တွေ့ဆုံတာဖြစ်ပါတယ်။

ဒီနေ့တွေ့ဆုံပွဲမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့အနေနဲ့ကတော့ နိုင်ငံတော်သမ္မတ အခုဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ဖို့နဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေ အမြန်ဆုံးလုပ်နိုင်ဖို့ သူတို့ရဲ့သဘောထားတွေကို လာရောက်တင်ပြတာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအနေနဲ့ကလည်း သူတို့တင်ပြမှုအပေါ်မှာ အပြန်အလှန်ဆွေးနွေးပြီးတော့ ယုံကြည်မှုတွေ ပိုပြီးရှိလာတာ တွေ့ရပါတယ်။ ဒီနေ့လာတွေ့တဲ့ အထဲမှာပဲ ကေအင်န်ယူက အထွေထွေအတွင်းရေးမှူးပါတယ်။ သူက ဒီဇင်ဘာ ၂၂ ရက်က ရန်ကုန် မြန်မာ ငြိမ်းချမ်းရေးစင်တာမှာလုပ်ခဲ့တဲ့ ဆွေးနွေးပွဲတွေမှာ သူကိုယ်တိုင်ကပဲ တစ်နိုင်ငံလုံးကို မီဒီယာကနေတစ်ဆင့် ဖေဖော်ဝါရီ ၁၂ ရက်မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ရင် ကောင်းပါမယ်ဆိုတာကို သူက အဆိုပြုခဲ့တာဖြစ်ပါတယ်။ ဒီအဆိုပြုချက်ကို လွတ်လပ်ရေးနေ့တွေ့ဆုံပွဲမှာလည်း နိုင်ငံတော်သမ္မတက ဒီလိုထိုးနိုင်ရင် ကောင်းပါတယ်ဆိုတော့ သူတို့လည်း ဝိုင်းကြိုးစားပါတယ်။ ဒါပေမယ့် အခုတော့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးထိုးနိုင်ဖို့အတွက် ညှိနှိုင်းဖို့ အချက်တချို့ကျန်တဲ့အတွက် သူတို့အနေနဲ့ကတော့ ပြည်ထောင်စုနေ့မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေကို ခွန်အားဖြစ်စေမယ့် သဘောတူညီချက်မျိုး၊ ကြေညာချက်မျိုး ထုတ်သင့်ပါတယ်ဆိုပြီး ဒီနေ့ထပ်ပြီးတော့ တင်ပြဆွေးနွေးတာလည်းပါပါတယ်။ ဒါကြောင့်မို့လို့ အခုဆွေးနွေးပွဲကနေပြီးတော့မှ လက်မှတ်ရေးထိုးနိုင်ဖို့နဲ့ ဆက်လက်ညှိနှိုင်းပြီးတော့ လက်မှတ်ရေးထိုးနိုင်မယ့် အနေအထားမျိုးလည်းရှိပါတယ်။

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက်အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများစိစစ်ရေးပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ "၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများ စိစစ်ရေး ပူးပေါင်းကော်မတီ" အစည်းအဝေးကိုယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော်(D-ဆောင်)၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့စိစစ်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အတွင်းရေးမှူး ဦးအေးမောက်နှင့် ကော်မတီဝင်များ၊ စိစစ်ရေးပူးပေါင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များ၊ အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ UMFCCI ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ စိစစ်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး UMFCCI ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များ၊ စိစစ်ရေးပူးပေါင်းအဖွဲ့များမှ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဆွေးနွေးကြသည်။ ဆွေးနွေးချက်အပေါ် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြန်လည်ဆွေးနွေးတင်ပြကြပြီး စိစစ်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် စိစစ်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားပြီးအစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(ကြေးမုံ)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ရေနံကုမ္ပဏီသည်ကမ်းလွန်ရတနာစီမံကိန်းမှ ၃၆ လက်မနှင့် ၂၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတို့ကို Supporting Vessel "MV/BIBBY SPRING"(Call Sign:9VCW5) တို့ဖြင့် အောက်ဖော်ပြပါ Coordinates များတွင် ဖေဖော်ဝါရီ ၁၇ ရက်မှ ဧပြီ ၆ ရက်အထိ Remote Operating Vehicle (ROV) Survey inspection လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) ၃၆ လက်မ ပိုက်လိုင်းတစ်လျှောက် ရတနာပလက်ဖောင်းနှင့် ဓမင်းဆိပ်အထိ

Point	Latitude	Longitude
Yadana	15° 7'	94° 46'
Platform	23.19359" N	58.13644"E
Da Min Seik	14° 34'	97° 54'
	21.62433" N	27.18368"E

(ခ) ၂၄ လက်မ ပိုက်လိုင်းတစ်လျှောက် ရတနာပလက်ဖောင်းနှင့် ဒေါ်ငြိမ်းအထိ

Point	Latitude	Longitude
Yadana	15° 7'	94° 46'
Platform	23.19359" N	58.13644"E
TP 2	15° 7' 40.14"N	94° 48'0.27"E
TP 4	15° 7' 59.20"N	94°48'32.26"E
TP 6	15° 20' 36.57"N	95° 23'9.30"E
TP 8	15° 26' 36.91"N	95°31'36.22"E
TP 10	15° 31' 31.82"N	95° 36'1.86"E
TP 12	15° 39' 31.53"N	95°43'22.37"E
TP 14	15° 47' 14.08"N	95°41'50.35"E
TP 16	15° 51' 33.22"N	95°38'52.16"E
Daw Nyein	15° 53' 54.72"N	95°36'54.11"E

၂။ အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာပေးရန် အကြောင်းကြားပါသည်။

ပြည်တွင်းရေးရာ

❖ နိုင်ငံတိုင်းမှ

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များ၊ အခြားသောဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ၊ အတတ်ပညာဆိုင်ရာ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ လိုအပ်ချက်များ၊ ပြည်သူ့ဘဝလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အနှောင့်အယှက်ပြုနေသည့် အကြမ်းဖက်သမားများ၏ အဖျက်လုပ်ငန်းများအား ဖြေရှင်းဆောင်ရွက်ခြင်း၊ ကာကွယ်တားဆီးနိုင်ရန်အတွက် ဒေသတွင်းနိုင်ငံများနှင့် ပေါင်းစည်းဆောင်ရွက်ခြင်းများ လုပ်ဆောင်လာပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Shangri-La Hotel Sabah Grand Ballroom ၌ ကျင်းပသော (၁၂) ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (12th ACDFIM)တွင် ဆွေးနွေးပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဘရူနိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Major General Dato Paduka Seri Mohd Tawih Bin Abdullah၊ ကမ္ဘောဒီးယားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Pol Saroeun၊ အင်ဒိုနီးရှားအမျိုးသားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Dr . Moeldoko၊ လာအိုပြည်သူ့တပ်မတော်ဒုတိယစစ်ဦးစီးချုပ် Brigadier General Khamlieng Outhakasone၊ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri (Dr.) Haji Zukifeli Bin Mohd Zin၊ ဖိလစ်ပိုင်တပ်မတော် ဒုတိယစစ်ဦးစီးချုပ် Lieutenant General John Sarmiento Bonafos AFP၊ စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lieutenant General Ng Chee Meng၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Worapong Sanganetra၊ ဗီယက်နမ်တပ်မတော် စစ်ဦးစီးချုပ် Senior Lieutenant General Do Ba Ty နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာအစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များသည် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစည်းအဝေးသဘာပတိ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri (Dr.) Haji Zukifeli Bin Mohd Zin က (၁၂) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (12th ACDFIM)ကို အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်ပြီး 12th ASEAN Military Intelligence Informal Meeting (AMIIM) အစည်းအဝေးခေါင်းဆောင် မလေးရှားတပ်မတော်မှ ထောက်လှမ်းရေး မှူးချုပ် Lieutenant General Datuk Abdul Hadi Bin Haji Hussin နှင့် 5th ASEAN Military Operations Informal Meeting (AMOIM) အစည်းအဝေးခေါင်းဆောင် မလေးရှားတပ်မတော်မှ Assistant Chief Of Staff Rear Admiral Dato' Anuwi Bin Hassan အစည်းအဝေးရလဒ်များအား တင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသဘာပတိ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri (Dr.)Zulkifeli Bin Mohd Zin ဦးဆောင်၍ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များက သက်ဆိုင်ရာခေါင်းစဉ်များအား နိုင်ငံအက္ခရာစဉ်အလိုက် ဆွေးနွေးကြသည်။

ထိုသို့ ဆွေးနွေးရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသတွင်းအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့်အာဆီယံအဖွဲ့အစည်းသည် ဆွေးနွေးဖက်နိုင်ငံများနှင့် အောင်မြင်သော ဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခြင်း၊ အာဆီယံအဖွဲ့အစည်းအတွင်း ဆွေးနွေးပွဲများ ကျင်းပခြင်း၊ အာဆီယံနိုင်ငံများနှင့် အခြားသောအဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများဖြင့် ဒေသတွင်းဖြစ်ပေါ်နေသော အခြေအနေများပေါ် မူတည်၍ သတ်မှတ်ထားသော စည်းကမ်းမူဘောင်အတွင်း အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ပြီး ဒေသတွင်းနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုထိန်းသိမ်းရေး၊ အာဆီယံဒေသတွင်း ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ ယုံကြည်မှုတည်ဆောက်ခြင်း ကိစ္စရပ်များ ပိုမိုခိုင်မာစွာဆောင်ရွက်နိုင်ရေးနှင့် တန်ပြန်အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ငန်းများအား ဒေသတွင်း အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးအတွက် တန်ပြန်အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ညှိနှိုင်းဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအပြင် ပွင့်လင်းစွာဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါကြောင်း၊ မျက်မှောက်ခေတ်ကာလတွင် အကြမ်းဖက်မှုများနှင့် အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံတစ်နိုင်ငံတည်းတွင်သာ အတည်တကျ ဆောင်ရွက်မှုမျိုးမဟုတ်ဘဲ နိုင်ငံအသီးသီးရှိ ၎င်းတို့နှင့်သက်ဆိုင်သောအဖွဲ့အစည်းနှင့် ကွန်ရက်သဖွယ်ချိတ်ဆက်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိပြီး အပြန်အလှန်ထောက်ပံ့ကူညီခြင်းနှင့် အကာအကွယ်ပေးခြင်းတို့အား ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ အခြေခံသတင်း မျှဝေမှုစနစ်ကဲ့သို့သော သတင်းဖလှယ်မှုများလည်း ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ လူသားလုံခြုံရေးနှင့် ပတ်သက်၍ လူမှုဝန်းကျင်အတွက် အရေးကြီးသောကဏ္ဍများဖြစ်သည့် မြို့ပြနေရာချထားမှု၊ အပြည်ပြည်ဆိုင်ရာအကြမ်းဖက်နှိမ်နင်းမှု၊ ရောဂါဝေဒနာရှင်များအား ကာကွယ်စောင့်ရှောက်မှု၊ လက်နက်နှင့်မူးယစ်ဆေးဝါးများ ကူးသန်းရောင်းဝယ်မှု၊ သဘာဝပတ်ဝန်းကျင်ဘေးန္တရာယ်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများသည် စုပေါင်းစွမ်းအားဖြင့် အဖွဲ့ဝင်နိုင်ငံများအတွင်း လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ ဒေသတွင်းစီးပွားရေးအင်အား ခိုင်မာတောင့်တင်းရန် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကြမ်းဖက်မှုမှန်သမျှကို တိုက်ထုတ်ချေမှုန်းရမည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်းနိုင်ငံများ အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စစ်မှန်သော တည်ငြိမ်အေးချမ်းမှုနှင့်လုံခြုံမှုကိုရရှိနိုင်မည်ဖြစ်ပြီး အကြမ်းဖက်ဟူသော ဝေါဟာရကို အာဆီယံနိုင်ငံများအကြားမှ အပြီးသတ်ဖယ်ရှားနိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်မိပါကြောင်း၊ အနာဂတ်ကာလများတွင်လည်း အာဆီယံဒေသတွင်း ပြည်သူလူထု၏ဘဝ တည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် အာဆီယံဒေသအတွင်းရှိ ပြည်သူများ၏ ရင်းနှီးချစ်ကြည်စွာပူးပေါင်းဆောင်ရွက်မှုများမှသည် စုစည်းညီညွတ်သည့်တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းကြီးအား ဖော်ဆောင်ရန်တိုက်တွန်းအပ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် အာဆီယံတပ်မတော်များ၏ ၂၀၁၅-၂၀၁၇ နှစ်နှစ်လုပ်ငန်းစီမံချက်အား ဆွေးနွေးကြပြီး (၁၂)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (12th ACDFIM) ပူးတွဲကြေညာချက်အား လက်မှတ်ရေးထိုးကြသည်။

ထို့နောက် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri (Dr.)Zulkifeli Bin Mohd Zin က အစည်းအဝေးနိဂုံးချုပ်နှုတ်ခွန်းဆက်စကားပြောကြားပြီး (၁၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (13th ACDFIM) ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် လာအိုပြည်သူ့တပ်မတော်ဒုတိယစစ်ဦးစီးချုပ် Brigadier General Khamlieng Outhakasone အား တာဝန်လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် လာအိုပြည်သူ့တပ်မတော်ဒုတိယစစ်ဦးစီးချုပ် Brigadier General Khamlieng Outhakasone က လက်ခံနှုတ်ခွန်းဆက်စကားပြောကြားပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

■ မြန်မာနိုင်ငံမှ

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်နှင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဩစတြီးယားနိုင်ငံမှ ANDRITZ HYDRO GmbH မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားလိုအပ်ချက်များကို အဓိကဖြည့်ဆည်းပေးနိုင်ရန် ဦးစားပေးလုပ်ငန်းစဉ်(၇)ရပ်ကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိရာ လျှပ်စစ်ကဏ္ဍကို အဓိကဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းပြီး အမျိုးသားစွမ်းအင် မူဝါဒချမှတ်ခြင်းဖြင့် စွမ်းအင်ကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍတို့ အချိုးညီညီပေါင်းစပ်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်နေကြောင်း၊ တိုးတက်လာသည့်နှုန်းအတိုင်း ဆက်လက်၍ အသုံးပြုသွားမည်ဆိုပါက နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်သည် ၂၀၂၀ ခုနှစ်တွင် ၄၅၃၁ မဂ္ဂါဝပ်၊ ၂၀၂၅ ခုနှစ်တွင် ၈၁၂၁ မဂ္ဂါဝပ်၊ ၂၀၃၀ ခုနှစ်တွင် ၁၄၅၄၂ မဂ္ဂါဝပ်ခန့်အထိ ရောက်ရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် လက်ရှိကာလ၌ ရေအား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ ၄၃ ရုံ၊ စက်တပ်ဆင်အင်အား ၄၉၈၇ မဂ္ဂါဝပ်ရှိပြီး ယခုနှစ်အတွင်း အများဆုံး ၂၂၃၂ မဂ္ဂါဝပ်အထိသာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနေဖြင့် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည့်နည်းလမ်းများ ရှာဖွေဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရေးကိုသာ အလေးပေးစဉ်းစားခြင်းမဟုတ်ဘဲ စီမံကိန်းကြောင့် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများရှိနိုင်သည့်အတွက် သက်ဆိုင်ရာပညာရပ်အလိုက် လျော့ပါးသက်သာစေရန် အစီအမံများကိုလည်း နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ညီညွတ်စေရန် ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားကို တိုးတက်ထုတ်လုပ်နိုင်ရေး ရှာဖွေဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ပေါကြွယ်ဝလှသည့် ရေအရင်းအမြစ်ကို ရယူအသုံးချခြင်းသည်လည်း အဓိကကျသည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း၊ ရေအရင်းအမြစ်ကိုအသုံးချပြီး လျှပ်စစ်ထုတ်လုပ်ရန် စီမံဆောင်ရွက်ရာတွင်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို နည်းပါးအောင် စီမံကိန်းကြောင့် ဒေသခံပြည်သူလူထု စီးပွားဘဝ ပိုမိုမြင့်မားလာစေရေးကို မျှော်ကိုးစီစဉ်သွားမည်ဖြစ်ပါကြောင်း၊ ယခုတည်ဆောက်မည့် ဒီးဒုတ်(အနိမ့်တမံစနစ်) ရေအားလျှပ်စစ်စီမံကိန်းသည် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ရေလှောင်တမံအမျိုးအစားဖြစ်ပါကြောင်း၊ ဥရောပတိုက်ရှိ ဒင်းညူမြစ်၊ ရိုင်းမြစ်များပေါ်တွင်လည်း အနိမ့်တမံစနစ်သုံး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်၍ ဓာတ်အားထုတ်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် မြစ်ငယ်မြစ်တို့တွင် အနိမ့်တမံစနစ်များ တည်ဆောက်နိုင်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး ဝန်ကြီးချုပ်ဦးရဲမြင့်က ဒီးဒုတ် (အနိမ့်တမံစနစ်) ရေအားလျှပ်စစ်စီမံကိန်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဆောင်ရွက်သည့် အနိမ့်တမံ စနစ်စီမံကိန်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခွင့်ရသည့်အတွက် အထူးဂုဏ်ယူရပါကြောင်း၊ ဒေသကြီးအတွင်းတွင် နိုင်ငံတော်၌ အကြီးဆုံးဖြစ်သည့် ရဲရွာရေအားလျှပ်စစ်စက်ရုံ၊ ဆည်တော်ကြီးရေအား လျှပ်စစ်စက်ရုံ၊ ကင်းတားရေအားလျှပ်စစ်စက်ရုံနှင့် ကျောက်ဆည်သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များမှ လျှပ်စစ်ဓာတ်အား ၉၅၁ မဂ္ဂါဝပ် ထုတ်ပေးလျက်ရှိကြောင်း၊ မကြာမီကာလတွင် သဘာဝဓာတ်ငွေ့သုံးစက်ရုံ (မြင်းခြံ)နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများလည်း ထုတ်လုပ်နိုင်ရေး စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ယခုလက်ရှိနိုင်ငံတော်လျှပ်စစ်ထုတ်လုပ်မှု၏ (၂၅)ရာခိုင်နှုန်းကို မန္တလေးတိုင်းဒေသကြီးမှ ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း လျှပ်စစ်သုံးစွဲမှု ၃၅၈ မဂ္ဂါဝပ်ရှိနေပြီး ယခုနှစ်နွေရာသီကာလတွင် ၄၇၀ မဂ္ဂါဝပ်အထိ တိုးတက်မည်ဟု မျှော်မှန်းထားပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ မြို့သာစက်မှုဥယျာဉ်စီမံကိန်း၊ တံတားဦးစီမံကိန်း၊ ကျောက်စိမ်းဥယျာဉ်စီမံကိန်းများ ပြီးမြောက်ပါက လျှပ်စစ်ဓာတ်အားနောက်ထပ် ၄၀၀ မဂ္ဂါဝပ်ခန့် ထပ်မံတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အသေးစားစက်မှုလုပ်ငန်းမှားနှင့် မြို့ရွာများ၏ ဓာတ်အားအသုံးပြုမှုများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ယနေ့လုပ်ငန်းစတင်ဆောင်ရွက်သည့် ဒီးဒုတ် (အနိမ့်တမံစနစ်) ရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်စီမံကိန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အတွက်ရော တိုင်းဒေသကြီးအတွက်ပါ လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးအနေဖြင့် အားပေးကူညီမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လုပ်ငန်းစတင်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဩစတြီးယားနိုင်ငံမှ Mr. Alexander Bilmayer (Vice President) Business Dep; (ANDRITZ HYDRO) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး**(ဓါတ်ပုံ)** လုပ်ငန်းများစတင်ခြင်းအတွက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယခု တည်ဆောက်အကောင်အထည်ဖော်မည့် ဒီးဒုတ် (အနိမ့်တမံစနစ်) ရေအားလျှပ်စစ်စီမံကိန်းသည် ရဲရွာရေလှောင်တမံ၏ အောက်ဘက် ၁၂ မိုင်ခန့်အကွာ မြစ်ငယ်မြစ်ပေါ်တွင် တည်ရှိပြီး ရဲရွာဓာတ်အားပေးစက်ရုံမှ စက်မောင်းနှင်ထုတ်လွှတ်လိုက်သည့် ရေများကို ပြန်လည်အသုံးချပြီး စက်တပ်ဆင်အင်အား ၆၆ မဂ္ဂါဝပ်ရှိ အနိမ့်တမံစနစ်သုံး (Low Head) ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပြီး နှစ်စဉ်ကီလိုဝပ်နာရီ ၂၇၉ ဒသမ ၆ သန်းခန့် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အနိမ့်တမံစနစ်သုံး ရေအားလျှပ်စစ်နည်းပညာများ ရရှိရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဩစတြီးယားနိုင်ငံ ပို့ဆောင်ရေး၊ တီထွင်ရေးနှင့် နည်းပညာဝန်ကြီးဌာနတို့ ၂၀၁၄ ခုနှစ် မေ ၇ ရက်က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကာ ဩစတြီးယားနိုင်ငံအစိုးရ၏ ချေးငွေကို ရယူဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းအတိုင်ပင်ခံအင်ဂျင်နီယာအဖြစ် ဆွစ်ဇာလန်နိုင်ငံမှ STUCKY SA ကုမ္ပဏီက ဆောင်ရွက်မည်ဖြစ်ကာ စီမံကိန်းကာလ လေးနှစ်ခန့် ကြာမြင့်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(အောင်သူရ)

ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ လေးနိုင်ငံပါဝင်သည့် (၁၂)ကြိမ်မြောက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဖိုရမ် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

"ဘီစီအိုင်အမ် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ခြင်း"ခေါင်းစဉ်ဖြင့် (၁၂)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ လေးနိုင်ငံ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ယင်းဖိုရမ်၌ စီးပွားရေးစကြံဆိုင်ရာ ဆက်သွယ်မှုများ မြှင့်တင်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဘီစီအိုင်အမ်ဒေသတွင်း ပြည်သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း စသည့် ခေါင်းစဉ်ခွဲများကို "ဘီစီအိုင်အမ် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ခြင်း"ခေါင်းစဉ်အောက်တွင် ဆွေးနွေးကြမည်ဖြစ်ပြီး ကိုယ်စားလှယ်အဖွဲ့များမှ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာတမ်း ၁၂ စောင်ကို တင်သွင်းဖတ်ကြား ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ လေးနိုင်ငံ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစည်းအဝေးကို ၁၉၉၉ ခုနှစ်တွင် ယူနန်ပြည်နယ် ကူမင်းမြို့၌ စတင်ကျင်းပခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအကြား အလှည့်ကျ ကျင်းပခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် စတုတ္ထအကြိမ်နှင့် ၂၀၀၉ ခုနှစ်တွင် အဋ္ဌမအကြိမ်မြောက်ဖိုရမ်များကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ရခဲ့သည်။ ယခု ကျင်းပသည့် (၁၂)ကြိမ်မြောက်ဖိုရမ်ကို ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည်ဖြစ်သော်လည်း အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူရသောကြောင့် ယခုကဲ့သို့ ၂၀၁၅ ဖေဖော်ဝါရီတွင် ကျင်းပခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

(၁၂)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ လေးနိုင်ငံ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို ဖေဖော်ဝါရီ ၁၁ ရက်ထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲအပြီးတွင် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ပူးတွဲထုတ်ပြန်ချက်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။ ယင်းနောက် ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် Mr.Abdul Motaleb Sarken၊ တရုတ်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး H.E.Mr. Gao Shuxun၊ အိန္ဒိယကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Shree Eric Gonsalves တို့က အမှာစကားအသီးသီးပြောကြားခဲ့ကြသည်။

ယနေ့ပြုလုပ်သည့် ဖိုရမ်သို့ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ လေးနိုင်ငံမှ အဖွဲ့ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် ယင်းနိုင်ငံအသီးသီး၏ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် သံတမန်များ၊ မြန်မာနိုင်ငံမှ အဆိုပါဖိုရမ်နှင့်သက်ဆိုင်သော ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းများ၊ လူငယ်သင်တန်းကျောင်းများအားကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် ဖေဖော်ဝါရီ ၈ ရက်တွင် ရေစကြိုမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (**အပေါ်ပုံ**)၊ ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်ကျောင်းများသို့ ရောက်ရှိစစ်ဆေး၍ သင်တန်းကျောင်းအုပ်များ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် ပေါက်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၊ ညနေပိုင်းတွင် ချင်းပြည်နယ် မင်းတပ်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (၁/၂) အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတို့သို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ သင်တန်းသူများ၊ ကျောင်းသားကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တိုင်းရင်းသားလူမျိုးများ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး ဆောင်ရွက်ပေးနေမှုများ၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး၊ ကျောင်းသား ကျောင်းသူများသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံ၍ တိုင်းရင်းသားလူငယ်များ အချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်ရင်း မိမိတို့သင်ယူနေသော ပညာရပ်များအား ပိုမိုတတ်မြောက်အောင် ကြိုးစားကြပြီး နိုင်ငံတော်အတွက် အားထားရသည့် လူငယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ မင်းတပ်ခရိုင် ဌာနဆိုင်ရာများ၊ မြို့နယ်ကော်မတီ သုံးရပ်မှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ နယ်လှည့်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(မင်းတပ်)၌ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ် ညှော်ခံကျွေးမွေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၇ နာရီမှ ၁၀ နာရီထိ ဘုရင့်နောင်ပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းအတွင်း ကံ့ကော်လမ်းမပေါ်ရှိ စိတ်တိုင်းကျကမ်းတွင် ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဧည့်ခံကျွေးမွေးပွဲအဖြစ် ဗိုလ်ချုပ်ကို ချစ်မြတ်နိုးသူများက လက်ဖက်ရည်နှင့် မုန့်ပြားကျွေးမွေးသွားမည်ဟု အဆိုပါကမ်းဆိုင်မျက်နှာစာတွင် အသိပေးကြေညာထားကြောင်း ပွဲရုံလုပ်ငန်းရှင်များက ဆိုသည်။ **(မောင်စေအောင်)**

ကျောက်မဲတွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်

ကျောက်မဲ ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) စက်မှုလယ်ယာဦးစီးဌာန အမှတ်(၉၆) စက်မှုလယ်ယာစခန်း ကျောက်မဲမြို့တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းနိုင်ရန်အတွက် လယ်ယာသုံး စက်ကိရိယာများကို ဒေသခံတောင်သူများ ကျွမ်းကျင်စွာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၂၂ ရက်ထိ ဖွင့်လှစ် သင်ကြားလျက်ရှိကြောင်း သိရသည်။

သင်တန်းတွင် ဒေသခံတောင်သူ ၃၀ တက်ရောက်ကြောင်း ကျောက်မဲမြို့နယ်ဦးစီးဌာနမှူး ဦးလင်းအောင်က ပြောကြားခဲ့သည်။

တောင်သူများကဌာနနှင့် ပြင်ပ ပုဂ္ဂလိကဆိုင်များမှ ဝယ်ယူထားသော လယ်ယာသုံး စက်ကိရိယာများအား ကိုယ်တိုင်လက်တွေ့ အသုံးပြုရာတွင် ကျွမ်းကျင်စေရန်နှင့် အန္တရာယ်ကင်းစွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

သင်တန်းသို့ တက်ရောက်သူများအား ထွန်၊ ထယ် ကိုင်တွယ်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချမည့်အပြင် ထွန်စက်ကြီး၊ငါးစီးဖြင့် ထွန်ယက်ရေးလုပ်ငန်း ဝင်ရောက်ဆောင်ရွက်နိုင်သည်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း အမှတ်(၉၆) စက်မှုလယ်ယာစခန်းမှ သိရသည်။ **ဇော်လွင်(လားရှိုး)**

တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်တိမ်းရှောင်အဖွဲ့ ထိတွေ့တိုက်ပွဲများ ဆက်လက်ဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နယ်မြေခံ ပြည်သူလူထု၏ သတင်းပေးချက်အရ တပ်မတော် စစ်ကြောင်းများက လောက်ကိုင်ဒေသအတွင်း နယ်မြေရှင်းလင်း ခြင်းများ ဆောင်ရွက်ခဲ့ရာ ကိုးကန့်တိမ်းရှောင်အဖွဲ့များနှင့် ဖေဖော်ဝါရီ ၉ ရက်မှ စတင်၍ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ယနေ့တွင်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

လောက်ကိုင်မြို့ အနောက်တောင်ဘက် တောက်ရွှေကျေးရွာ အနီး ဖေဖော်ဝါရီ ၉ ရက်တွင် ထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့သော ကိုးကန့်တိမ်းရှောင်အဖွဲ့အား နယ်မြေအတွင်းအခြေပြုလုပ်ရှားနိုင်ခြင်းမရှိစေရေးအတွက် ယနေ့တွင် တပ်မတော်စစ်ကြောင်းများက ၎င်းတို့ဆုတ်ခွာရာ အနောက်ဘက်နှင့် အနောက်မြောက်ဘက်သို့ ထက်ကြပ်လိုက်လံရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လောက်ကိုင်မြို့ အနောက်မြောက်ဘက်ရှိ ညံ့ခွမ်းကျေးရွာ၏ အရှေ့ဘက်တစ်ပိုက်တွင် သုံးကြိမ်၊ တာရွှေထန်ကျေးရွာ အနောက်မြောက်ဘက်တွင် တစ်ကြိမ် ကိုးကန့်တိမ်းရှောင်အဖွဲ့မှ အင်အားစုများနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ပြီး တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြည်တွင်းရေးရာ

ဧရာဝတီတိုင်းဒေသကြီး မြို့တော်ပုသိမ်၌ တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက် မနောသုခအိမ်ရာစီမံကိန်း ၂၀၁၆ တွင် ပြီးစီးရန်လျာထား

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ပုသိမ်မြို့၌ လက်ရှိကာလတွင် တိုင်းဒေသကြီး၏ မြို့တော်ဂုဏ်ပုဒ်အပြင် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်လျက်ရှိသည်။ မကြာမီ ဖွံ့ဖြိုးလာတော့မည့် စက်မှုဇုန်တွင် ပြည်တွင်းပြည်ပစက်ရုံကြီးများ အခြေချလုပ်ကိုင်လာကြခြင်းအပြင် ဒေသထွက်ထုတ်ကုန်များ၊ စိုက်ပျိုးရေးအခြေခံပစ္စည်းများကို ပြည်ပသို့ တိုက်ရိုက်တင်ပို့နိုင်တော့မည့် ရေနက်ဆိပ်ကမ်းတို့နှင့်အတူ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ အနီးဝန်းကျင်ဒေသများမှလည်း ပုသိမ်မြို့ပေါ်သို့ အခြေချနေထိုင်မှု များပြားလာခဲ့သည်။ ထို့အပြင် တက္ကသိုလ်သို့ လာရောက်ပညာသင်ကြားသော ကျောင်းသား ကျောင်းသူများ၊ ရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့် ပုသိမ်မြို့ပေါ်ရှိ အိမ်ရာလိုအပ်ချက်မှာ မြင့်တက်လာပြီး အိမ်ငှားခ ဈေးနှုန်းများသည်လည်း ကြီးမြင့်လာခဲ့သည်ဟု သိရသည်။

ယင်းအခြေအနေများကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနက ယခင် ဝန်ထမ်းအိမ်ရာအဖြစ် အသုံးပြုခဲ့သော ပုသိမ်မြို့ အမှတ် (၄) ရပ်ကွက် ပြည်တော်သာအိမ်ရာကို ခေတ်နှင့်အညီ ပြန်လည်အဆင့်မြှင့်တင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီးနောက် ၂၀၁၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ အဆိုပါ ပြည်တော်သာအိမ်ရာတွင် လေးခန်းတွဲ နှစ်ထပ် အဆောက်အအုံ ၂၅ လုံး၊ အခန်းပေါင်း ၂၀၀ နှင့် တစ်ထပ်လုံးချင်းအိမ် ၁၅၀ စုစုပေါင်းအခန်းယူနစ် ၃၅၀ ရှိသော အိမ်ရာဖြစ်ပြီး အသစ်ပြန်လည်အဆင့်မြှင့်တင် တည်ဆောက်ပါက ယခင်ကထက် အခန်းအရေအတွက် ပိုမိုရှိလာမည်ဟု သိရသည်။

အဆိုပါ ပြည်တော်သာအိမ်ရာစီမံကိန်းသည် ၁၉၅၇ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး လက်ရှိအချိန်တွင် သက်တမ်းလွန်အဆောက်အအုံအဖြစ် ဟောင်းနွမ်းနေပြီဖြစ်ကြောင်း သိရသည်။ အချို့သောနေရာများသည် ကြံ့ခိုင်မှုအားနည်းလာပြီး ဝန်ထမ်းများ အိမ်ရာလိုအပ်ချက်ဖြစ်ပေါ်လျက်ရှိသောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းညွှန်ကြီးကြပ်မှုနှင့်အတူ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနနှင့် ကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ မနောသုခအိမ်ရာစီမံကိန်းအဖြစ် အကောင်အထည်ဖော်ခဲ့သည်။

ယင်းစီမံကိန်းသည် အစိုးရသစ်လက်ထက် ဝန်ကြီးဌာန၏ သက်တမ်းလွန်အဆောက်အအုံများ ပြန်လည်အဆင့်မြှင့်တင်ခြင်းတွင် ပါဝင်ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ကုမ္ပဏီ ကိုးခုပူးပေါင်းကာ Nine Engineering Group ကုမ္ပဏီအဖြစ် ဌာနနှင့်အကျိုးတူ ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည်ဟု ဧရာဝတီတိုင်းဒေသကြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသင်ဇော်မိုးက ရှင်းပြသည်။

"ပြည်တော်သာအိမ်ရာက နှစ်လည်းကြာနေပြီ။ အသစ်ပြန်ဆောက်တဲ့နေရာမှာ နိုင်ငံတော်က အများကြီးကုန်ကျနိုင်တဲ့အတွက် ကုမ္ပဏီနဲ့ ပူးပေါင်းဆောင်ရွက်တာ။ လက်ရှိဒီကလူအများစုကတော့ ဒီစီမံကိန်းကို သဘောတူကြပါတယ်။ ခုလောလောဆယ်မှာ မြေလွတ်နေရာမှာ လေးခန်းတွဲခြောက်ထပ်တိုက် လေးလုံး ဆောက်နေပါတယ်။ အဲဒါပြီးရင် လက်ရှိနေတဲ့သူတွေကို အဲဒီမှာ နေရာချပြီးရင် တိုက်အဟောင်းတွေကို ဆက်ဆောက်မှာပါ။ အခန်းပေါင်း ၄၄၄ ခန်း ရမှာဖြစ်တဲ့အတွက် အရင်ကထက် ၉၄ ခန်း ပိုထွက် လာပါမယ်။ နေရေးခက်နေတဲ့ ဝန်ထမ်းတွေအတွက် ပိုမိုစီစဉ်ပေးနိုင်မှာပဲ ဖြစ်ပါတယ်။ လက်ရှိမှာတော့ တရားမဝင်နေထိုင်သူတွေလည်း ရှိပါတယ်။ ဒါပေမယ့် တိုင်းဒေသကြီးအစိုးရက ညှိနှိုင်းပြီးအကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးပါမယ်။ ဝန်ကြီးချုပ်က ဆောင်ရွက်ပေးနေပါတယ်။ လက်ရှိ အိမ်ရာနေရာချထားရေးကော်မတီကို ဖွဲ့ထားပြီး ဆောင်ရွက်နေပါတယ်။ စီမံကိန်းတန်ဖိုးကတော့ ကျပ်သိန်းပေါင်း နှစ်သိန်းနှစ်သောင်းဖြစ်ပါတယ်။ မူလတန်းကျောင်းကိုလည်း ကုမ္ပဏီကနေ နှစ်ထပ်ကျောင်းအသစ် ပြန်ဆောက်ပေးပါမယ်။ နောက်ပြီး အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်း၊ ရေမြောင်း၊ ရေဆိုးစနစ်၊ ရေပေးဝေရေးစနစ်၊ လျှပ်စစ်ဓာတ်အား ရရှိရေးနဲ့ ဓာတ်အားအပြည့်အဝရရှိရေးကို ဆောင်ရွက်ပေးမှာပါ။ စီမံကိန်းကာလ နှစ်နှစ် သတ်မှတ်ထားပြီး လာမယ့် ၂၀၁၆ မှာ ပြီးစီးဖို့ လျာထားတယ်။

ကုမ္ပဏီအနေနဲ့ကတော့ အကျိုးအမြတ်ဆိုတာထက် ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းက ပါဝင်နေတဲ့ သဘောပါပဲ"ဟု မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသင်ဇော်မိုးက ပြောသည်။ ၂၆ ဧကကျယ်ဝန်းသော စီမံကိန်းဧရိယာတွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ ရရှိမည့် အဆောက်အအုံ ၁၉ လုံး၊ ၄၄၄ ယူနစ်အပြင် ကုမ္ပဏီဘက်မှ လေးခန်းတွဲ နှစ်ထပ် Shop House ရှစ်လုံး၊ လေးခန်းတွဲ သုံးထပ် သုံးလုံး၊ ၆၀ ထပ် ပေ ၆၀ နှစ်ထပ်၊ လုံးချင်းအိမ်ရာမြေကွက် ၈၀ (လုံးချင်း ၈၀) စုစုပေါင်း ၁၄၈ ယူနစ်ကို ကုမ္ပဏီမှ ရရှိမည်ဖြစ်သည်။

ဌာနမှရရှိသော အခန်းများကို လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ နေရေးအခက်အခဲမရှိစေရေး၊ အိမ်ငှားခကြီးမြင့်စွာဖြင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် နေရာချထားပေးမည်ဖြစ်သည်။ ထို့အပြင် အဆိုပါဧရိယာအတွင်းရှိ မြေလွတ်နေရာတွင် တိုင်းဒေသကြီးအစိုးရစီစဉ်မှုဖြင့် ထပ်မံ၍ အဆောက်အအုံများ ဆောက်လုပ်နိုင်ပြီး လေးခန်းတွဲခြောက်ထပ်တိုက် ၁၂ လုံးမှ နေရေးအခက်အခဲ ဖြစ်ပေါ်နေသော ဝန်ထမ်းအိမ်ထောင်စုပေါင်း ၃၇၀ ကျော်ကိုလည်း ထပ်မံနေရာချထားပေးနိုင်မည်ဟု သိရသည်။

အသစ်ဆောင်ရွက်နေသည့် ယင်းစီမံကိန်းတွင် ယခင်ကထက် အခန်းအကျယ်အဝန်း ပိုမိုကျယ်ဝန်းလာမည်ဖြစ်ပြီး ယခင် အခန်းအကျယ် စတုရန်းပေ ၄၀၀ မှ ယခုတည်ဆောက်သော အခန်းများတွင် စတုရန်းပေ ၆၀၀ ရရှိမည်ဟု သိရသည်။

အခန်းအကျယ် ပိုမိုကျယ်ဝန်းလာမည့်အပြင် အခန်းအရေအတွက် များပြားလာမည်ဖြစ်၍ ဧရာဝတီတိုင်းဒေသကြီး၏ အချက်အချာမြို့တော်ဖြစ်သော ပုသိမ်မြို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ပိုမိုအဆင်ပြေလာမည်ဖြစ်သည့်အပြင် တဖြည်းဖြည်း ရုပ်လုံးပေါ်လာသော ပုသိမ်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများတွင် မနောသုခအိမ်ရာစီမံကိန်းသည်လည်း ၂၀၁၆ ခုနှစ်တွင် ပြီးစီးမည့် စီမံကိန်းတစ်ခုဖြစ်လာမည်ဟု သိရသည်။

(ဆုနှင်းလဲ့)

စတုတ္ထအကြိမ် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၀

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် စတုတ္ထအကြိမ် တိုင်းရင်းသားလူမျိုးစုများဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၉ရက် နံနက် ၈ နာရီက ချမ်းအေးသာစံမြို့နယ် (၃၅)လမ်းရှိ ရှမ်းတိုင်းရင်းသားဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဈေးရောင်းပွဲတော်တွင် တိုင်းရင်းသားလူမျိုးစု ၁၅စု တက်ရောက်ကာ ဒေသထွက်ကုန်များ၊ ရိုးရာအစားအစာများကို ဆိုင်ခန်းများဖွင့်လှစ်ရောင်းချကြပြီး တိုင်းရင်းသူကလေးများကလည်း ရိုးရာဓလေ့ဝတ်စုံများ ဝတ်ဆင်ကာ ကပြဖျော်ဖြေခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးအသီးသီး မိမိတို့ ချစ်ခင်မြတ်နိုးသည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ပြသပြီး မပျောက်ပျက်အောင် အမြဲထိန်းသိမ်းစောင့်ရှောက်ရန်၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ပိုမိုနားလည်မှုရှိပြီး အပြန်အလှန် လေးစားကူညီရိုင်းပင်းခြင်းကို အခြေခံသည့် ပြည်ထောင်စု စိတ်ဓာတ်ကို အမြဲကိန်းအောင်းနေစေရန်နှင့် ဉမကွဲ သိုက်မပျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်သည့် ပြည်ထောင်စုကြီး အမြဲရှင်သန်နေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ဈေးရောင်းပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းပန်းဆိုင်က ပြောသည်။

"(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့မှစပြီး ကျွန်တော်တို့တိုင်းရင်းသားတွေအားလုံး စည်းလုံးအေးချမ်းစွာ ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ထားတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို နှလုံးသွင်းပြီး အဓိကလိုအပ်နေတဲ့ငြိမ်းချမ်းမှုကို တကယ်လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြပါလို့လှိုက်လှိုက်လှဲလှဲပြောချင်ပါတယ်"ဟု ကိုးကန့်တိုင်းရင်းသားအဖွဲ့မှ ပြန်ကြားရေးတာဝန်ခံဦးလှအောင်က ပြောသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ကျေးရွာမီးလင်းရေး လျှပ်စစ်မီးကြိုးနှင့် ဓာတ်တိုင်များစိုက်ထူ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ကျေးလက်ဒေသ လူမှုဘဝမြင့်မားရေးအတွက် ရည်ရွယ်ပြီး လိပ္ပူတ်ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်မီး ကျေးရွာအတွင်း နေရာအနှံ့ရောက်ရှိစေရန် ငွေကျပ် ၃၅၅ သိန်းကျော်တန်ဖိုးရှိ ဓာတ်တိုင်များ၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းစိုက်ထူပေးနိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လိပ္ပူတ်ကျေးရွာတွင် ပြုလုပ်သည့် လိပ္ပူတ်ကျေးရွာမီးလင်းရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် IBTC ဖောင်ဒေးရှင်းမှ ကုမ္ပဏီစုမန်နေဂျာ ဦးစိုးတင့်လေးက ပြောကြားသည်။

ယင်းနောက် ဖောင်ဒေးရှင်းမှ ဦးစိုးမိုးက လိပ္ပူတ်ကျေးရွာမီးလင်းရေးဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြကာ လိပ္ပူတ်ကျေးရွာမီးလင်းရေးကော်မတီသို့ ဖောင်ဒေးရှင်းမှ ဦးတင်အောင်က အလှူငွေများပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လိပ္ပူတ်ကျေးရွာသည် အိမ်ခြေ ၂၀၀ ကျော် လူဦးရေနှစ်ထောင်ကျော်ရှိကာ ကျေးရွာမီးလင်းရေးအတွက် ၂၀၁၄ ခုနှစ် ဧပြီလမှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လျှပ်စစ်မီးများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

(မင်းခန့်စိုး)

အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးထပ်ဆင့်ရှင်းလင်း

ပဲခူး ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ၂၀၁၄ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၉ ရက်က ပဲခူးမြို့ ရပ်ကွက်ကြီး(၂) ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ရုံးခန်း၌ ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့နာယကများဖြစ်ကြသည့် ဒေါ်မြင့်မြင့်စိုး၊ ဒေါ်တင့်မော်၊ ဥက္ကဋ္ဌ ဒေါ်မေသူ၊ အတွင်းရေးမှူး ဒေါ်မိုးသူဇာကျော်နှင့် ခရိုင်၊ မြို့နယ်များမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နာယကဒေါ်မြင့်မြင့်စိုးက အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဒေါ်မေသူက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးမှ အကြံပြုသုံးသပ်ချက်များနှင့် ၂၀၁၅ ခုနှစ် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များကသိရှိလိုသည်များကို မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားခဲ့ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှထောက်ပံ့ပေးသည့် ပညာသင်ထောက်ပံ့ငွေရရှိသူများအား တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၇၅)**

အခြေခံမွေးမြူရေးလုပ်သား သင်တန်းသားများ ဘဲမွေးမြူရေး လက်တွေ့ကွင်းဆင်းလေ့လာ

ပူတာအို ဖေဖော်ဝါရီ ၁၀

ကချင်ပြည်နယ် ပူတာအိုခရိုင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ဖွင့်လှစ်သော အခြေခံမွေးမြူရေးလုပ်သား (CAHW) (၁/၂၀၁၅) သင်တန်းသားများအား ဘဲမွေးမြူရေးသင်ခန်းစာများ လက်တွေ့ကွင်းဆင်း လေ့လာခြင်းကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီက ပူတာအိုမြို့ မြို့မရပ်ကွက်(၂)ရှိ ဘဲမွေးမြူရေးခြံ၌ လက်တွေ့ ကွင်းဆင်းလေ့လာခဲ့ကြသည်။

ထိုသို့ လက်တွေ့ကွင်းဆင်းလေ့လာရာတွင် ဆွမ်ပရာဘွမ်မြို့နယ် ဦးစီးမှူး ဒေါက်တာအောင်သက်စိုးက ဘဲမွေးမြူရေးအဆင့်ဆင့်အား လက်တွေ့သင်ကြားပြသပေးခဲ့ပြီး ယင်းသင်တန်းသို့ ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုလေးအုပ်စု၊ ကျေးရွာ ၁၀ ရွာမှ သင်တန်းသား ၁၀ ဦးတို့ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မွေးမြူလျက်ရှိသည့် ဥစားဘဲအကောင်ရေ ၅၀၀ အား ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာကို ဦးစားပေးဖြန့်ဝေမွေးမြူစေမည်ဖြစ်ပြီး ထပ်မံ၍အသားစားဘဲနှင့် ဥစားဘဲများကို မွေးမြူ၍ ကျေးရွာများသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာသန်းမြင့်ထံမှ သိရသည်။

ဖုန်ကန်(iprd)

တရားမဝင် ကုန်သွယ်မှုပြုလုပ်ခဲ့သော် . . .

နန္ဒာဝင်း
ဟန်နီဝင်း(သတင်းစဉ်)

စားသုံးရန်မသင့်သည့် ကုန်ပစ္စည်းများ ဝင်ရောက်လာခြင်း၊ တရားမဝင်ကုန်ပစ္စည်းဝင်ရောက်မှုကြောင့် ကုန်သွယ်မှုကျဆင်းလာခြင်းတို့ဖြစ်ပေါ်လာသည့်အတွက် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ (Mobile Team) ကို ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းက ဖွဲ့စည်းခဲ့ပြီး ကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထို့အဖွဲ့၏ စစ်ဆေးမှုအကျိုးရလဒ်အနေဖြင့် တရားမဝင်ကုန်သွယ်မှုကြောင့် နိုင်ငံတော်မှဆုံးရှုံးနေသည့် အခွန်ငွေများ တိုးတက်ရရှိလာခဲ့သကဲ့သို့ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများလည်း ဈေးကွက်အတွင်း မျှတသည့် ယှဉ်ပြိုင်မှုများရရှိလာတော့မည်ဖြစ်သည်။ Mobile Team လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ပတ်သက်၍ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်အား သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

မေး။ ။၂၀၁၂ ခုနှစ်မှာ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအတွက် Mobile Team ဆိုပြီး ဖွဲ့စည်းဆောင်ရွက်လာခဲ့တယ်။ အဲဒီလို ဖွဲ့စည်းဖြစ်ခဲ့ပုံကို ပြောပြပေးပါဦး။

ဖြေ။ ။အရင်က မူဆယ်-မန္တလေးလမ်းကြောင်းပေါ်မှာဆိုရင် ရေပူကုန်ပစ္စည်းစစ်ဆေးရေးဂိတ်၊ မြဝတီ-ရန်ကုန်လမ်းကြောင်းဆိုရင် မရမ်းချောင်စစ်ဆေးရေးဂိတ် စတဲ့ ကန့်သတ်ကုန်စစ်ဆေးရေးစခန်းဆိုပြီး စစ်ဆေးရေးစခန်း နှစ်ခုရှိပါတယ်။ အစိုးရသစ်တက်လာပြီးနောက်ပိုင်း ဖြေလျှော့မှုများစွာကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီ စစ်ဆေးရေးဂိတ်တွေကိုဖြေလျှော့မှုတစ်ရပ်အနေနဲ့ ဒီစစ်ဆေးရေးဂိတ် နှစ်ခုကို ဖြုတ်သိမ်းပေးခဲ့ပါတယ်။ ဖြုတ်သိမ်းပေးပြီးတဲ့နောက်ပိုင်း တရားမဝင်ကုန်သွယ်မှု များပြားလာတဲ့အတွက်ကြောင့် ကုန်သွယ်မှုကျဆင်းသွားခဲ့ပါတယ်။

နောက်တစ်ချက်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတဆီကို တရားမဝင်ခိုးထုတ်နေတဲ့ ကုန်သွယ်မှုတွေနဲ့ပတ်သက်ပြီး ပြည်ထောင်စုအဆင့် ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ထိထိရောက်ရောက်လုပ်ပေးဖို့ သဝဏ်လွှာပေးပို့ပါတယ်။ အဲဒီအတွက် နိုင်ငံတော်သမ္မတက ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှာ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

မေး။ ။Mobile Team ဖွဲ့စည်းဆောင်ရွက်ပြီးနောက်ပိုင်းမှာ အများဆုံးဖမ်းဆီးရမိခဲ့တဲ့ ကုန်ပစ္စည်းတွေကို သိပါရစေ။

ဖြေ။ ။လုပ်ငန်းကို ၂၀၁၂ နှစ်ကုန်ပိုင်းမှာ စတင်လုပ်ဆောင်ခဲ့ပါတယ်။ အခု ၂၀၁၅ ခုနှစ် ဇန်နဝါရီလကုန်အထိဆိုရင် ခန့်မှန်းတန်ဖိုးစုစုပေါင်းကျပ် ဘီလီယံ ၃၀ ကျော်ရှိပါတယ်။ အများဆုံးအမှုကတော့ ကျောက်စိမ်းဖြစ်ပါတယ်။ သယ်ဆောင်တဲ့ယာဉ်အပါအဝင် တန်ဖိုးအများဆုံးဖြစ်ပါတယ်။ ဒုတိယက သစ်တောထွက်ပစ္စည်းတွေဖြစ်ပါတယ်။ တတိယကယာဉ်နဲ့ ယာဉ်အပိုပစ္စည်းတွေ၊ မော်တော်ဆိုင်ကယ်တွေဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၃ ရက်နေ့ဖြစ်စဉ်မှာဆိုရင် အမိုးနီးယားနိုက်ထရိတ်(ammonia nitrate) နဲ့ လျှပ်စစ်ပစ္စည်းဆိုင်ရာတွေ ဖမ်းဆီးရရှိခဲ့ပါတယ်။ အခွန်နှုန်းထားနည်းတဲ့ အရာတွေကို ပုံမှားရိုက်ပြီး တင်သွင်းတာမျိုးတွေ၊ အမယ်လွဲတာ၊ အပိုတင်ဆောင်တာမျိုးတွေ၊ သို့ဝှက်သယ်ဆောင်တာမျိုးတွေရှိတယ်။ စခန်းတွေကလည်း Risk Management နဲ့ ကားအစီး ၁၀၀ လာရင် ကားအစီး ၁၀၀ လုံးကို စစ်ဆေးတာမျိုးမဟုတ်ဘဲ ၁-၃-၆ မဲစနစ်နဲ့ စစ်ဆေးတာဖြစ်ပါတယ်။ (၁)က အနီဖြစ်ပြီး အကုန်ချစစ်တာဖြစ်တယ်။ (၃)က အဝါ X-ray ဖြတ်စစ်တာဖြစ်တယ်။ (၆)က အစိမ်းအကုန်လွတ်တာ ဖြစ်တယ်။ အချို့က အခွန်နှုန်းထားနည်းတဲ့ ရေသန့်လိုအရာကို ပြပြီးများတဲ့ အချိုရည်တင်တာတွေရှိသလို ဘိလပ်မြေကို ခာတ်မြေဩဇာအိတ်စွပ်ပြီး တင်သွင်းလာတာမျိုးတွေ ရှိတယ်။ အဲလိုအရာတွေကို အကောက်ခွန်ဦးစီးဌာနနဲ့ ညှိနှိုင်းဖော်ထုတ်ခဲ့ရတာတွေ ရှိပါတယ်။

မေး။ ။လက်ရှိမှာ အရေးယူဆောင်ရွက်နေတဲ့ အမှုတွေရှိရင်လည်း သိချင်ပါတယ်။

ဖြေ။ ။တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် နိုင်ငံတကာဆိပ်ကမ်း ငါးခုရှိပါတယ်။ ပြည်တွင်းကမ်းရိုးတန်းသွားဆိပ်ကမ်းငါးခု၊ စက်သုံးဆီတင်သွင်းမှုနဲ့ပတ်သက်ပြီး စိစစ်တာရှိပါတယ်။ ရန်ကုန်လေဆိပ်မှာဆိုရင် ကုန်ပစ္စည်းတင်သွင်းတာနဲ့ ပတ်သက်ပြီး စိစစ်တာရှိပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာဆိုရင် ဂေါ်ဝန်ဆိပ်၊ တံတားဦးလေဆိပ်တွေမှာ စစ်ဆေးနေတာရှိပါတယ်။ နောက်တစ်ခုက မူဆယ်-မန္တလေးလမ်းကြောင်းမှာ နောင်ချိုတို့မှာ Mobile Team လှုပ်ရှား(၁)ဆိုပြီးထားပါတယ်။ မြဝတီ-ရန်ကုန်လမ်းကြောင်းမှာဆိုရင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မှာ ညောင်ခါးရှည် လှုပ်ရှား(၂) ဆိုပြီးထားရှိပါတယ်။ တာချီလိတ်မှာ ရှောင်ကွင်းလမ်း(၄) နေရာဆိုပြီး ဆောင်ရွက်နေတာရှိပါတယ်။ ကျိုင်းတုံမှာလည်း တစ်ခုထားပါတယ်။ ကျန်တဲ့အဖွဲ့တွေကတော့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေရဲ့ ပတ်ဝန်းကျင်ရှောင်ကွင်းလမ်းတွေကို ထိန်းချုပ်ထားပါတယ်။ အရေးယူမှုအပိုင်းအနေနဲ့ ပို့ကုန်/သွင်းကုန် ၂၀၁၂ ဥပဒေနဲ့အညီ ဆောင်ရွက်နေပါတယ်။ ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေဆိုပြီး အရေးယူမှုအပိုင်း နှစ်ပိုင်းရှိပါတယ်။ မူးယစ်ဆေးဝါးတို့၊ လက်နက်ခဲယမ်းတို့ဆိုရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလွှဲပြောင်းပြီး အရေးယူဆောင်ရွက်ရပါတယ်။ ကျောက်စိမ်းဆိုရင် သတ္တုတွင်းဝန်ကြီးဌာန၊ သစ်ဆိုရင် သစ်တောဦးစီးဌာန၊ အခြားကုန်ပစ္စည်းတွေဆိုရင် အကောက်ခွန်ဦးစီးဌာနဆိုပြီး လွှဲပြောင်းအရေးယူဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။Mobile Team တွေမှာ အားနည်းချက်တွေရှိရင်လည်း ပြောပြပါဦး။

ဖြေ။ ။အားနည်းချက်က ကျွန်တော်တို့နဲ့ဆိုရင် ကုန်းတွင်းနယ်နိမိတ်ချင်းထိစပ်မှုဟာ ရှည်လျားပါတယ်။ တရားဝင်ဂိတ်ကနေပြီး ဝင်/ထွက်လုပ်ဖို့ကို နှစ်နိုင်ငံညှိနှိုင်းပြီး နယ်စပ်ကုန်သွယ်ရေးစခန်းတွေ ဂိတ်တွေကနေ ဖွင့်ပေးထားပါတယ်။ ဒါပေမယ့် တရားမဝင်မှောင်ခိုလုပ်ချင်တဲ့သူတွေက ခြံစည်းရိုးမရှိတဲ့အတွက်ကြောင့် ရှောင်ကွင်းလမ်းတွေကနေ နယ်နိမိတ်မျဉ်းကိုဖြတ်ကျော်ပြီး နည်းလမ်းမျိုးစုံနဲ့ နိုင်ငံအတွင်းကို စီးဝင်နေတာ ဖြစ်ပါတယ်။ ရှိတဲ့အင်အားနဲ့ ဆောင်ရွက်ရတာဖြစ်တယ်။ ပြီးတော့ အခြေခံအဆောက်အအုံတွေ မလုံလောက်တဲ့အတွက် အားနည်းချက်ကတော့ ရှိပါတယ်။ ရာနှုန်းပြည့်တော့ မဆောင်ရွက်နိုင်သေးပါဘူး။

ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်

Mobile Team တွေ ထားရှိတဲ့နေရာတွေမှာတော့ ထိထိရောက်ရောက်နဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။

မေး။ ။တရားမဝင်ကုန်သွယ်သူတွေဘက်က ညှိနှိုင်းမှုတွေလုပ်လာတာရော ရှိပါသလား။

ဖြေ။ ။တစ်ဖက်မှောင်ခိုတွေအနေနဲ့ ညှိတာနှိုင်းတာတွေ လုပ်လာနိုင်တဲ့ အနေအထားရှိတယ်။ လုပ်လည်းလုပ်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဝန်ထမ်းတွေကို နေ့တွက်စရိတ်အနေနဲ့ ငွေကျပ် ၅၀၀၀ ထုတ်ပေးပြီး လာဘ်ပေးလာဘ်ယူမှု နည်းနိုင်သမျှ နည်းအောင် စီစဉ်ဆောင်ရွက်နေပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ရှိကောင်းရှိနိုင်ပါလိမ့်မယ်။ အတတ်နိုင်ဆုံး check and balance ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့မှာ စီးပွားကူးသန်း၊ အကောက်ခွန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ ကုန်သည်အသင်းနဲ့ မီဒီယာရယ်ဆိုပြီး အဖွဲ့ခြောက်ဖွဲ့နဲ့ ဆောင်ရွက်တဲ့အတွက် ညှိမယ် နှိုင်းမယ်ဆိုရင် အခုမပေါ်တောင် နောက်ပြန်ပေါ်မယ့် အနေအထားရှိပါတယ်။ လတ်တလောမှာတော့ လာဘ်ပေးလာဘ်ယူမှုနည်းပါးတာကိုတွေ့ရပါတယ်။

မေး။ ။ပြည်သူတွေက ချယ်ရီဦးနာရီကိစ္စတွေ၊ premium food ကိစ္စတွေနဲ့ပတ်သက်ပြီး သိချင်နေကြပါတယ်။

ဖြေ။ ။ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေ တရားဝင်လိုင်စင်နဲ့ ချယ်ရီဦးက နာရီတွေ တင်သွင်းလာပါတယ်။ import declaration စာရွက်နဲ့ မြေပြင်စစ်ဆေးတွေ့ရှိမှုမှာ ကွဲလွဲတဲ့အတွက် လတ်တလောမှာ အကောက်ခွန်ဦးစီးဌာနကနေ စစ်ဆေးလျက်ရှိပါတယ်။ ဒဏ်ကြေးရိုက်ပြီး ကျသင့်တဲ့အခွန်ကိုဆောင်လိုက်ရင် ထုတ်ယူလို့ရပါတယ်။ premium food နဲ့ပတ်သက်ရင် တားဆီးထားတာတွေရှိပါတယ်။ လတ်တလောမှာ သက်ဆိုင်ရာရဲတပ်ဖွဲ့က စစ်ဆေးဆောင်ရွက်ဆဲဖြစ်ပါတယ်။ မပြီးပြတ်သေးဘူးလို့ သိရပါတယ်။

မေး။ ။Mobile Team အဖွဲ့ရဲ့ စစ်ဆေးဆောင်ရွက်ပြီးတဲ့နောက် ကုန်သွယ်မှုတိုးတက်လာတယ်လို့လည်း သိရပါတယ်။ အဲဒါကိုလည်း ရှင်းပြပေးပါဦး။

ဖြေ။ ။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပြန်ပြီးနှိုင်းယှဉ်ရင် အစိုးရသစ်တက်လာပြီးနောက်ပိုင်း ကျွန်တော်တို့ကုန်သွယ်မှုက အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၃ လောက် တက်လာတာတွေ့ရပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅ တက်တဲ့အတွက် တက်တဲ့နှုန်းက နည်းတာတွေ့ရပါတယ်။ ဘာလို့ ဒီလိုနည်းတာလဲလို့ စစ်ဆေးလိုက်တဲ့အခါ ဖြေလျှော့မှုများပြီး Check and Balance မရှိတာကိုတွေ့ရတယ်။ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးပြီးနောက်ပိုင်း Mobile Team က နေရာတော်တော်များများမှာ ထိန်းချုပ်နိုင်တဲ့အတွက် ကုန်သွယ်မှုပမာဏက ၂၀၁၃-၁၄ ဘဏ္ဍာနှစ်မှာ ၂၅ ဘီလီယံနီးပါးတက်လာတာကို တွေ့ရပါတယ်။ တရားမဝင်ကုန်သွယ်မှုတွေက တရားဝင်လမ်းကြောင်းပေါ်တက်လာတဲ့အတွက် တစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဘီလီယံလောက် ကုန်သွယ်မှုတက်လာခဲ့ပါတယ်။ နိုင်ငံတော်က ဆုံးရှုံးခဲ့တဲ့ အခွန်ငွေတွေလည်း ပြန်ရလာခဲ့တယ်။ နောက်တစ်ခုက ပြည်တွင်းအသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေလည်း ဈေးကွက်ပြန်ပြီး ရလာခဲ့ပါတယ်။ ခြင်ဆေးခွေ၊ ကလေးတွေစားတဲ့ အစပ်ချောင်းတွေအပါအဝင် စားသုံးဖို့မသင့်တဲ့ အစားအစာသန်းပေါင်း ၁၂၀၀ နီးပါးလောက် မီးရှို့ဖျက်ဆီးနိုင်ခဲ့ပါတယ်။

မေး။ ။Mobile Team တွေရဲ့ လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး မကျေနပ်လို့ တိုင်ကြားချင်တာတွေရှိရင် ဘယ်လိုဆက်သွယ်ဆောင်ရွက်ရမယ်ဆိုတာကိုလည်း ပြောပြပေးပါဦး။

ဖြေ။ ။Mobile Team တွေရဲ့ လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး မကျေနပ်လို့ တိုင်ကြားချင်ရင် တိုင်ကြားလို့ရတဲ့ ဖုန်းနံပါတ်တွေကို ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ Mobile Team အဖွဲ့တွေရဲ့ လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီးတိုင်ကြားနိုင်သလို တရားမဝင်ကုန်သွယ်မှုတွေနဲ့ပတ်သက်ပြီး အသိပေးခဲ့မယ်ဆိုရင် အရေးယူဆောင်ရွက်မှာဖြစ်ပါတယ်။

မေး။ ။ ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားနိုင်ပါတယ်။

ဖြေ။ ။ကျွန်တော်တို့အနေနဲ့ အင်အား ၆၅၀ လောက်ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် အခက်အခဲလေးတွေတော့ ရှိပါတယ်။ အာဆီယံလွတ်လပ်စွာကုန်သွယ်မှုဇုန်၊ အာဆီယံစီးပွားရေးအသိုက်အဝန်းတွေကိုဆောင်ရွက်တော့မှာဖြစ်တဲ့အတွက် နိုင်ငံတော်ကလည်း ဖြေလျှော့မှုတွေကို ဒေသတွင်းသာမက နိုင်ငံတကာအဆင့်နဲ့ကိုက်ညီအောင် အဆင့်ဆင့်ဖြေလျှော့ပေးသွားမှာ ဖြစ်ပါတယ်။ မတော်လောဘရှိတဲ့သူတွေလည်း ရှိနေမှာဖြစ်တဲ့အတွက် သူတို့ကို လမ်းကြောင်းမှန်ပေါ်ရောက်အောင် ဆောင်ရွက်ရမှာဖြစ်တယ်။ ဒါ့ကြောင့် အားလုံးပူးပေါင်းပါဝင်မှ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဟာ အထိုက်အလျောက်အောင်မြင်မှာ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် နိုင်ငံတော် သမ္မတရုံးက အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး တရားမဝင်ကုန်သွယ်ရေးတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်ဦးရေ ၂၀ ပါဝင်သည်။ တရားမဝင်ကုန်သွယ်မှုတားဆီးရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးအတွက် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၄ ရက်နံနက်က မန္တလေး-မူဆယ်လမ်းကြောင်းပေါ်ရှိ အေးရှားဝေါလ်တိုးဂိတ်အနီးတွင်လည်း တရားမဝင်ကျောက်စိမ်းတင်ဆောင်လာသည့်ယာဉ်အား စစ်ဆေးတွေ့ရှိသဖြင့် အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံအရေးယူခဲ့သည်။

○ မြန်မာယူ-၂၀ မှ

ဥရုဂွေး၊ ဆားဘီးယား၊ အုပ်စု(င)တွင် အာဖရိက ချန်ပီယံ ဘရာဇီး၊ မြောက်ကိုရီးယား၊ ဟန်ဂေရီ၊ အုပ်စု(စ)တွင် ဂျာမနီ၊ ဖီဂျီ၊ ဥဇဘက်ကစ္စတန်နှင့် ဟွန်ဒူးရပ်စ်အသင်းတို့ပါဝင်နေသည်။ အာဖရိက ယူ-၂၀ ပြိုင်ပွဲမှာ မတ်လမှ ပြီးဆုံးမည်ဖြစ်သောကြောင့် ပြိုင်ပွဲဝင်ခွင့်ရမည့် အသင်းလေးသင်းကို ကြိုတင်မဲနှိုက်ရေးဆွဲထားခြင်း ဖြစ်သည်။ မြန်မာအသင်းမှာ အုပ်စုပွဲစဉ်များအဖြစ် မေ ၃၀ တွင် အမေရိကန်အသင်း၊ ဇွန် ၂ ရက်တွင် ယူကရိန်းအသင်း၊ ဇွန် ၅ ရက်တွင် အိမ်ရှင် နယူးဇီလန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးနှစ်သင်းစီနှင့် အကောင်းဆုံးအုပ်စု တတိယနေရာရ အသင်းလေးသင်းမှာ ရှုံး/ထွက်အဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ မြန်မာအသင်းမှာ အုပ်စုမဲခွဲရာတွင် ထိပ်သီးအသင်းများဖြစ်သည့် ဥရောပချန်ပီယံ ဂျာမနီ၊ တောင်အမေရိကချန်ပီယံ အာဂျင်တီးနားတို့အပါအဝင် ဘရာဇီး၊ ပေါ်တူဂီ၊ ဥရုဂွေးတို့ကို ရှောင်ရှားနိုင်ခဲ့သောကြောင့် ရှုံး/ထွက်အဆင့်သို့ တက်ရောက်နိုင်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ မြန်မာအသင်းမှာ အိမ်ရှင်နယူးဇီလန်အသင်းနှင့် နောက်ဆုံးမှ ကစားရမည်ဖြစ်ရာ အခွင့်အရေးတစ်ရပ်ဖြစ်လာနိုင်ပြီး ယူကရိန်းအသင်းမှာ ဥရောပ ယူ-၂၀ ပြိုင်ပွဲတွင် အုပ်စုတတိယနေရာသာရရှိခဲ့ပြီး ယခုပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ယူကရိန်းအသင်းမှာ အုပ်စုတွင် ဘူဂေးရီးယားကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရပြီး ဆားဘီးယားနှင့် တစ်ဂိုးစီသရေကျကာ ဂျာမနီကို နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ အမေရိကန်အသင်းမှာ ဘွန်ဘာကက်ဖ်ဇုန်တွင် Play-Off ကစားခဲ့ပြီး ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၂၀ အသင်းဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကမ္ဘာကျော်ဘောလုံးသမားများမွေးထုတ်ပေးသည့် ပြိုင်ပွဲတစ်ခုဖြစ်ပြီး မာရာဒိုနာ၊ မက်ဆီ၊ ဒီမာရီယာ၊ ရော်ဘင်၊ အော်စကာစသည့် ကစားသမားများမှာ ယခုပြိုင်ပွဲမှထွက်ပေါ်လာခြင်းဖြစ်ရာ မြန်မာကစားသမားများအတွက် အကျိုးရှိသည့် ပြိုင်ပွဲဖြစ်သည်။

နိုင်ငံ့ဂုဏ်ဆောင် ရွှေခေတ်ဘောလုံးသမားဟောင်းကြီး ဦးတင်အောင်(ဂိုး)က "ယူ-၂၀ ပြိုင်ပွဲဖြစ်တာကြောင့် ခြေစွမ်းပိုင်းက အရမ်းကြီးမကွာနိုင်ပါဘူး။ ကျွန်တော်တို့ မြန်မာအသင်းရဲ့အခြေအနေက ပြိုင်ဘက်တွေကို ယှဉ်ပြိုင်ကစားနိုင်ပါတယ်။ နယူးဇီလန်က အိမ်ရှင်အားပဲရှိပြီး ယူကရိန်းနဲ့ အမေရိကန်က လူငယ်အဆင့်မှာ ဒီလောက်မကောင်းပါဘူး။ ယေဘုယျပြောရရင် ကျွန်တော်တို့ နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်ရှိပါတယ်။ ကစားသမားတွေကို ပြောချင်တာက ပထမဆုံးယှဉ်ပြိုင်ခွင့်ရတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နိုင်ငံအတွက် အစွမ်းကုန်ကြိုးစားကြပါလို့ မှာချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း ချင်းယူနိုက်တက်အသင်းအုပ်ချုပ်သူ ဦးဆန်းဝင်းက "အုပ်စုအနေအထားအရ ကျွန်တော်တို့ နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်ရှိပါတယ်။ ယူကရိန်းအသင်းရဲ့ အနေအထားကို မသိရပေမယ့် တူရကီခရီးစဉ်မှာ ဂျက်တာဒိုးနက်အသင်းနဲ့ ကစားခဲ့တာဟာ မြန်မာအသင်းအတွက် အများကြီးအကျိုးရှိပါလိမ့်မယ်။ နယူးဇီလန်ကတော့ အိမ်ရှင်အားပဲရှိပါလိမ့်မယ်။ အမေရိကန်ကလည်း အကောင်းဆုံးအသင်းမဟုတ်တာကြောင့် ကျွန်တော်တို့ ယှဉ်ကစားနိုင်ပါလိမ့်မယ်။ ယူ-၂၀အသင်းက အသင်းလိုက်ပုံစံနဲ့ ကစားတာဖြစ်ပြီး ဂတ်ဖရိုင်းဒရစ်လို နည်းပြကောင်းပိုင်ဆိုင်ထားတာကြောင့်လည်း ပိုကောင်းလာတာပါ။ အုပ်စုအနေအထားနဲ့ပြောရင် ကျွန်တော်တို့အုပ်စုတက်ပါလိမ့်မယ်။ ဒုတိယနေရာမရခဲ့ရင်တောင် အကောင်းဆုံးအုပ်စု တတိယနဲ့တက်မှာပါ"ဟု ပြောကြားခဲ့သည်။

မြန်မာယူ-၂၀ အသင်းခေါင်းဆောင် နန္ဒကျော်က "ကျွန်တော်တို့အနေနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရဖို့ ကြိုးပမ်းခဲ့ပါတယ်။ အခု ရည်မှန်းချက်တွေ အောင်မြင်ပြီး ဝင်ခွင့်ရခဲ့ပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း အကောင်းဆုံး ယှဉ်ပြိုင်နိုင်ဖို့ကြိုးစားနေပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဘယ်အသင်းမှ အားနည်းတာမရှိပါဘူး။ ဒါကြောင့် အသင်းတိုင်းကို ခက်ခဲစွာယှဉ်ပြိုင်ရမှာပါ။ အုပ်စုမှာပါတဲ့ အသင်းတွေအနေအထားကြောင့် နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

◆

စီးရီးအေ ရင်ခုန်သံ (၂၃)

စီးရီးအေပွဲစဉ်(၂၃)မှာ ရိုးမား၊ ဂျူဗင်တပ်နဲ့ အေစီမီလန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိနိုင်ပေမယ့် ပြိုင်ဘက်အသင်းတွေရဲ့ခံကစားအားကြောင့် ဂိုးပြတ်နိုင်ပွဲတွေ ရရှိဖို့ ခက်ခဲနိုင်တယ်။ ဒီပွဲစဉ်မှာ အတ္တလန်တာနဲ့ ရင်ဆိုင်ရမယ့် အင်တာမီလန်အသင်း နိုင်ပွဲရရှိဖို့ ရုန်းကန်ရနိုင်တယ်။

ဆာစူအိုလို -ဖီအိုရင်တီးနား 14-2-15 (10:30 PM)

ဆာစူအိုလိုဟာနောက်ပိုင်းအိမ်ကွင်းပွဲတွေမှာ ရုန်းအားကောင်းနေသလို အသင်းကြီးတွေကိုလည်း အခက်တွေ့စေတတ်တဲ့အသင်းဖြစ်တယ်။ ဖီအိုရင်တီးနားအသင်းကတော့ နောက်ပိုင်းအဝေးကွင်းပွဲတွေမှာ ခြေစွမ်းအနည်းငယ်ကျနေတာကြောင့် ဆာစူအိုလိုကို ခက်ခက်ခဲခဲရင်ဆိုင်ရနိုင်တယ်။

ပါလာမို - နာပိုလီ 15-2-15 (2:15 AM)

ပါလာမိုက အိမ်ကွင်းခြေစွမ်းပိုင်းမဆိုးသလို ရိုးမားကိုတောင် သရေကစားနိုင်ခဲ့တဲ့အသင်းဖြစ်တယ်။ ဒါပေမယ့် နာပိုလီကလည်းအဝေးကွင်းမှာ ရုန်းအားကောင်းမွန်တတ်ပြီး ပါလာမိုနဲ့ဆုံတွေ့တဲ့ပွဲတွေမှာလည်း ကစားပုံမဆိုးဘူး။

အေစီမီလန် - အမ်ပိုလီ 15-2-15 (6:00 PM)

အေစီမီလန်ဟာ ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံရရှိဖို့ ရုန်းကန်နေရဆဲဖြစ်ပေမယ့်အိမ်ကွင်းပွဲတွေမှာတော့ ရလဒ်ကောင်းရရှိဖို့ အထူးအားစိုက်လေ့ရှိတဲ့အသင်းဖြစ်တယ်။ အမ်ပိုလီကနောက်ဆုံးအဝေးကွင်းပွဲမှာ ရိုးမားကို သရေကစားနိုင်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းသာမန်သာရှိတယ်။

တိုရီနို-ကယ်ဂလီယာရီ 15-2-15 (8:30 PM)

တိုရီနိုက ခြေစွမ်းတည်ငြိမ်နေသလို ဂိုးသွင်းခြေလည်း ကောင်းမွန်နေတယ်။ ကယ်ဂလီယာရီကတော့ အဝေးကွင်းပွဲတွေမှာ ပုံမှန်ခြေစွမ်းရရှိဖို့ အားစိုက်နေရတယ်။

ဂျီနိုအာ-ဗီရိုနာ 15-2-15 (8:30 PM)

ဂျီနိုအာရဲ့ ခြေစွမ်းအားနည်းမှု အနည်းငယ်ရှိပေမယ့် အိမ်ကွင်းမှာ ကစားအားကောင်းမွန်မှုရှိတယ်။ ဗီရိုနာရဲ့အဝေးကွင်းခြေသာမန်သာရှိပြီး ခံစစ်ကလည်း အားနည်းနေတယ်။

အူဒီးနီးစ်-လာဇီယို 15-2-15 (8:30 PM)

အူဒီးနီးစ်ရဲ့တိုက်စစ်က အနည်းငယ် အားနည်းနေပေမယ့် နောက်ဆုံးအိမ်ကွင်းပွဲမှာ ဂျူဗင်တပ်ကိုတောင် သရေကစားနိုင်ခဲ့တယ်။ လာဇီယိုက နောက်ဆုံးအဝေးကွင်းပွဲမှာဆီစီနာကို အရေးနိမ့်ခဲ့ရပေမယ့် ခြေစွမ်းမဆိုးဘူး။

အတ္တလန်တာ-အင်တာမီလန် 15-2-15 (8:30 PM)

အတ္တလန်တာက ခြေစွမ်း အကောင်းပုံစံရရှိဖို့ အားစိုက်နေရတယ်။ ဒါပေမယ့် အင်တာမီလန်ကလည်း နောက်ပိုင်း အဝေးကွင်းပွဲတွေမှာ ကစားပုံအားနည်းမှုရှိနေတယ်။

ရိုးမား-ပါးမား 15-2-15 (8:30 PM)

ရိုးမားက စီးရီးအေ နောက်ဆုံးအိမ်ကွင်းလေးပွဲဆက် သရေရလဒ်တွေသာရရှိခဲ့မှုကို အဆုံးသတ်နိုင်ဖို့ အားစိုက်လာမှာပါ။ ပါးမားက အဝေးကွင်းမှာ ရင်ဆိုင်ရတဲ့ပွဲတွေမှာ ခြေစွမ်းအားနည်းတတ်ပြီး ဂိုးရဖို့ ရုန်းကန်ရလေ့ရှိတယ်။

ချီယေဗို-ဆမ်ဒိုးရီးယား 15-2-15 (11:30 PM)

ချီယေဗိုက အိမ်ကွင်းမှာ ဖီအိုရင်တီးနား၊ နာပိုလီတို့ကို အခက်တွေ့စေခဲ့တဲ့အသင်းဖြစ်တယ်။ ဆမ်ဒိုးရီးယားကလည်း ခြေစွမ်းပိုင်း အားနည်းမှုရှိ နေတယ်။

ဆီစီနာ-ဂျူဗင်တပ် 16-2-15 (2:15 AM)

ဆီစီနာက ခြေစွမ်းပိုင်း မဆိုးသလို ဂိုးသွင်းခြေလည်း ရှိနေတယ်။ ဂျူဗင်တပ်က နောက်ဆုံးအဝေးကွင်းပွဲမှာ အူဒီးနီးစ်ကို သရေသာကစားနိုင်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းမာကျောမှုရှိတယ်။

ရှိုင်းမင်းမင်း

စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးတွင် ပရိသတ်များ အခမဲ့ကြည့်ရှုအားပေးနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

တစ်မျိုးသားလုံး၊ ပြည်သူတစ်ရပ်လုံး အားကစားလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်နှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က ပေးအပ်ထားသည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် အားကစားလှုပ်ရှားမှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားအားကစားပွဲတော်ကြီးကို ၁၉၉၂၊ ၁၉၉၄၊ ၁၉၉၇ ခုနှစ်တို့တွင် ကျင်းပခဲ့ပြီး (၁၈)နှစ်တာကာလ ၂၀၁၅ ခုနှစ်သို့ရောက်မှသာ စတုတ္ထအကြိမ်မြောက် ပြန်လည်ကျင်းပရခြင်းဖြစ်သည်။ စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ အားကစားကွင်း/ အားကစားရုံများတွင် ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုယ်စားပြုအသင်းများနှင့် နေပြည်တော်ကောင်စီနယ်မြေကိုယ်စားပြုအသင်း အပါအဝင် အသင်း ၁၅ သင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသွားမည်ဖြစ်ပြီး ပိတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းအတွင်း အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအပြီး ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်း ၂၇ မျိုးထည့်သွင်းကျင်းပမည်ဖြစ်သည်။ အားကစားနည်းများအနေဖြင့် ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်/စနူကာ၊ ကာယကြံ့ခိုင်မှု၊ လက်ဝှေ့၊ စစ်တုရင်၊ ခြင်းလုံး၊ စက်ဘီး၊ ဘောလုံး(ကျား၊မ)၊ ဖူဆယ်(ကျား၊မ)၊ ဂေါက်သီး၊ ဂျူဒို၊ ကရာတေးဒို၊ ရိုးရာလှေ၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ ဒိုင်ဗင်၊ ရိုးရာလက်ဝှေ့၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ မြန်မာ့သိုင်း၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ Triathlon (သုံးမျိုးစုံ)၊ ခရစ်ကတ်အားကစားနည်းများဖြစ်ပြီး ပြိုင်ပွဲဝင် ၁၅ သင်းနှင့် စုစုပေါင်းပြိုင်ပွဲဝင် အင်အား ကျား ၂၈၉၅ ဦး၊ မ ၁၄၆၆ ဦး စုစုပေါင်း ၄၃၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်ရရှိခဲ့သာ အောင်မြင်မှုများကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်စေရန်နှင့် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရယူနိုင်ရေးအတွက် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် မျိုးဆက်သစ်များပေါ်ထွက်လာရေးကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဖွင့်ပွဲ/ပိတ်ပွဲအပါအဝင် အားကစားပြိုင်ပွဲ အားလုံးကို အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် ကွင်းဝင်ပေါက်ဂိတ်အမှတ် (၁) ဂိတ်မှလွဲ၍ ကျန်ဂိတ်များအားလုံး၌ လုံခြုံရေးအရ စစ်ဆေးခံ၍ အခမဲ့ ဝင်ရောက် ကြည့်ရှုအားပေးနိုင်ကြသည်။ **(အားကစား)**

ဟသ်ာတတက္ကသိုလ် ဘာသာရပ်အလိုက် အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲကျင်းပ

ဟသ်ာတ ဖေဖော်ဝါရီ ၁၀

ဟသ်ာတတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘာသာရပ်အလိုက် အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် ညနေ ၃နာရီက ဟသ်ာတတက္ကသိုလ် ဘောလုံးကွင်း၌ ကျင်းပသည်။

ထို့နောက် ၂၀၁၃-၂၀၁၄ပညာသင်နှစ်တွင် ဘူမိဗေဒဘာသာရပ်အသင်းမှ ဆွတ်ခူးရရှိသော တံခွန်စိုက်ဒိုင်းဆုအား ဘူမိဗေဒ ပါမောက္ခဌာနမှူး ဒေါက်တာသိဂီကျော်က အားကစားကော်မတီဥက္ကဋ္ဌ ပထဝီဝင်ပါမောက္ခ/ဌာနမှူး ဒေါက်တာဇော်လတ်ထွန်းထံ ပြန်လည်အပ်နှံသည်။

ဆက်လက်၍ အားကစားသမားများမှ အားကစားသစ္စာဓိဋ္ဌာန်ရွတ်ဆိုပြီး ကွင်းအဖွင့်ပထမပွဲစဉ် ဘူမိဗေဒဘာသာရပ်အသင်းနှင့် ရူပဗေဒဘာသာရပ်အသင်းတို့ ယှဉ်ပြိုင်ကစားသည်။

အဆိုပါ ဘာသာရပ်အလိုက် အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ဒုတိယပါမောက္ခချုပ်နှင့် ဘာသာရပ်အလိုက် ကထိက/ဌာနမှူး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများနှင့် ဘာသာရပ်အလိုက် ပါဝင်ကစားကြမည့် ကစားသမားများ တက်ရောက်ကြပြီး ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ရက်မှ ၂၃ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဟယ်ရီကိန်းထက် စတားရစ်ခ်ျ ပိုကောင်းသည်ဟု လီဗာပူးနည်းပြ ဘရန်ဒန်ရော်ဂျာဆို

လီဗာပူးနည်းပြ ဘရန်ဒန်ရော်ဂျာက စပါးတိုက်စစ်မှူး ဟယ်ရီကိန်းသည် လက်ရှိတွင် ခြေစွမ်းပြနေသော်လည်း ၎င်းတို့အသင်း၏ တိုက်စစ်မှူးစတားရစ်ခ်ျကသာ အင်္ဂလန်၏ အကောင်းဆုံးတိုက်စစ်မှူးဖြစ်သည်ဟု ဆိုလိုက်သည်။

မြောက်လန်ဒန်ဒါဘီပွဲတွင် ကိန်း၏ သွင်းဂိုးများဖြင့် အာဆင်နယ်ကို အနိုင်ယူနိုင်ခဲ့ရာ အသက် (၂၁)နှစ်သာ ရှိသေးသော် ကစားသမားကို အင်္ဂလန်လက်ရွေးစင် အသင်းအတွက် ရွေးချယ်တော့မည်ဆိုသည့် သတင်းများ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာခဲ့သည်။ သို့သော် ရော်ဂျာက အဆိုပါ စပါးတိုက်စစ်မှူးမှာ အင်္ဂလန်အသင်း၏ ရေရှည်စီမံကိန်းတွင် အရေးကြီးသည့် ကစားသမားဖြစ်နိုင်သော်လည်း စတားရစ်ခ်ျမှာမူ အင်္ဂလန်၏ နံပါတ်(၁)တိုက်စစ်မှူးအဖြစ် ရှိနေဆဲပင်ဖြစ်သည်ဟု ဆိုခဲ့သည်။

ရော်ဂျာက "ကျွန်တော့်အတွက်တော့ ဒန်နီယယ်စတားရစ်ခ်ျကသာ ပိုကောင်းတဲ့ ကစားသမားပါ။ သူ့အနေနဲ့ ပွဲတစ်ပွဲကို ဝင်ရောက်ကစားရင် ဂိုးသွင်းစွမ်းရည်၊ လျင်မြန်နှုန်း၊ နည်းစနစ်ကျွမ်းကျင်မှုတွေ ပေါင်းစပ်ပြီး အရာရာကိုပြောင်းလဲအောင် ဖန်တီးနိုင်တဲ့ ကစားသမားဖြစ်တယ်။ အခုလက်ရှိ အင်္ဂလန်တိုက်စစ်မှာ ဒန်နီယယ်ထက် ပိုကောင်းတဲ့ ကစားသမား မရှိပါဘူး။ ဒါပေမယ့် အင်္ဂလန်အသင်းအတွက် မျိုးဆက်သစ်လူငယ်ကစားသမားတွေ ဝင်ရောက်ကစားလာရင်လည်း ဒန်နီယယ်က သူတို့တွေ နိုင်ငံတကာအဆင့်မှာ အသားကျဖို့ ကူညီပေးသွားမှာဖြစ်တယ်" ဟု ဆိုခဲ့သည်။

လီဗာပူးနှင့် စပါးအသင်းတို့ ပရီမီယာလိဂ်ပွဲစဉ်(၂၅)တွင် ထိပ်တိုက်တွေ့ဆုံနေရာ ယင်းပွဲစဉ်မတိုင်မီ နှစ်သင်းစလုံး ဒါဘီပွဲအသီးသီး ကစားခဲ့ရပြီး လီဗာပူးက မြို့ခံပြိုင်ဘက် အဲဗာတန်ကို သရေသာ ကစားနိုင်ခဲ့သော်လည်း စပါးက အာဆင်နယ်ကို အနိုင်ကစားနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီအစ ပြီးခဲ့သည့် ဩဂုတ်လက ဝိုက်ဟက်လိန်းတွင် တွေ့ဆုံရာ လီဗာပူးက စပါးကို အဝေးကွင်းတွင် သုံးဂိုး-ဂိုးမရှိဖြင့် ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခဲ့သည်။ သို့သော် လက်ရှိတွင် လီဗာပူးက အဆင့် (၅)နေရာတွင် ရပ်တည်နေသော စပါးထက် လေးမှတ်လျော့နည်းကာ အမှတ်ပေးဇယား (၇)နေရာတွင်သာရှိနေသည်။

ရော်ဂျာအနေဖြင့် စပါးနှင့်တွေ့ဆုံ ခဲ့သည့် နောက်ဆုံးလေးပွဲလုံးတွင် လီဗာပူးအသင်းကို အနိုင်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို စပါးအနေဖြင့် လီဗာပူး၏ အိမ်ကွင်းအန်ဖီးလ်တွင် နောက်ဆုံးအနိုင်ရခဲ့သည်မှာ ၁၉၉၃ ခုနှစ်ကတည်းကဖြစ်၍ ၎င်းတို့အနေဖြင့် လီဗာပူးကို အနိုင်မရခဲ့သည်မှာ တိုက်စစ်မှူး ဟယ်ရီကိန်းတစ်သက်ပင်ရှိပြီဖြစ်သည်။

လီဗာပူးနှင့်စပါးတို့၏ ပွဲစဉ်တွင် အင်္ဂလန်အနာဂတ်သွေးသစ်ကစားသမားဖြစ်သည့် ဟယ်ရီကိန်း၊ ရှိုင်ယန်မီဆမ်၊ ဒန်နီရို့စ်၊ စတာရစ်ခ်ျ၊ စတာလင်နှင့် ဂျော်ဒန်အဘီးတို့အားလုံးပါဝင်ကာ ပြိုင်ဘက်များအဖြစ် ထိပ်တိုက်တွေ့ဆုံကြရတော့မည်ဖြစ်သည်။

(မေလွဲ့သင်း)

ဖီးလ်ဂျုံးစ်နှင့် စမောလင်းအား ရောင်းထုတ်ကာ ဟမ်းမဲလ်နှင့် ဂိုဒင်တို့အား ပြန်လည်ခေါ်ယူရန် မန်ယူပြင်ဆင်

အင်္ဂလန်ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်း၏ အမာခံနောက်ခံကစားသမားများဖြစ်ကြသည့် ဖီးလ်ဂျုံးစ်နှင့် စမောလင်းတို့အား ရောင်းထုတ်ကာ အရည်အသွေးမြင့် နောက်ခံလူများဖြစ်သည့် ဟမ်းမဲလ်နှင့် ဂိုဒင်တို့အား အစားထိုးပြန်လည်ခေါ်ယူသွားရန် စီစဉ်နေကြောင်းသိရသည်။

မန်ယူအသင်းမှာ ပြီးခဲ့သည့် နွေရာသီကာလကတည်းက ကမ္ဘာ့အဆင့်ထိပ်တန်း နောက်ခံကစားသမားတစ်ဦးကိုမဖြစ်နေခေါ်ယူရန် ကြိုးပမ်းလျက်ရှိသော်လည်း လက်ရှိအချိန်အထိ အောင်မြင်ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် မန်ယူအသင်းအနေဖြင့် လာမည့်ဘောလုံးရာသီ မစတင်မီကာလအတွင်း ငွေကြေးအင်အားမြောက်မြားစွာသုံးစွဲ၍ ကစားသမားသစ်များခေါ်ယူအားဖြည့်ရန် ပြင်ဆင်နေပြီး အသင်း၏ ကာလရှည်ပစ်မှတ်ကစားသမားဖြစ်သည့် ဂျာမနီနောက်ခံလူ ဟမ်းမဲလ်အပြင် ဥရုဂွေးနောက်ခံကစားသမား ဒီယေဂိုဂိုဒင်ကိုပါ တစ်ပြိုင်နက် ခေါ်ယူသွားရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

ထို့ပြင် မန်ယူအသင်းအနေဖြင့် ၎င်းတို့နှစ်ဦးအပြင် အခြားနာမည်ကျော်ကစားသမားများကိုပါ ထပ်မံခေါ်ယူသွားရန် ပစ်မှတ်ထားလျက်ရှိပြီး စထရုမန်း၊ မာကွင်ဟိုစ်တို့မှာ အသင်း၏ ကစားသမားအဝယ်စာရင်းတွင် ထိပ်ဆုံးနေရာမှရှိနေကြောင်း ဗြိတိန်သတင်းစာ Mirror ကဖော်ပြခဲ့သည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် မြင့်မားသည့် ငွေကြေးအင်အားသုံးစွဲရန် ဖီးလ်ဂျုံးစ်နှင့် စမောလင်းတို့နှစ်ဦးကို ရောင်းထုတ်သွားရန် ပြင်ဆင်နေပြီး ၎င်းတို့နှစ်ဦး၏ အပြောင်းအရွှေ့မှ ပေါင် ၂၆ သန်းခန့်ရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

(ကိုရဲ)

ရုရှားသမ္မတ ပူတင် အီဂျစ်နိုင်ငံသို့ရောက်ရှိ

ကိုင်ရို ဖေဖော်ဝါရီ ၁၀

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အာရပ်ကမ္ဘာတွင် လူဦးရေအများဆုံးနိုင်ငံဖြစ်သော အီဂျစ်နိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်နိုင်ရန် ရည်ရွယ်လျက် ဖေဖော်ဝါရီ ၉ ရက်တွင် ကိုင်ရိုမြို့သို့ ရောက်ရှိလာသည်။ ရုရှားသမ္မတ အီဂျစ်သို့ရောက်ရှိချိန်မှာ အီဂျစ်နှင့် အမေရိကန်နိုင်ငံ ဆက်ဆံရေး ကတောက်ကဆတ်ဖြစ်ချိန်နှင့် တိုက်ဆိုင်လျက်ရှိသည်။

ရုရှားသမ္မတပူတင်သည်လွန်ခဲ့သည့် ၁၀ နှစ်က အီဂျစ်နိုင်ငံသို့ ပထမဆုံးအကြိမ်ရောက်ရှိခဲ့သည်။ ယခုခရီးစဉ်မှာ ၂၀၁၁ ခုနှစ်ကဖြစ်ပွားခဲ့သည့် သမ္မတမူဘာရက်အား အီဂျစ်ပြည်သူလူထုကဆန့်ကျင်အုံကြွကာ ရာထူးမှဖယ်ရှားအပြီး အီဂျစ်သို့ ရုရှားသမ္မတအဖြစ် ပထမဦးဆုံးအကြိမ် လာရောက်သောခရီးဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် အီဂျစ်သို့ရောက်ရှိခဲ့စဉ်က သမ္မတမူဘာရက်နှင့် တွေ့ဆုံခဲ့သည်။

အီဂျစ်သမ္မတ အဗ္ဗဒယ်ဖာတာအယ်လ်စီစီက ရုရှားသမ္မတ ပူတင်အား ကိုင်ရိုအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ပြီး ခေါင်းဆောင်နှစ်ဦးသည် နာရီဝက်ကြာ စကားပြောဆိုခဲ့ကြောင်း အီဂျစ်အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ကိုင်ရိုမြို့လယ်ဇာလယ်လက်ဒေသရှိ ကိုင်ရိုအော်ပရာပြဇာတ်ရုံတွင် ကျင်းပမည့် ညနေခင်း ယဉ်ကျေးမှုကပွဲသို့ လေဆိပ်မှ တစ်ဆင့်သွားရောက်ကြသည်။

၂၀၁၃ ခုနှစ် ဇွန်လအတွင်းက အစ္စလာမ္မစ်ဝါဒီ သမ္မတ မိုဟာမက်မော်စီကို ရာထူးမှဖယ်ရှားပြီး ၎င်းအားထောက်ခံသူများအား ဖမ်းဆီးခဲ့ခြင်းအတွက် တာဝန်ရှိသည်ဟု အမေရိကန်၏ဝေဖန်ပြစ်တင်မှုကို အယ်လ်စီစီကြုံတွေ့နေရသည်။ ယင်းအချိန်က သမ္မတအယ်လ်စီစီမှာ အီဂျစ်တပ်မတော်၏ စစ်ဦးစီးချုပ်လည်းဖြစ်သည်။ ရုရှားသမ္မတ ပူတင်မှာ ၎င်းအားအဓိကထောက်ခံသည့် အာရပ်လူမျိုးမဟုတ်သူဖြစ်သည်။

အီဂျစ်တွင် သမ္မတဟောင်းမော်စီအားထောက်ခံသူရာပေါင်းများစွာအသတ်ခံရပြီး နောက်ဆက်တွဲအဖြစ် ထောင်ပေါင်းများစွာ အကျဉ်းချခံရသည်။

သမ္မတပူတင်၏ ခရီးစဉ်သည် ယူကရိန်းအကျပ်အတည်းကြောင့် နိုင်ငံတကာဆက်ဆံရေးတွင် ရုရှားသည် အထီးကျန်ခြင်းမရှိကြောင်းဖော်ပြရန် ရည်ရွယ်ချက်လည်း ပါဝင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။ **ဘီဘီစီ။**



ထိုင်း၌ အရပ်ဘက်အုပ်ချုပ်ရေးစနစ် ပြန်လည်ကျင့်သုံးရေး ဝန်ကြီးချုပ် ပရာယွတ်အား ဝန်ကြီးချုပ် အာဘေး တိုက်တွန်း

တိုကျို ဖေဖော်ဝါရီ ၁၀

ထိုင်းနိုင်ငံ၌ မြန်နိုင်သမျှအမြန်ဆုံး အရပ်ဘက်အုပ်ချုပ်ရေးစနစ် ပြန်လည်ကျင့်သုံးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုင်းကြည်းတပ်ဦးစီးချုပ်ဟောင်းနှင့် လက်ရှိဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာသည် မြို့တော်တိုကျို၌ ရောက်ရှိနေပြီး ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

ထိုင်းနိုင်ငံ၌ အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိရန် လည်းကောင်း၊ အရပ်ဘက်အုပ်ချုပ်ရေးစနစ်ကို မြန်နိုင်သမျှ အမြန်ဆုံးပြန်လည်ကျင့်သုံးနိုင်စေရန်လည်းကောင်း ကြိုးပမ်းဆောင်ရွက်ရန် မိမိတိုက်တွန်းကြောင်း ဝန်ကြီးချုပ်အာဘေးက ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထိုင်းနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲနိုင်ရန် မိမိတို့ အရှိန်အဟုန်မြှင့်တင်လုပ်ကိုင်လျက်ရှိကြောင်း၊ ယခုနှစ်ကုန် သို့မဟုတ် လာမည့်နှစ်ဦးပိုင်းတွင် ရွေးကောက်ပွဲကျင်းပနိုင်ရန် မိမိတို့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံ၌ ခိုင်မာအားကောင်းသော ဒီမိုကရေစီ စနစ်တစ်ရပ်ကို ကျင့်သုံးနိုင်စေရေးအတွက် ဆောင်ရွက်သွားမည်ဟု ကတိပြုပါကြောင်း ဝန်ကြီးချုပ် ပရာယွတ်က ပြောကြားသည်။

ထိုင်းနိုင်ငံ၌ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းတစ်ရပ်နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ခေါင်းဆောင်နှစ်ဦး လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့အပြင် ဂျပန်၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့ပါဝင်သော ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးလုပ်ငန်းအရေးကြီးပုံကို နှစ်နိုင်ငံစလုံးက အလေးအနက်ထားကြောင်း ပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။ **ပီတီအိုင်။**

ဂျကာတာ၌ ရေကြီးမှုကြောင့် နေအိမ်များမှစွန့်ခွာ၊ စီးပွားရေးထိခိုက်မှုဖြစ်

ဂျကာတာ ဖေဖော်ဝါရီ ၁၀

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာ၌ ရေကြီးမှုသည် မြို့တော်၏ စီးပွားရေးလုပ်ငန်းများကို ချည့်နဲ့စေပြီး ဒေသခံများကို အခြားအမိုးအကာ ပြည့်စုံသည့်နေရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

ဂျကာတာမြို့လယ်တွင် တစ်မီတာခန့်အမြင့် ရေလွှမ်းမိုးသောကြောင့် ယာဉ်အသွားအလာများကို ရပ်တန့်စေခဲ့သည်။ မြို့တော်၏ အခြားနေရာများသို့လည်း ရေလွှမ်းမိုးခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်းများမှာ လုပ်ငန်းခွင်သို့ သွားရောက်နိုင်ခြင်းမရှိဘဲ လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ရသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေလျှံမှုများ၊ ကမ်းပါးပြိုကျမှုများဖြစ်ပွားရာ လူဦးရေ ၆၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားကြောင်း ဒုက္ခသည်ကယ်ဆယ်ရေး အေဂျင်စီက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

ယခုအချိန်ထိ သတင်းအချက်အလက် အတိအကျ မရရှိသေးသော်လည်း ဒုက္ခရောက်သူ အများအပြားရှိနိုင်ကြောင်း အဆိုပါအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါဂိုနူဂရိုဟိုက ပြောခဲ့သည်။ အင်္ဂါနေ့နံနက် အစောပိုင်းတွင် မိုးရေချိန်လျော့ကျသွားသော်လည်း ရေကြီးနိုင်ဖွယ်ရှိကြောင်း အဆိုပါအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

ရေလွှမ်းသော နေရာတစ်ဝိုက်ရှိ အိမ်များတွင် ကျန်ရှိနေသော လူများကို လုံခြုံစွာကယ်ထုတ်ရန် ရဲတပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်များကို စေလွှတ်ထားသည်။ ရဲတပ်ဖွဲ့က ရေလွှမ်းမိုးသည့်နေရာမှ ဒေသခံများ စွန့်ခွာနိုင်ရေးအတွက် ရော်ဘာလှေများ၊ ထရပ်ကားများအသုံးပြုကာ ကူညီဆောင်ရွက်ပေးခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ရေကြီးမှုဒဏ် မကြာခဏခံရသည့် ကျွန်းနိုင်ငံတစ်ခုဖြစ်သည်။

ဆင်ဟွာ။

အီဂျစ်စစ်တပ်က ဆိုင်းနိုင်းဒေသတွင် စစ်သွေးကြွ ၂၂ ဦးကို သုတ်သင်

ဆိုင်းနိုင်း ဖေဖော်ဝါရီ ၁၀

အီဂျစ်စစ်တပ်က မြောက်ပိုင်းဆိုင်းနိုင်းပြည်နယ်သို့ ထိုးစစ်ဆင်တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ အနည်းဆုံးစစ်သွေးကြွ ၂၂ ဦးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း လုံခြုံရေးအရာရှိတစ်ဦးက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၉ ရက်နှောင်းပိုင်းက လေကြောင်းတိုက်ခိုက်မှုများတွင် စစ်သွေးကြွ ၁၈ ဦးကျဆုံးခဲ့ပြီး ရှစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း အမည်မဖော်လိုသူ လုံခြုံရေးအရာရှိတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။

စစ်သွေးကြွများစီးနင်းလာသည့် ဘတ်စ်ကားတစ်စီးကို အီဂျစ်တပ်ဖွဲ့က ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွလေးဦး သေဆုံးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အီဂျစ်စစ်တပ်သည် ၂၀၁၃ ခုနှစ် ဇူလိုင်လက သမ္မတမိုဟာမက်မော်စီ နုတ်ထွက်ပြီးနောက်ပိုင်း ဆိုင်းနိုင်းကျွန်းဆွယ်တွင် သောင်းကျန်းသူစစ်သွေးကြွများကို တိုက်ခိုက်နှိမ်နင်းလျက်ရှိသည်။ **ဆင်ဟွာ။**

ဘိုကိုဟာရမ်များက ကင်မရွန်းမိန်းကလေးရှစ်ဦးကို ဖမ်းဆီးပြီး အခြားခရီးသည်ခုနစ်ဦးကို သတ်ဖြတ်

ယောင်ဒေး ဖေဖော်ဝါရီ ၁၀

နိုင်ဂျီးရီးယား ဘိုကိုဟာရမ်စစ်သွေးကြွများသည် အိမ်နီးချင်းကင်မရွန်းနိုင်ငံမှ မိန်းကလေးရှစ်ဦးကို အဓမ္မခေါ်ဆောင်သွားပြီး ဘတ်စ်ကားတစ်စီးကို ပြန်ပေးဆွဲပြီးနောက် ခရီးသည်ခုနစ်ဦးကို သတ်ဖြတ်လိုက်ကြောင်း ဒေသခံများက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

ဘိုကိုဟာရမ်စစ်သွေးကြွများသည် လွန်ခဲ့သည့်နှစ်က နိုင်ဂျီးရီးယား ကျောင်းသူ ၃၀၀ နီးပါးကို ပြန်ပေးဆွဲခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်း၏ ပြစ်တင်ရှုတ်ချခြင်းခံနေရသည်။ ယခုအခါ ကင်မရွန်းမိန်းကလေးငယ်ရှစ်ဦးကို ခရီးသည်အဖြစ်ဖမ်းဆီးသွားခဲ့ရာ မိန်းကလေးငယ်များမှာ အသက်(၁၁)နှစ်မှ (၁၄)နှစ်အထိဖြစ်ပြီး ကိုဇာမြို့မှဖြစ်ကြောင်း ချီတီမာ အမီဒူးက ပြောကြားသည်။

ဘတ်စ်ကားပြန်ပေးဆွဲမှုဖြစ်ပွားသည့်နေရာမှာ နိုင်ဂျီးရီးယားနယ်စပ်မှ ၁၁ မိုင်အကွာ ကင်မရွန်းနိုင်ငံတွင် တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ခရီးသည်ခုနစ်ဦးမှာ သတ်ဖြတ်ခံခဲ့ရပြီး သေဆုံးသူများကို နယ်စပ်ဒေသအနီးတွင်တွေ့ရသည်ဟု သေဆုံးသွားသည့် ဘတ်စ်ကားမောင်းသမား၏ညီ အမီဒူးကပြောကြားသည်။

ဘိုကိုဟာရမ်စစ်သွေးကြွများသည် လွန်ခဲ့သည့် ငါးနှစ်ခန့်ကတည်းက နိုင်ဂျီးရီးယားအစိုးရကို အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်နေပြီး လွန်ခဲ့သည့်နှစ်တစ်နှစ်တည်းမှာပင် တိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၁၀၀၀၀ နီးပါးရှိခဲ့သည်။ လွန်ခဲ့သည့်သီတင်းပတ်များအတွင်း ဘိုကိုဟာရမ်အဖွဲ့သည် အိမ်နီးချင်းနိုင်ငံများသို့ ကျူးကျော်တိုက်ခိုက်မှုများပြုလုပ်လာခဲ့သည်။ ကင်မရွန်း၊ နိုင်ဂျာ၊ ဘီနင်၊ ချဒ်နိုင်ငံတို့က တပ်ဖွဲ့ဝင်အင်အား ၈၇၅၀ ဖြင့် နိုင်ငံတကာတပ်ဖွဲ့တစ်ခုထူထောင်ပြီး ဘိုကိုဟာရမ်စစ်သွေးကြွများကို တိုက်ခိုက်သွားရန် သဘောတူခဲ့ကြသည်။ **အေပီ။**

ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း

ယမန်နေ့မှအဆက်

(ဌ) ဇယားအမှတ်စဉ် ၃၅ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
35- If any goods are found on board in excess of those entered in the manifest, or not corresponding with the specification therein contained.	55 and 82	Such goods shall be liable to confiscation, or to charge with such a fine upon any goods as the Chief Officer of Customs Prescribes.

(ဍ) ဇယားအမှတ်စဉ် ၃၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
37- If it be found, when any goods are entered at, or brought to be passed through, a custom-house, either for importation or exportation, that- (a) the packages in which they are contained differ widely from the description given in the import declaration or application for passing them, or (b) the contents there of have been wrongly described in such import declaration or application as regards the denominations, characters, or conditions according to which such goods are charge- able with duty, or are being imported or exported, or (c) the contents of such packages have been misstated in regard to sort, quality, quantity or value, or (d) goods not stated in the import declaration or application have been concealed in, or mixed with, the articles specified therein, or have apparently been packed so as to deceive the officers of Customs, and such circumstance is not accounted for to the satisfaction of the competent customs official,	86 and 137	Such packages, together with the whole of the goods contained therein, shall be liable to confiscation, and every person concerned in any such offence shall be liable to a penaltynot exceeding three times the Customs value of the goods or every person concerned shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years.

(ဎ) ဇယားအမှတ်စဉ် ၄၀ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
40- If any prohibited or dutiable goods are found, either before or after landing, concealed in any passenger's baggage,	General	Such passenger shall be liable to a penalty not exceeding three times the Customs value of such goods and such goods shall be liable to confiscation

(ဏ) ဇယားအမှတ်စဉ် ၄၁ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
41- If any goods entered to be ware-housed are carried into the warehouse, unless with the authority, or under the care, of the proper officers of Customs,and in such manner, by such persons within such time, and by such roads or ways, as such officers direct,	93	Such goods shall be liable to confiscation and any person so carrying them shall be liable to a penalty not exceeding three timesthe Customs value of the goods.

(တ) ဇယားအမှတ်စဉ် ၄၅ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
45- If the keeper of any public warehouse, or the licensee of any private warehouse, neglects to stow the goods warehoused therein so that easy access may be had to every package and parcel thereof,	Chapter XI	Such keeper or licensee shall, for every such neglect, be liable to a penalty not exceeding one million Kyats and shall further be liable to have his license cancelled for his neglect to abide by the Customs officer's proper instructions.

(ထ) ဇယားအမှတ်စဉ် ၅၀ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
50-If any goods, after being duly warehoused,are fraudulently concealed in, or removed from, the warehouse, or abstracted from any package, or transferred from one package to another, or otherwise, for the purpose of illegal removal or concealment,	Chapter XI	Such goods shall be liable to confiscation, and any person concerned in any such offence shall be to a penalty not exceeding three times the Customs value of such goods.

(ဒ) ဇယားအမှတ်စဉ် ၅၂ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
52- If any goods be removed from the warehouse in which they were originally deposited, except in the presence, or with the sanction, of the proper officer, or under the proper authority for their delivery,	Chapter XI	Such goods shall be liable to confiscation- and any person so removing them shall be liable to a penalty not exceeding three timesthe Customs value of such goods.

(ဓ) ဇယားအမှတ်စဉ် ၅၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
53- If any person illegally takes any goods out of any warehouse without payment of duty, or aids, assists, or is concerned therein,	Chapter XI	Such person shall be liable to a penalty not exceeding three times the Customs value of the goods or such person shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years.

(န) ဇယားအမှတ်စဉ် ၅၅ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
55- If any goods be taken on board of any conveyance at any Customs port in contravention of section 136,	136	The master of such conveyance shall be liable to a penalty not exceeding three times the Customs value of the goods.

(ပ) ဇယားအမှတ်စဉ် ၅၆ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
56- If any goods not specified in a duly passed shipping bill are taken on board of any conveyance, contrary to the provisions of section 137,	137	The master of such conveyance shall be liable to a penalty not exceeding three times the Customs value of the goods.

(ဖ) ဇယားအမှတ်စဉ် ၅၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
57- If any goods specified in the manifest of any conveyance, or in any shipping bill, are not duly shipped before the departure of such conveyance, or are re-landed, and notice of such short-shipment or re-landing be not given as required by section 140,	140	The owner of such goods shall be liable to a penalty not exceeding three times the Customs value of such goods and such goods shall be liable to confiscation.

(ဗ) ဇယားအမှတ်စဉ် ၆၀ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
60- If any person, without a special pass from an officer of Excise at the placeof exportation, relandsor attempts to re-land any spirit shipped for exportation.	154	Such person shall be liable to a penalty not exceeding three timesthe Customs value of such spirit.

စာမျက်နှာ ၁၆ သို့

ဥပဒေကြမ်း

စာမျက်နှာ ၁၅ မှ

(ဘ) ဇယားအမှတ်စဉ် ၆၁ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
61- If any person wilfully contravenes any rule relating to spirits made under section 155,	155	Such person shall be liable to a penalty not exceeding three times the Customs value of such spirit and all such spirits shall be liable to confiscation.

(မ) ဇယားအမှတ်စဉ် ၆၂ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
62- If, in contravention of any rules made under section 157, any goods are taken into, or put out of, or carried in, any coasting-vessel, or if any such rules be otherwise infringed.	157	The master of such coasting-vessel shall be liable to a penalty not exceeding three times the Customs value of the goods.

(ယ) ဇယားအမှတ်စဉ် ၆၅ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
65- If the person executing any bond given under section 161 fails to produce the certificate mentioned in the same section, or to show sufficient reason for its non-production,	161	Such person shall be liable to a penalty not exceeding the amount of Customs value which would have been chargeable on the export cargo of the conveyance had shebeen declared to be bound to a foreign port.

(ရ) ဇယားအမှတ်စဉ် ၇၀ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
70- If contrary to the provisions of this, or any other law for the time being in force relating to the Customs, any goods are laden onboard of any vesselin any Customs-portandcarried coastwise or if any goods which have been brought coastwise are so unladen in any such port, or if any goods are found on board of any coasting-vessel without being entered in the manifest or cargo-book or both (as the case may be) of such vessel,	Chapter XV	Such goods shall be liable to confiscation, and the master of such coasting-vessel shall be liable to a penalty not exceed ing three timesthe Customs value of such goods.

(လ) ဇယားအမှတ်စဉ် ၇၄ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
74-If any officer of Customs require any person to be	169	Such officer shall, on conviction before aMagistrate, be liable

(လ) ဇယားအမှတ်စဉ် ၇၄ ကို အောက်ပါအတိုင်းအစားထိုးရမည်-

searched for dutiable or prohibited-goods, or to be detained,without having reasonable ground to believe that he has such goods about his person, or has been guilty of an offence relating to the Customs,		to a fine not exceeding five hundred thousand kyats.

(ဝ) ဇယားအမှတ်စဉ် ၇၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
77- If any police-officer, whose duty it is, under section 180, to send a written notice or cause goods to be conveyed to a custom-house, neglects so to do,	180	Such officer shall, on conviction before a Magistrate, be liable to a penalty not exceeding five hundred thousand kyats.

(သ) ဇယားအမှတ်စဉ် ၇၈ က ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
78 A- If any person fails to comply with under the provisions contained in section 194 A (1),	194 A (1)	Such person shall be liable to a penalty not exceeding ten million kyats or such person shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years.

(ဟ) ဇယားအမှတ်စဉ် ၇၈ က ၏ နောက်တွင် အမှတ်စဉ် ၇၈ ခ၊ ၇၈ ဂ၊ ၇၈ ဃ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

Offences	Section of this Act to which offence has reference	Penalties
78B- If any competent Customs Official and his staff who have been duly authorized by Section 194 A (2) and Section 194 A (3) are refused to accept with - out hindrance and to provide necessary assistance,	194 A (2) (3)	Such person shall be liable to a penalty not exceeding ten million kyats or such person shall, on conviction before a Magistrate, be liable to imprisonment for a term not exceeding three years.
78 C- If any person, with an intention to cheat, illegally alters, adds, forges (or counterfeits) the documents or destroys the documents connected with the importation or exportation of any goods, required under section194 A (1),	194 A (1)	Such person or any person concerned in any such offence shall be liable to a penalty not exceeding three times the Customs value of such goods which is altered, destroyed and cheated or such person or any person concerned shall, on conviction before a Magistrate, be liable to imprisonment for a term not exceeding three years.
78 D- If any person who is required and responsible to be	194 A (4)	Such person shall be liable to a penalty not exceeding ten million

examined under section 194 A (4), refuses to comply with the Customs officer'srequest to accept and agree to his examination of goods on land,		kyats for each refusal or such person shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years.

၂၁။ ပုဒ်မ ၁၈၂၊ ပုဒ်မ ၁၈၆၊ ပုဒ်မ ၁၉၂နှင့် ပုဒ်မ ၁၉၃ တို့တွင် ပါရှိသည့် "increased rates of duty" ဆိုသည့် စကားရပ်ကို "a fine upon any goods" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၈၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

Adjudication of confiscations and penalties"

"182 In every case, except the cases mentioned in section 167 (Nos. 23, 26, 72, and 74 to 78, both inclusive) under this Act, the Director-General of Customs or the Competent Customs Official who has been duly empowered by the Director-General of Customs has the power to determine the matters of confiscation or a fine upon any goods or a fine upon any person in accordance with law and procedures. Furthermore, the Director-General of Customs may confer the power duly upon any other officer as he thinks fit to perform the duty related with Customs.and, the powers referred to this section shall be conferred to any other officer either by name or by his position."

၂၃။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၉၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"Power to open Packages and examine goods"

"194 Any Competent Customs Official may open any package and examine any goods brought by sea to, or shipped or brought for shipment at, any place ofthe Republic of the Union of Myanmar.

The Director-General of Customs may issue the notification related to the Customs procedures which are based on the international Customs standard procedure called "Risk Management"."

၂၄။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၉၄ က ကို အောက်ပါအတိုင်း အစားထိုးရမည် -

"Power to demand production of documents connected with importation and exportation of goods"

"A The Competent Customs Official may request any books, receipts, records or any other documents related to the importation or exportation of goods from any owner of the goods or his agent or the person who takes in possession of the goods or the person who transports goods or the person who store goods or any person who causes to be transported or any person who causes to be store the goods;

and such person shall comply in accordance with the request of the Competent Customs Official as follows;

(1) Such person shall keep the books, lists, receipts, other documents, computer records, any trading records prepared by electronic means which are related to importation or exportation of goods for seven years. And such person shall give to any Competent Customs Official who has been duly empowered and shall answer the questions of such officer related to importation or exportation of goods.

(2) Any duly empowered Competent Customs Official shall, at any appropriate time, enter to any premises or any place where the documents or computer records or electronic records referred to sub-section 1 are kept in there.Any such officer shall have the right of inspecting the documents and the accounts or copying them or getting them copied and submitting to him, putting them on record, putting seals thereon, taking photos of these, moving them from the original place or getting them to be moved or preventing them in a way prescribed by the Director-General of Customs.

(3) When any Competent Customs Official is sent on duty, to any premise or place, which is under the control of any person, that person, referred to in sub-section (1) that person shall receive and accept the Competent Customs Official and his staff without hindering and responsible to provide the necessary assistance.

(4) any Competent Customs Official who has been duly authorized to examine any premises or any place or any part which is under the control of any person mentioned in sub-section (1) may enter any (premise and place), if necessary, for the purpose of ground examination of package and examine any goods. Such officer may lock, seal, mark or keep, by any means, any goods while making ground examination."

ဆက်လက်ဖော်ပြပါမည်။

ပေးစာ

"လူလေးသို့ ပေးစာများ"သည် လော့ဒ်ချက်စတာဖီးလ်ဒ်၏ သားထံရေးသည့် ကမ္ဘာကျော်ပေးစာများကို ဆရာမြသန်းတင့် မြန်မာပြန်ဆိုထားခြင်းဖြစ်ပါသည်။

လော့ဒ်ချက်စတာဖီးလ်ဒ်သည် ၁၆၉၄ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် လန်ဒန်မြို့၌ မွေးဖွားသည်။ ဗြိတိသျှနိုင်ငံရေးလောကတွင် အနှစ်သုံးဆယ်နီးပါးကျင်လည်ခဲ့ပြီး ၁၇၄၈ ခုနှစ်တွင် နိုင်ငံရေးလောကမှ အနားယူသည်။ ၁၇၇၃ ခုနှစ် မတ်လ ၂၄ ရက်တွင် ကွယ်လွန်သည်။

ဤပေးစာများမှာ သူ၏ သားဖြစ်သူ ဖိလစ်စတန်းဟုတ် (Pilip Standhope) ထံရေးသားခြင်းဖြစ်သည်။ ဖိလစ်စတန်းဟုတ်သည် ၁၇၃၂ ခုနှစ်၌ မွေးဖွားသည်။ ပါလီမန်အမတ်အဖြစ် နှစ်ကြိမ်အရွေးခံရပြီး သံအမတ်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ သို့သော် သူသည် သက်ဆိုးမရှည်ရှာ။ ၁၇၆၈ ခုနှစ် အသက် ၃၆ နှစ်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူ ယူဂျီးနီယားစတန်းဟုတ်နှင့် သားနှစ်ယောက်ကျန်ရစ်ခဲ့သည်။

ပေးစာများမှာ သားဖြစ်သူ ဖိလစ်စတန်းဟုတ်အား ပညာပြည့်ဝနလုံးလှသည့် လူတော်လူကောင်းဖြစ်အောင် ပြုစုပျိုးထောင်ပေးသည့်အနေဖြင့် ရေးခဲ့ခြင်းဖြစ်ပြီး ပုံနှိပ်ထုတ်ဝေရန် ရည်ရွယ်ချက်မရှိပေ။ ဖိလစ်စတန်းဟုတ် ကွယ်လွန်သောအခါ ၎င်းသိမ်းဆည်းထားသောဖခင်၏ ပေးစာများကို ဇနီးဖြစ်သူက စာအုပ်ထုတ်ဝေ သူ ဂျိမ်းစ်ဝေါ့စ်လေအား ပေါင် ၁၅၀၀ နှင့် ရောင်းချလိုက်သည်။ ဤသို့ဖြင့် ၁၇၇၄ ခုနှစ်တွင် လော့ဒ်ချက်စတာဖီးလ်၏ သားထံပေးစာများသည် စာအုပ်အဖြစ် ပေါ်ထွက်လာသည်။ စာအသီရော ဘဝအသိပါ ပြည့်စုံကြွယ်ဝသည့် ဖခင်တစ်ဦးကသားဖြစ်သူအား လူတစ်လုံး သူတစ်လုံးဖြစ်စေရန် ရည်ရွယ်၍ နေမှုထိုင်မှု၊ စားမှုသောက်မှု၊ ပြောမှုဆိုမှု၊ ပေါင်းသင်းဆက်ဆံမှုမှစ၍ လူငယ်လူရွယ်များ အားကျအတုယူနိုင်သော အကြံကောင်း ဉာဏ်ကောင်းများဖြစ်သည်။

ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။

လူလေးသို့ပေးစာများ -၁

jroefwif

လန်ဒန် ဇူလိုင် ၂၄ ရက်၊ ၁၇၃၉ခုနှစ်။

လူလေး

နောက်ဆုံးအကြိမ် ဖေဖေနဲ့တွေ့တုန်းက သားဆီကို ဘာဖြစ်လို့စာတွေ ဆက်မရေးတော့တာလဲလို့ မင်းက မေးတော့ ဖေဖေတော်တော်ဝမ်းသာသွားတယ်။ ဒါကိုကြည့်ရင် ဖေဖေရေးတဲ့စာတွေကို မင်းသဘောကျအလေးထားတယ်လို့ ဖေဖေယူဆတယ်။ ဒီလိုဆိုရင်တော့ စာတွေမကြာမကြာရေးရဦးမှာပေါ့။ ဂရုစိုက်ပြီးဖတ်ရင် ဖေဖေရဲ့စာတွေဟာ မင်းအတွက် အသုံးကျလိမ့်မယ်လို့ ဖေဖေထင်တယ်။ ဘယ်စာကိုပဲဖတ်ဖတ်၊ စာဖတ်တယ် ဆိုတာ အလေးထားပြီး မှတ်မှတ်သားသားဖတ်မှ အကျိုးရှိတာ။ ဒီလိုမှမဟုတ်ရင် အချည်းနှီးပဲ။ လက်က တစ်ခုကို လုပ်နေပြီး စိတ်က တခြားကို တွေးနေတာမျိုးဟာ သေးနုတ်သိမ်ဖျင်းတဲ့ စိတ်ဓာတ်ရဲ့ အမှတ်လက္ခဏာဖြစ်တယ်။ ဘယ်အလုပ်ကိုပဲ လုပ်လုပ် ကိုယ်လုပ်နေတဲ့ အလုပ်ထဲကို စိတ်ရောက်နေရမယ်။ စာကို သင်အံလေ့ကျင့်နေတုန်းမှာ ကစားတဲ့ဆီကို စိတ်ရောက်မနေသင့်ဘူး။ ကစားနေတုန်းမှာ စာထဲကို စိတ်ရောက် မနေသင့်ဘူး။ဒီလိုမဟုတ်ဘဲ စာအုပ်ကို ရှေ့ဖြန့်ချပြီး တခြားကိုစိတ်ရောက်နေရင် ကိုယ့်အဖို့ နှစ်ခါဒုက္ခရှာတာနဲ့ အတူတူပဲ။ ဘာဖြစ်လို့လဲဆိုတော့ နောက်တစ်ခါ ပြန်ဖတ်ရတော့မှာကိုး။

ယဉ်ကျေးဖွယ်ရာမှုဟာ လူ့ဘဝမှာ အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်တယ်။ ယဉ်ကျေးဖွယ်ရာမှုဆိုတာ သင့်တင့်လျောက်ပတ်တဲ့အရာကို သင့်တင့်လျောက်ပတ်တဲ့နေရာမှာ လုပ်တတ်တာကို ခေါ်တာ။ တချို့ကိစ္စများဟာ အချိန်တစ်ချိန်၊ နေရာတစ်နေရာမှာ သင့်လျော်ပေမယ့် တခြားအချိန်၊ တခြားနေရာမှာ မသင့်လျော်ဘဲ ဖြစ်နေတတ်တယ်။ ဥပမာအားဖြင့် နေ့ခင်းအားလပ်တဲ့ အချိန်မှာ ကစားတာဟာ သင့်လျော်တယ်။ ဖွယ်ရာတယ်။

လန်ဒန် အောက်တိုဘာ ၂၆ ရက်၊ ၁၇၃၉ခုနှစ်။

လူလေး

ကဗျာနဲ့ ဝစနာလင်္ကာရဆိုတဲ့ နှုတ်မှုအတတ်ပညာဟာ နေရာများစွာမှာ ခြားနားကြတယ်။ ဒါပေမယ့် အာဝဇ္ဇန်းကောင်းအောင်လုပ်ရာမှာတော့ ကဗျာဟာလည်း အလွန်အသုံးဝင်တယ်။ ဒါတင်မကဘူး။ ကဗျာမှာ ဥပမာတွေ၊ ဥပစာတွေ၊ အလင်္ကာတွေ၊ အများကြီးပါတယ်။ စကားပြေကို ဖတ်သလို ကဗျာကို ဖတ်ခြင်းဖြင့် လည်း စကားအသုံးအနှုန်း ကောင်းလာနိုင်တယ်။ စကားတန်ဆာဆင်ယင်မှု ကျွမ်းကျင်လာနိုင်တယ်။ ကဗျာ အသုံးအနှုန်း၊ တစ်နည်းကဗျာရဲ့ ဘာသာစကားဟာ စကားပြေထက်ပိုပြီး နက်နဲသိမ်မွေ့တယ်။ စကားပြေမှာ ခွင့်ပြုမထားဘဲ လွတ်လပ်ခွင့်တွေကို ကဗျာမှာ အသုံးပြုလေ့ရှိတယ်။ ဒါကို ကဗျာလိုင်စင် (ကဗျာလွတ်လပ်ခွင့်)လို့ ခေါ်တယ်။ ကဗျာနဲ့ စကားပြေကို သေသေချာချာဖတ်ရင် သူတို့နှစ်ခုရဲ့ ခြားနားချက်ကို မင်းအလွယ်တကူ တွေ့ရလိမ့်မယ်။ စကားပြေမှာ ပြောသလို ကဗျာမှာ ကိုယ်ပြောချင်တဲ့အရာကို အတည့်မပြောဘူး။ ရိုးရိုးစင်းစင်း မပြောဘူး။ သိုကာသိကာပြောတယ်။ တန်ဆာဆင်ပြီး ပြောတယ်။ တိမ်ထူတဲ့ မနက်လို့ ညစောင့်က ရိုးရိုးပြောတဲ့စကားမျိုးကို ကဗျာ (အယ်ဒီဆင်ရဲ့ ကာတိုကဗျာ)မှာ ဒီလိုပြောထားတယ်။

အရုဏ်အုံ့ဆိုင်း၊ မနက်ခင်းနိမ့်ဆင်း
တိမ်တွေနဲ့ လေးလံနေတဲ့နေ့
တရွေ့ရွေ့ဆက်သွား

ဒါဟာ ကဗျာအသုံးအနှုန်းပဲ၊ တစ်လုံးချင်းကို ယူသုံးနိုင်ပေမယ့် စကားပြေမှာ ဒီအတိုင်းသွားသုံးလို့ မတင့်တယ်ပေဘူးပေါ့။

ဘာ့သ် နိုဝင်ဘာ ၁ ရက်၊ ၁၇၃၉ ခုနှစ်။

လူလေး

ဝစနာလင်္ကာရ နှုတ်မှုအတတ်အကြောင်းကို ပြန်ကောက်ရဦးမယ်။ နှုတ်မှုအတတ်ဆိုတာ ကောင်းစွာ စကားပြောတတ်တဲ့ အတတ်ပညာဖြစ်တယ်။ ဒီအတတ်ပညာဟာ ဘဝအကွေ့တိုင်းမှာ အသုံးကျတယ်။ အကွေ့ တော်တော်များများမှာ လိုအပ်တယ်။ ဒါကြောင့် ဒီအတတ်ပညာကို သတိမမေ့အပ်ဘူး။ လွှတ်တော်ထဲမှာဖြစ်စေ၊ သာသနာဘက်မှာဖြစ်စေ၊ ဥပဒေအတတ်မှာဖြစ်စေ နှုတ်မှုပညာမတတ်ရင် လူချွန်မဖြစ်နိုင်ဘူး။ နေ့စဉ်ပြောဆိုတဲ့နေရာမှာတောင် ကိုယ်ပြောချင်တဲ့အရာကို မှန်မှန်ကန်ကန် တိတိကျကျ၊ စကားပြောတတ်သူ သက်သောင့်သက်သာနဲ့ အလေ့အထုံရှိတဲ့ စကားပြောကောင်းသူ တစ်ယောက်ဟာ အမှားမှား



အယွင်းယွင်းမသပ်မရပ် စကားပြောသူတစ်ယောက်ထက် အများကြီးအခွင့်သာတယ်။

ဖေဖေပြောဖူးတဲ့အတိုင်း နှုတ်မှုအတတ်ပညာရဲ့ အလုပ်ဟာ လူတွေကို ဆွဲဆောင်သိမ်းသွင်းနားချဖို့ ဖြစ်တယ်။ လူတွေကို ဆွဲဆောင်နားချချင်ရင် သူတို့သဘောကျသွားအောင် ပြောနိုင်ရမယ်။ လွှတ်တော်ထဲမှာဖြစ်စေ၊ တရားပလ္လင်မှာဖြစ်စေ၊ တရားရုံးတော်မှာဖြစ်စေ၊ လူပုံအလယ်မှာ စကားပြောရသူ တစ်ယောက်အဖို့ ကိုယ့်စကားကို နားထောင်သူတို့ သဘောကျသွားအောင် ပြောတတ်ရင် ဘယ်လောက် အခွင့်သာသလဲဆိုတာ နောက်တော့ သိလာလိမ့်မယ်။ ဒီလိုဖြစ်ဖို့ရာဟာ နှုတ်မှုအတတ်ပညာ မရှိဘဲနဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ စကားပြောကောင်းသူ တစ်ယောက်ဟာ ကိုယ်ပြောနေတဲ့ အကြောင်းအရာနဲ့ ညီညွတ်တဲ့ စကားအသုံးအနှုန်းကို ပြောတတ်ရုံ၊ သဒ္ဒါစည်းကမ်းတွေနဲ့ ကိုက်ညီအောင် ပြောတတ်ရုံနဲ့ မလုံလောက်သေးဘူး။ ခမ်းခမ်းနားနား သပ်သပ်ရပ်ရပ်လည်း ပြောတတ်ရမယ်။ ဆိုလိုတာက အကောင်းဆုံး၊ အရှင်းလင်းဆုံးစကားလုံးတွေကို သုံးတတ် ရမယ်။ အဲဒီစကားလုံးတွေကို အသွားအလာ ရှေ့နောက်စီစဉ်တကျ ဖြစ်အောင် အကောင်းဆုံး ထားတတ်ရမယ်။ ကိုယ်ပြောတဲ့စကားတွေကို သင့်လျော်တဲ့ ဥပမာ၊ ဥပစာ၊ ဥပမေယျတွေနဲ့ ပြောတတ်ရမယ်။ ဖြစ်နိုင်ရင် ဇဝနဉာဏ်သုံးပြီး ရွှင်မြူးဖွယ်ဖြစ်အောင် ပြောတတ်ရမယ်။

ဥပမာ မင်းက မစ္စတာမိတ်တဲယားဆီမှာ အားလပ်ရက် တစ်ရက် ခွင့်တောင်းချင်တယ်ဆိုပါတော့။ "ကျွန်တော့်ကို အားလပ်ရက် တစ်ရက်လောက်ပေးပါ"လို့ တုံးတိကြီးပြောမလား။ ဒီလို တုံးတိကြီး သွားပြောတာမျိုးဟာ သူ့ကို ခွင့်ပေးချင်အောင် ဆွဲဆောင်ရာမရောက်ဘူး။ သူဟာ မင့်အပေါ်မှာ စိတ်ကောင်းထားကြောင်း၊ အလိုလိုက်ကြောင်း၊ ဒါကို အတွေ့အကြုံအရ သိပြီးဖြစ်ကြောင်း၊ ဒါ့ကြောင့်မို့ သူ့ကို တစ်ခုတောင်းပန်လိုကြောင်း၊ အကယ်၍တောင်းပန်တာကို လိုက်လျောခြင်း မပြုနိုင်လျှင်လည်း စိတ်မကောင်းမဖြစ်သင့်ကြောင်း၊ သူ့အာရုံစိုက်လာအောင်၊ သူဘဝင်ကျသွားအောင် ပထမပြောပြရမယ်။

ဒီလို စကားပလ္လင်ခံပြီးတော့မှ မင်းလိုချင်တဲ့အရာကို တင်ပြရမယ်။ မင်းကို ခွင့်တစ်ရက်လောက်ပေးဖို့ အကြောင်း၊ ခွင့်ပေးရင် ဘယ်နေရာကို သွားမယ့်အကြောင်း၊ ဘာလုပ်မယ့်အကြောင်းကို ပြောပြရမယ်။ ပြီးတော့ မင်းဟာ သူ့ဆီက ဒီလို မကြာခဏ ခွင့်ပန်ဖူးခြင်းမရှိကြောင်း၊ နောင်မှာလည်း မကြာခဏ ခွင့်ပန်မှာမဟုတ်ကြောင်း၊ တစ်ခါတစ်ရံမှာ စိတ်ကို ခန္ဓာကိုယ်ကြီးကဖြစ်စေ၊ အလုပ်ကဖြစ်စေခွာပြီး အနားပေးသင့်ကြောင်း စသဖြင့် အကျိုးသင့်အကြောင်းသင့် ရှင်းပြရမယ်။ ဒီလို ရှင်းပြတဲ့အခါမှာ တတ်နိုင်လျှင် ဥပမာကလေးတစ်ခုနှစ်ခုနဲ့ ပြတတ်ရမယ်။ လေးကိုင်းများဟာ အမြဲညှို့မထားရင်၊ အမြဲကွေးမထားရင် ညို့အားကောင်းသလို စိတ်ဟာလည်း မကြာခဏ ဆိုသလို အနားပေးထားရင် ဖြေလျှော့ထားရင် ပိုပြီးခွန်အားကောင်းလာတတ်ကြောင်းစသဖြင့် ပြောတတ်ရမယ်။

ဒီလိုစကားမျိုးကတော့ အသေးစား အာဝဇ္ဇန်းအတွက် နှုတ်မှုပညာအသေးစား၊ ဥပမာကလေးတွေပဲ။ ဒါပေမယ့် ဒါကိုကြည့်လိုက်ရင် နှုတ်မှုပညာတတ်ခြင်း၊ အာဝဇ္ဇန်းကောင်းခြင်းဆိုတာ ဘာလဲဆိုတာကို မင်းသဘောပေါက်လိမ့်မယ်ထင်တယ်။ စကားပြောကောင်းခြင်း၊ အာဝဇ္ဇန်းကောင်းခြင်းဆိုတာ အချုပ်မှာတော့ ဆွဲဆောင်သိမ်းသွင်းတဲ့ အတတ်ပညာပဲ။ နောင်

(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)





ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၁)လမ်း၊ အမှတ်(၁၂၃)နေ
(ဦးရွှေဝင်း-ဒေါ်ရီ)တို့၏မြေး
အမေရိကန်နိုင်ငံ၊ California ပြည်နယ်၊ Fremont မြို့၊ Borgia လမ်း၊
အမှတ်(၅၄၀၈)နေ
ဦးကျင်ကိတ်စန်း-ဒေါ်လောင်ရှုရန်တို့၏သားကြီး
Johnny Chin @ Kyat Hain Chin
နှင့်
ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၈)လမ်းနေ ဦးကေ့-ဒေါ်ပု၊
(ဦးအောင်ဝင်း-ယိုကွချိုင်(ခ)ဒေါ်ခင်)တို့၏မြေး
ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၈)လမ်း၊ အမှတ်(၁၃၂)နေ
ဦးအောင်ဝင်း-ဒေါ်မြမြအေးတို့၏တတိယသမီး
ဒေါက်တာ ခိုင်ခိုင်ထွေး
M.B.,B.S (Ygn)
တို့သည် ၈-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် **Western Park Royal** ၌ ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
Johnny Chin @ Kyat Hain Chin-ဒေါက်တာခိုင်ခိုင်ထွေး

စက္ကူကဲ့သို့ ကွေးနိုင်ဆန့်နိုင်သော မျက်နှာပြင်ကို ဂျပန်နိုင်ငံ ကြိုးပမ်းနေ

ကွေးနိုင်၊ ဆန့်နိုင်ပြီး စက္ကူသားကဲ့သို့ပါးလွှာတဲ့ မျက်နှာကို ဖုန်း၊ ကွန်ပျူတာနှင့် Tablet တွေမှာ တပ်ဆင်ပြီး နည်းပညာလောကကို တစ်ခေတ်ဆန်းဖို့ ကြိုးစားနေတယ်လို့ ဂျပန်အမျိုးသား သိပ္ပံဌာနမှ ပညာရှင်တွေက ဆိုလိုက်ပါတယ်။

ယင်းနည်းပညာကို ၂၀၀၃ ခုနှစ်ကတည်းက တွေ့ရှိခဲ့ပေမယ့် နည်းပညာအရ အနည်းငယ် လိုအပ်မှုရှိနေတာကြောင့် အခုထိ ပြည့်စုံတဲ့ လုပ်ငန်းမဖြစ်သေးပါဘူးလို့လည်း ထပ်လောင်းပြောကြားခဲ့ပါတယ်။ အကယ်၍ ပိုမိုပြည့်စုံတဲ့ Display ရရှိဖို့ဆိုရင် LE-OFETS နည်းပညာကို ဒီထက်အဆင့်မြင့်တဲ့ နည်းပညာတစ်ရပ်နဲ့ ထပ်တိုးပေါင်းစပ်ရမှာဖြစ်ပါတယ်။

ဆက်လက်ပြီး ဒီနည်းပညာသာ အကောင်အထည်ပေါ်ခဲ့ရင်ကုန်ကျစရိတ်ကိုများစွာလျှော့ချနိုင်မှာဖြစ်သလို ပလတ်စတစ်တွေ အသုံးပြုနေတဲ့ နည်းပညာလောကကိုလည်း ပြောင်းလဲစေမှာဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ မပေါ်ဖူးသေးတဲ့ ကွေးနိုင်ဆန့်နိုင်တဲ့ မျက်နှာပြင်နည်းပညာတစ်ရပ်အဖြစ် သာမက အီလက်ထရွန်နစ်လောကကို အပြောင်းအလဲကြီးတစ်ရပ် ယူဆောင်လာနိုင်တဲ့ ဖန်တီးအားထုတ်မှုမျိုး ဖြစ်လာလိမ့်မယ်လို့ ဆိုပါတယ်။ စက်ရုပ်နည်းပညာမှာ ဂျပန်နိုင်ငံကိုမီတဲ့ နိုင်ငံမရှိသေးသလို အခုနည်းပညာရပ်သာ တစ်နှစ်၊ နှစ်နှစ်အတွင်း အကောင်အထည်ပေါ်လာခဲ့ရင် အီလက်ထရွန်နစ်လောက၊ အထူးသဖြင့် ဖုန်းဈေးကွက်မှာ ဂျပန်ကုမ္ပဏီများအနေနဲ့ အခြားနိုင်ငံကုမ္ပဏီများရဲ့ နောက်ကောက်ချခံရမှုကိုပါ ကုစားနိုင်မှာဖြစ်တယ်လို့ နိုင်ငံတကာနည်းပညာသုံးသပ်ရေးအဖွဲ့အစည်းက သုံးသပ်ထားပါတယ်။

ဂျပန်ရဲ့အကြီးမားဆုံး အီလက်ထရွန်နစ် ကုမ္ပဏီက ၂၀၁၄ ခုနှစ်အတွင်း အရှုံးပေါ်ခဲ့ပေမယ့်လည်း ဒေသတွင်း ပြိုင်ဘက်များဖြစ်တဲ့ ကိုရီးယားရဲ့ Samsung ကုမ္ပဏီ၊ တရုတ်နိုင်ငံရဲ့ Huawei ကုမ္ပဏီတို့ကတော့ အမြတ်အစွန်းတွေ များစွာရရှိခဲ့တာက ဂျပန်အီလက်ထရွန်နစ်နည်းပညာလောကကို အမှန်တကယ်အကျပ်ရိုက်စေတဲ့ အကြောင်းအရာဖြစ်လာခဲ့ပါတယ်။

အခု နည်းပညာက ပိုပြီးကောင်းမွန်လျင်မြန်တဲ့ တုန့်ပြန်မှု၊ သက်သောင့်သက်သာရှိမှု၊ လုံလောက်ပြည့်စုံမှုတို့ကိုပါ ထပ်လောင်းဖြည့်ဆည်းပေးနိုင်မှာဖြစ်တယ်လို့ သိပ္ပံပညာရှင်များက ဆိုထားပါတယ်။

ဒါ့အပြင် အဆိုပါ နည်းပညာကို အလင်း ထုတ်လွှင့်ခြင်း (LE) နဲ့ အလင်းရယူခြင်း (LR) ဆိုပြီး အပိုင်းနှစ်ပိုင်းခွဲခြားထားပါတယ်။ အခု OFETS လို့ ခေါ်တဲ့ နည်းပညာကို သုံးဖက်မြင်ပုံနှိပ်ခြင်း (3D Printing) နည်းပညာအတွက်ပါ အသုံးပြုဖို့ ကြိုးပမ်းအားထုတ်နေပြီဖြစ်ပါတယ်။ ပလတ်စတစ်သုံးစွဲမှုကိုပါ သိသိသာသာ လျှော့ချပေးနိုင်တဲ့ ယင်းနည်းပညာကို ဆယ်စုနှစ်အတွင်း ဈေးကွက်မှာ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနိုင်မှာဖြစ်တယ်လို့ သုတေသန ပညာရှင်များက တွက်ချက်ပေးထားပါတယ်။

arvbif
plnf;onf

စက်ရုပ်များဖြင့် ဝန်ဆောင်မှုပေးသော ကမ္ဘာ့ပထမဦးဆုံး ဂျပန်၏ ဟန်းနားနားဟိုတယ်

ဂျပန်၏ နာဂါဆာကီ လုပ်ငန်းစုက လူသားများနှင့် အနီးစပ်ဆုံး တူညီသည့် စက်ရုပ်များဖြင့် ဝန်ဆောင်မှုပေးသော ကမ္ဘာ့ပထမဦးဆုံး ဟိုတယ်ကို ဖွင့်လှစ်ရန် စီစဉ်နေသည်။ ယင်းဟိုတယ်တစ်ခုလုံးနီးပါး၏ ဝန်ဆောင်မှုကို စက်ရုပ်များဖြင့်သာ လည်ပတ်လုပ်ဆောင်သွားမည်ဖြစ်ပြီး ဟိုတယ်အမည်ကို ဟန်းနားနားဟု အမည်ပေးထားပြီး အဓိပ္ပာယ်မှာ ဆန်းကြယ်ခြင်းဟု အဓိပ္ပာယ်ရသည်။

ဟိုတယ်မှာ နာဂါဆာကီရှိ ဟက်စတန်ဘော့ရှ် အရပ်တွင်တည်ရှိမည်ဖြစ်သည်။ ပထမအဆင့်အနေဖြင့် ၇၂ ခန်းပါသော နှစ်ထပ်ဆောင်ကို လာမည့် ဇူလိုင် ၁၇ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် နောက်ထပ် ၇၂ ခန်းပါသော အဆောင်ကို ၂၀၁၆ ခုနှစ်တွင် ထပ်မံဖွင့်လှစ်သွားမည်ဖြစ်သည်။

ယင်းလူသားသဏ္ဌာန်စက်ရုပ်များက လူသားဧည့်သည်များနှင့် ဉာဏ်ရည်တူ စကားပြောဆိုနိုင်မည်ဖြစ်ပြီး ဂျပန်၊ အင်္ဂလိပ်၊ ကိုရီးယားနှင့် တရုတ်ဘာသာစကားများကိုလည်း ကျွမ်းကျင်စွာပြောဆိုနိုင်မည်ဟု ဖော်ပြထားသည်။ အမူအရာအားဖြင့်လည်းကောင်း၊ မျက်လုံးချင်းဆက်သွယ်နိုင်မှုအားဖြင့်လည်းကောင်း စွမ်းဆောင်နိုင်အောင်လည်း ဖန်တီးပေးထားသည်။

အထက်ပါဟိုတယ်တွင် လူသားဝန်ထမ်း ၁၀ ဦးသာလျှင် ခန့်အပ်ထားမည်ဖြစ်သည်။ ထိုသို့ ခန့်အပ်ခြင်းမှာ ဧည့်သည်များအနေဖြင့် လူသားများနှင့် ဆက်ဆံချင်သည့်အခါ အဆင်ပြေနိုင်အောင် သီးသန့်ဖန်တီးပေးထားခြင်းဖြစ်သည်။ ယင်းသို့ လူသားစက်ရုပ်များဖြင့်သာ ဝန်ဆောင်မှုပေးထားသောကြောင့် အလုပ်သမား ငှားရမ်းမှုစရိတ် သိသိသာသာ လျော့ကျသွားမည်ဖြစ်ကာ ပိုလျှံသော ငွေကြေးများဖြင့် ဟိုတယ်အတွက် ကောင်းမွန်သော ပစ္စည်းများကို ထပ်မံဖြည့်သွင်းနိုင်မည်ဟု ဟက်စတန်ဘော့ရှ်ဥက္ကဋ္ဌ မစ္စတာဆာဝါဒါက ပြောကြားခဲ့သည်။

ဟိုတယ်ဝန်ထမ်း၏ ၉၀ ရာခိုင်နှုန်းမှာ စက်ရုပ်များသာဖြစ်ပြီး ယင်းကဲ့သို့ အလားတူ ဟိုတယ်ပေါင်း ၁၀၀၀ ခန့်ကို ကမ္ဘာတစ်ဝန်းတွင် ဖွင့်လှစ်သွားရန်လည်း ရည်ရွယ်ထားသည်။ တည်းခိုစရိတ်မှာ တစ်ယောက်ခန်း တစ်ခန်းအတွက် အမေရိကန်ဒေါ်လာ ၆၀၊ သုံးယောက်ခန်းအတွက် ၁၅၃ ဒေါ်လာနှင့် အခန်းကျယ် အထူးခန်းများအတွက် ထို့ထက်ပိုမိုကုန်ကျမည်ဖြစ်သည်။ တည်းခိုလိုပါက အွန်လိုင်းမှတစ်ဆင့် စာရင်းပေးသွင်းနိုင်သည်။

NEW MOTION Travels & Tours
New Motion
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေလျှားသစ်လွင် ခရီးစဉ်
★ ပုဂံ ~ Feb; 27 , Mar ; 26
★ မန္တလေး ~ Feb; 27 , Mar ; 26
★ တောင်ကြီး ~ Feb; 28 , Mar ; 26
★ ငွေဆောင် ~ Feb; 28 , Mar ; 27
★ အလောင်းတော်ကဿပ ~ Feb; 27 , Mar ; 26
★ ရွှေလီ ~ Feb; 27 , Mar ; 26
★ ရွှေစက်တော် ~ Feb; 27 , Mar ; 26
★ မော်လမြိုင် ~ Feb; 28 , Mar ; 27
အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ မြေကွက်အမှတ်-၂၅၁၊ မြေကွက်တည်နေရာအမှတ်-၂၅၁၊ သံလွင်လမ်း၊ (၆)ရပ်ကွက်၊ ရွှေပြည်သာ (ဦးလှထွန်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးလှထွန်း၏ တရားဝင်ဇနီးတော်စပ်ကြောင်း ဒေါ်ရင်သန်း[၁၂/ရပသ(နိုင်)၀၀၁၅၈၄]၏ တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဦးလှထွန်း၏ သေစာရင်းမိတ္တူတို့တင်ပြ၍ ဒေါ်ရင်သန်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်၃၂၄၄၈/(၁၁-၁၂-၂၀၁၄)ရသူ၏ G.P ဒေါ်ထက်ထက်အောင်[၁၂/ဗဟန(နိုင်)၀၉၈၅၅၄]မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄အီး၊ မြေကွက်ကြီးအမှတ်(၁၁၇)၊ မြေကွက်တည်နေရာအမှတ်(၈၅)၊ ၁၆၄လမ်း၊ တာမွေကြီး (ခ) ရပ်ကွက်၊ တာမွေမြို့နယ်၊ Mr Morris Khyu (alias) U Ba Mya အမည်ပေါက်၊ နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် Mr Morris Khyu (alias) U Ba Mya(ဖခင်)နှင့်ဒေါ်မေဘမြ (မိခင်)တို့ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်-၈၉၉၂/၁၄(၁၅-၁၂-၂၀၁၄) အရ ဒေါ်ခင်ခင်ကြီး[၁၂/ပဇတ(နိုင်)၀၂၄၁၀၆]နှင့် ဒေါ်ခင်ခင်လေး[၈/မထန(နိုင်)၀၁၃၂၉၃]တို့မှ ပိုင်ဆိုင်လာပြီး ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ/သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာတို့ကိုတင်ပြ၍ ဂရန်မိတ္တူနှင့်အမည်ပြောင်းလျှောက်ထားရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

CitiAvenue Travels & Tours
CitiAvenue Travels & Tours ၏ နှစ်သစ်ကူးပိတ်ရက် သင်္ကြန်ခရီးစဉ်များ
✓ဒူဘိုင်း April 12
✓ကိုရီးယား April 12
✓ဖန်ကောက်-ပတ္တရား April 12,13
✓ဟောင်ကောင်-ဘာလီ April 11
✓ဂျပန် April 13
✓ဗီယက်နမ် April 13
✓ဟောင်ကောင်-ရှန်ဟိုင်း-ပီကင်း April 13
✓ဩစတြေးလျ April 10
✓စင်ကာပူ April 12,13
✓ကွမ်ကျိုး-ရှန်းကျန့်-ဟောင်ကောင်-မကာအို-ကျူးဟိုင် April 14
အမှတ် ၁၃၉(က) ၊ အောက်ကြည့်မြင်တိုင်လမ်း ၊ အလုံမြို့နယ် ၊ ရန်ကုန်မြို့။
09732356 12 , 09732356 21 , 0925090 1188 , 0925090 1199 , 01211609
Service From Our Hearts !!



မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

မြန်မာနိုင်ငံကလေးသူငယ်များနေ့ အထိမ်းအမှတ် ဉာဏစွမ်းရည်ပြိုင်ပွဲ ဘားအံ၌ ကျင်းပ

ဘားအံ၊ ဖေဖော်ဝါရီ ၁၀

ကရင်ပြည်နယ် ဘားအံမြို့တွင် မြန်မာနိုင်ငံကလေးသူငယ်များနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ဘားအံမူလတန်းကြိုကျောင်းနှင့် အသိအမှတ်ပြုကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများပူးပေါင်း၍ ကျောင်းပေါင်းစုံဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီတွင် ဘားအံမူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ အကဲဖြတ်ဒိုင်များ၊ မူလတန်းကျောင်းပေါင်းစုံမှ ကျောင်းအုပ်နှင့် ဆရာမများ၊ ကျောင်းကြီးကြပ်မှုကော်မတီဝင်များ၊ ပြိုင်ပွဲဝင်မူကြိုကလေးငယ်များ တက်ရောက်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ဘားအံမြို့နယ်အတွင်းရှိ ဘားအံမူလတန်းကြိုကျောင်းနှင့် အသိအမှတ်ပြု ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း ၁၆ ကျောင်းမှ မူကြိုကလေးငယ် ၁၂၄ ဦးတို့သည် တစ်ဦးချင်းနှင့် အဖွဲ့လိုက်သီချင်း၊ ကဗျာ၊ ပုံပြင်များ ယှဉ်ပြိုင်ကြရာ နှစ်သိမ့်ဆုရရှိသော မူကြိုကလေးငယ်များအား တာဝန်ရှိသူများမှ ဆုချီးမြှင့်ပေးကြသည်။

ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသော မူကြိုကလေးငယ်များအား ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပမည့် မြန်မာနိုင်ငံကလေးသူငယ်များနေ့ အခမ်းအနားတွင် ဆက်လက်ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

မြတ်နိုးသူကုမ္ပဏီ ညောင်ဦးမြို့နယ်အတွင်းရှိ အရှည် ၆၀၀ ပေ လမ်းအား ကတ္တရာထပ်ပိုးလွှာခင်း

ညောင်ဦး၊ ဖေဖော်ဝါရီ ၁၀

မြတ်နိုးသူကုမ္ပဏီက ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ လွယ်ကူချောမွေ့စွာသွား လာနိုင်ရေးအတွက် မိုးရေတိုက်စားခြင်းကြောင့် ပျက်စီးနေသည့် ညောင်ဦး-ကျောက်ပန်းတောင်းနှစ်လမ်းသွား တောင်ရှေ့ရေကျော်ချောင်း အရှည်ပေ ၆၀၀ ကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းဖြင့် ပြန်လည်ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက မြတ်နိုးသူကုမ္ပဏီကို ညောင်ဦး-မြင်းခြံ၊ ညောင်ဦး -ကျောက်ပန်းတောင်း၊ ကျောက်ပန်းတောင်း-မိတ္ထီလာ စုစုပေါင်း လမ်းအရှည်ပေ ၁၃၄ မိုင်ခန့်အား(BOD)စနစ်ဖြင့် လမ်းပြင်ဆင်ခြင်းများ လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် မြို့ပြ၊ ကျေးလက်မကျန် လမ်းဟောင်းများပြုပြင်ခြင်း၊ လမ်းသစ်များတိုးချဲ့ခြင်းနှင့် လမ်းများအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ညောင်ဦး-ကျောက်ပန်းတောင်း နှစ်လမ်းသွားဖြစ်သည့် တောင်ရှေ့ရေကျော်ချောင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မြတ်နိုးသူကုမ္ပဏီမှ ဦးကျော်မိုးထွန်း (စီမံကိန်းမန်နေဂျာ)က တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နေသည့် လမ်းတည်ဆောက်ခြင်း၊ လမ်းများထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဖြစ်သည့်အတွက် လမ်းများပြုပြင်ရာ၌ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးနိုင်ရေး နေ့စဉ်ကြီးကြပ်ဆောင်၏ရွက်လျက်ရှိကြောင်း သိရသည်။

တောင်ရှေ့ရေကျော်ချောင်း ကတ္တရာထပ်ပိုးလွှာခင်းလုပ်ငန်းပြီးစီးသွားပါက ညောင်ဦး-ကျောက်ပန်းတောင်း လမ်း မရောင့်ရဲရေကျော်ချောင်း အရှည် နှစ်ဖာလုံခန့်အား သွားလာရေးလွယ်ကူစေရန် လာမည့်နှစ်မိုးမကျမီအတွင်း ရေလွှဲရေတာပေါင်များနှင့် လမ်းပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းမန်နေဂျာ ဦးကျော်မိုးထွန်းက ပြောသည်။

ရဲဝင်းနိုင်(ပြန်/ဆက်)

ရခိုင်ပြည်နယ် သံတွဲမြို့တွင် ငပလီကမ်းခြေနှင့်အနီး ကျေးရွာများ လျှပ်စစ်ဓာတ် အားတိုးချဲ့ပေးမည်

သံတွဲ၊ ဖေဖော်ဝါရီ ၁၀

ရခိုင်ပြည်နယ် သံတွဲမြို့တွင် ငပလီကမ်းခြေဒေသနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအား လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာအဖွဲ့များမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ် သံတွဲမြို့ ၆၆/၁၁ ကေဗွီ နန်းချောင်းဓာတ်အားခွဲရုံတွင် သံတွဲမြို့ ငပလီကမ်းခြေဒေသနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအား တိုးချဲ့ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ(ရခိုင်)၏ လမ်းညွှန်ချက်ဖြင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ(သံတွဲ)မှကြီးကြပ်၍ လက်ရှိဓာတ်အားဖြန့်ဖြူးလျက်ရှိသော ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ထရန်စဖော်မာနေရာတွင်အစားထိုးတပ်ဆင်ကာ ဓာတ်အားတိုးချဲ့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်လျှပ်စစ်

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ကော့သောင်းခရိုင်တွင် အသိပညာပေးဟောပြော

ကော့သောင်း၊ ဖေဖော်ဝါရီ ၁၀

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အကြို အသိပညာပေးဟောပြောပွဲအား ကော့သောင်းခရိုင် ခမောက်ကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မှ အခြေခံပညာအထက်တန်းကျောင်းတွင် ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်သက်ဦးက (၆၈) နှစ်မြောက်ပြည်ထောင်စုနေ့အကြိုအဖြစ် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ၊ လွတ်လပ်ရေးကြိုပမ်းမှုသမိုင်းနှင့် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိရေး ဗိုလ်ချုပ်အောင်ဆန်း၏ စွမ်းဆောင်ချက်များ စသည့် ဗဟုသုတဖြစ်ဖွယ်များ၊ ကျောင်းနေအရွယ်ကလေးဘဝမှစတင်ကာ နိုင်ငံတော်နှင့် မျိုးချစ်စိတ် ရှင်သန်ကိန်းအောင်းစေရေးနှင့် စာဖတ်ခြင်းအလေ့အထကောင်းများ ရှင်သန်နိုးကြားလာရေး၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ခမောက်ကြီး(ပြန်/ဆက်)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၅)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို အမေရိကန်ဒေါ်လာ (CIF Yangon)ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	MPPE/MCY/CAP/T/7 (2014-2015)	Petroleum Products Testing Equipment(Brand New) (ASTM Standard) for Mobile Fuel Lab	1 Lot	USD
(၂)	MPPE/MCY/CAP/T/8 (2014-2015)	120 IGPM Fuel Transfer Centrifugal Pump(Engine Driven)	3 Sets	USD

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၁-၂-၂၀၁၅ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၁၀-၃-၂၀၁၅ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ်၊ ၀၆၇-၄၁၁၄၈၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၂/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-143(14-15)	Spares for Kenworth Oil Field Truck (14)Items	US$
(၂)	IFB-144(14-15)	1500 Series Well Head Equipment & Accessories (2)Sets	US$
(၃)	IFB-145(14-15)	Spares for Down Hole Equipments (8)Items	US$
(၄)	IFB-146(14-15)	273KW Gas Engine Driven Generating Set (1)Set	US$
(၅)	DMP/L-030(14-15)	Portable Fire Pump with Engine and Fire Assembly (3)Lots	Ks
(၆)	DMP/L-031(14-15)	33 KV GCB Complete Set and 33 KV Current Transformer (2) Items	Ks
(၇)	DMP/L-032(14-15)	Motor for SAFE and Intermech Compressor (2)Nos	Ks
(၈)	DMP/L-033(14-15)	185mm^2, 4Core, XLPE Cable (50)Meter	Ks
(၉)	DMP/L-034(14-15)	SAE 15W 40 Diesel Engine Oil (API-CF4) (1)Lot	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၉-၃-၂၀၁၅ရက် ၁၆:၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံများမှ အသုံးမလိုပိုလျှံစက်နှင့်စက်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်။

(က) အမှတ်(၉)အထည်စက်ရုံခွဲ (အင်းစိန်) - စက်နှင့်စက်ပစ္စည်း (၂၄)မျိုး
(ခ) အထည်စက်ရုံအမှတ်(၁)မရမ်းကုန်း - စက်ပစ္စည်း (၁)မျိုး
(ဂ) အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း) - စက်အရန်ပစ္စည်း (၃၅၂)မျိုး

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၁၃-၂-၂၀၁၅ ရက်
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ
၁။ နေပြည်တော် - အထည်အလိပ်လုပ်ငန်း(စီမံရေးဌာန)၊ ရုံးအမှတ်-၃၇
၂။ ရန်ကုန် - အထည်အလိပ်လုပ်ငန်း(ရုံးခွဲ) အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်
(ဂ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၃-၂-၂၀၁၅ ရက်၊ ၁၆:၀၀ နာရီ
(ဃ) တင်ဒါပေးသွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ညွှန်ကြားရေးမှူး(စီမံရေး)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော် ဖုန်းနံပါတ်၊ ၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆
(ခ) လုပ်ငန်းရုံးခွဲ(ရန်ကုန်) ဖုန်းနံပါတ်-၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆



ခိုင်သစ္စာ
အုတ်ရောင်းဝယ်ရေး
စက်အုတ်၊ လက်အုတ်
အမျိုးမျိုးရနိုင်သည်။
Ph:09-420056596, 09-428310170, 09-31641529, 0930170607

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၃၄၉)၊ မြေကွက်တည်နေရာ-အမှတ်(၁၃၄၉)၊ သုခမိန်လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးကျော်ကျော်(CF-၀၂၁၂၁၁)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးကျော်ကျော်(တရားရှုံး)ကိုယ်စား၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ်(၉၄/၂၀၁၄)နှင့် တရားမဇာရီမှုအမှတ်(၃၀/၂၀၁၄)ကို တင်ပြ၍ ဘီလစ် ဒေါ်ကြည်ကြည်စန်း[၁၄/လမန(နိုင်)၀၀၄၁၅၂]က အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၄-၂-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၅ တွင် ပါရှိသော "ဒေါ်နီနီဝင်းနှင့် အများသိစေရန် ပြန်လည်ကြော်ငြာခြင်း" ကြော်ငြာတွင် "ဤမြေရှင်၏ ကြေညာချက်သည်" ဆိုသောစကားရပ်အစား "ဤမြေရှင်းကြေညာချက်သည်"ဟူ၍ ပြင်ဆင်ဖတ်ရှုပါရန်။

အင်းဝရှေးဟောင်းနယ်မြေသို့ နိုင်ငံခြားသားဝင်ရောက် လေ့လာမှု နေ့စဉ် ပျမ်းမျှ ၄၀၀ ကျော်ရှိလာ

မန္တလေး၊ ဖေဖော်ဝါရီ ၁၀

ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ မန္တလေးတိုင်းဒေသကြီး မြန်မာ့ရှေ့ဟောင်းယဉ်ကျေးမှုအင်းဝနယ်မြေတွင် နိုင်ငံခြားသားခရီးသွားများ ဝင်ရောက်မှုမှာ နေ့စဉ်ပျမ်းမျှ ၄၀၀ ကျော်ရှိကြောင်း ရှေးဟောင်းသုတေသနဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

ရှေးဟောင်းယဉ်ကျေးမှုသဘာဝအတိုင်းရှိသေးသော အင်းဝမြို့တွင် မြန်မာသက္ကရာဇ် ၁၁၈၄ ခုနှစ်ကတည်းက ဆောက်ခဲ့သော နန်းမြင့်မျှော်စင်၊ မြန်မာသက္ကရာဇ် ၁၁၉၆ ခုနှစ် ကတည်းက ဆောက်ခဲ့သည့် ကျွန်းတိုင်လုံးပေါင်း ၂၆၇ လုံးပါရှိသည် ဗားကရာကျောင်း၊ မြန်မာသက္ကရာဇ် ၁၁၈၄ ခုနှစ်ကတည်းက ဆောက်ခဲ့သည့် အောင်မြေဘုံစံအုတ်ကျောင်း (ခေါ်) မယ်နုအုတ်ကျောင်း၊ ဆင်ကျုံးခံတပ်နှင့် ရှေးဟောင်းစေတီ၊ ပုထိုးတော်များ၏ ပြာသာဒ်ဆောင်၊ ကိန္နရာရုပ်တုများ၊ ပွတ်လုံးပန်းပုရုပ်တုများ၊ ပန်းနွယ်ပန်းခက်များစသည့် ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာများနှင့် မြန်မာ ဗိသုကာလက်ရာပုံစံများကိုနိုင်ငံခြားသားများကအထူးစိတ်ဝင်စား လေ့လာကြသည်။

နိုင်ငံခြားသားတစ်ဦးလျှင် ယဉ်ကျေးမှုဇုန်ဝင်ကြေးအဖြစ် ငွေကျပ်တစ်သောင်းကောက်ယူပြီး မန္တလေးယဉ်ကျေးမှုဇုန်၊ အင်းဝ၊ ပင်းယ၊ ပုလိပ်၊ မင်းကွန်း စသည့်ယဉ်ကျေးမှုနယ်မြေများတွင် ခုနစ်ရက်လေ့လာခွင့်ရကြသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

မီးသတ်တပ်ဖွဲ့ဝင်များအား ကြက်ခြေနီရှေးဦးသူနာပြု စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်

စစ်ကိုင်း၊ ဖေဖော်ဝါရီ ၁၀

စစ်ကိုင်းမြို့မှ မီးသတ်တပ်ဖွဲ့ဝင်များအား ရှေးဦးသူနာပြုနည်းစွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်မီးသတ်ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေး ကော်မတီအတွင်းရေးမှူး ဦးတိုးလင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးသန့်၊ တိုင်းဒေသကြီးကြက်ခြေနီတပ်ဖွဲ့ဦးစီးမှူး (ပထမတန်း) ဦးတင့်ဝေ၊ ခရိုင်မီးသတ်တာဝန်ခံဦးစီးအရာရှိ ဦးထွန်းထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့မိမြို့ဖအဖွဲ့ဝင်များ၊ သင်္ဘောဝင်အဖွဲ့ဝင် ၁၃ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ စုစုပေါင်း ၅၅ ဦး တက်ရောက်ကြသည်။

သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်မှာ ဘေးအန္တရာယ်ဆိုင်ရာ အသိတရားများကို ပိုမိုသိရှိလာစေရန်၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရာမှာ ရှေးဦးသူနာပြုစုနည်းကိုပါ တတ်ကျွမ်းနားလည်စေရန်၊ ရပ်ရွာလူထုအား သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး၊ ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းကာလမှာ ဖေဖော်ဝါရီ ၃ ရက်မှ ဖေဖော်ဝါရီ ၇ ရက်ထိဖြစ်ကြောင်းသိရသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**

ကရင်ပြည်နယ် ဘားအံခရိုင် ဒေါနတောင်ခြေရှိ ပိုင်ကျုံမြို့တွင်း ကတ္တရာလမ်းဖွင့်

ဘားအံ၊ ဖေဖော်ဝါရီ ၁၀

ကရင်ပြည်နယ် ဘားအံခရိုင် ဒေါနတောင်ခြေရှိ ပိုင်ကျုံမြို့တွင် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ၈၉ ဒသမ ၈ သန်းဖြင့် အရှည်တစ်မိုင်ရှိ မြို့တွင်းကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် ညနေ ၃ နာရီခွဲတွင်ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ကတ္တရာလမ်းသစ်မုခ်ဦးအား ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွန်းနှင့် ပိုင်ကျုံမြို့သိက္ခာတော်ရ ဆရာတော်ဦးစောစိုးလယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပိုင်ကျုံမြို့တွင် ရပ်ကွက်ငါးရပ်ကွက်၊ လူဦးရေ ၅၁၁၃ ဦးရှိပြီး ယခုလို မြို့တွင်းလမ်းများ၊ စာသင်ကျောင်းလမ်း၊ ဘုရားကျောင်းလမ်း၊ ၁၅ မိုင်အကွာအဝေးရှိသည့် လှိုင်းဘွဲမြို့နယ်ထိ ကတ္တရာလမ်းများမှ တစ်ဆင့်ပြီးတစ်ဆင့်ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ယခင်နှစ်နာရီခရီးမှ ယခုနာရီဝက်သာ ကားဖြင့် ခရီးရောက်နိုင်မည်ဖြစ်သည်။ **နေမျိုးလွင်(ပြန်/ဆက်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၌ မိုးပွင့်(အထူး)စီမံချက်လုပ်ငန်းရှင်းလင်း

ကျိုင်းတုံ၊ ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့တွင် မိုးပွင့်(အထူး)စီမံချက်လုပ်ငန်းများရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၇ရက် နံနက် ၉ နာရီက ကျိုင်းတုံမြို့စည်ပင်သာယာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါရှင်းလင်းပွဲတွင် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီးနောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဦးကိုကိုသော်က လုပ်ငန်းကြီးကြပ်မှုကော်မတီဖွဲ့စည်းထားရှိမှုနှင့် နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှသာ နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိခံစားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းအပြင်တိုင်းရင်းသားပြည်သူများသိရှိနားလည်စေရန် မိုးပွင့်(အထူး)စီမံချက်လုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းစဉ်လေးရပ်ကိုဆွေးနွေးရာ တက်ရောက်လာသူများမှသိလိုသည်များကို ၎င်းက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအာဖာက ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ရှမ်း၊ အာခါ၊ လားဟူ တိုင်းရင်းသားအများစုနေထိုင်၍ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဘာသာစကားကျွမ်းကျင်သည့်ဝန်ထမ်းများ လိုက်ပါဆောင်ရွက်ပေးစေလိုကြောင်း အကြံပြုပြောကြားခဲ့သည်။

၎င်းအပြင်မိုးပွင့်(အထူး)စီမံချက်အတွက် အလှူရှင်များလှူဒါန်းသည့်ငွေများကို တွဲဖက်ပြည်နယ်ဦးစီးဌာနမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းရင်းသားရေးရာဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြောင်း သိရသည်။ **မော်ကြီး(တြိဂံနယ်မြေ)**

ယခင် အလက(၃) (၈)ရပ်ကွက် သာကေတမြို့နယ် အာစရိယပူဇော်ပွဲ

ယခင် အလက(၃) (၈)ရပ်ကွက် သာကေတမြို့နယ်၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ရက် ပြည်ထောင်စုနေ့(ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အလင်းရောင်ကျောင်းတိုက်၊ ၁၀၈တောင်ဘုရားလမ်း၊ (၁၀)ရပ်ကွက်တွင် ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးသိန်းဝင်း ဖုန်း-၅၁၀၃၈၉၅၊ ဦးတင်ကြိုင် ဖုန်း-၀၉-၂၅၄၃၀၉၂၈၊ ဒေါ်အေးသိန်း ဖုန်း-၀၉-၄၂၀၀၄၅၈၉၊ ဒေါ်တင်တင်အေး ဖုန်း-၅၄၇၀၇၂၊ ဒေါ်သန်းသန်းဝေ ဖုန်း- ၀၉-၄၂၀၁၇၄၆၉၉၊ ဒေါ်အေးအေးမြင့် ဖုန်း-၀၉-၄၂၀၁၃၈၄၄၅၊ ဒေါ်စန်းစန်းတင့် ဖုန်း-၀၉-၃၁၁၂၀၁၅၊ ဦးမောင်မောင်ကြည် ဖုန်း-၀၉-၂၅၃၈၃၃၉၂၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

မြန်မာနိုင်ငံမှ ပို့ကုန်နည်းသဖြင့် ပြည်တွင်းပိုင် ပင်လယ်ကူးသင်္ဘောများ ဝင်ငွေနည်းလာ

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံမှ ထုတ်လုပ်တင်ပို့သည့်ကုန်များနည်းနေသဖြင့် မြန်မာနိုင်ငံသားပိုင် သင်္ဘောများ ဝင်ငွေနည်းပါးလာကြောင်း မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာနိုင်ငံသင်္ဘောပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးက မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းနှစ်ပတ်လည်နေ့တွင် ပြောကြားခဲ့သည်။

"အခု ပြည်တွင်းသင်္ဘောတွေက သွားရင်အခွံကြီးပဲ။ ဘာမှမပါဘဲသွားရတော့ ရှုံးတာပေ့ါ။ နိုင်ငံက ပို့ကုန်မှုမရှိတာ။ ပြန်လာမှ ပြည်ပကတင်သွင်းတာလေး ပြန်တင်လာရတာ။ ကမ္ဘာ့ဆီဈေးကျနေပေမည့် အသွားခါလီ။ အဲဒီတော့ ကျွန်တော်တို့မသွားနိုင်ဘူး။ သစ်ဆိုလည်း အလုံးလိုက်ပို့တာ ပိတ်လိုက်ပြီ။

အထည်လည်း သိပ်မထွက်၊ စိုက်ပျိုးရေးလည်း မထွက်၊စူပါမားကတ်မှာသွားကြည့်လိုက်ရင်အသီးအရွက်ကအစ ပြည်ပက ပို့တာတွေချည်းပဲ မြင်ရတယ်"ဟုဂင်းက ပြောသည်။

နိုင်ငံတစ်နိုင်ငံတိုးတက်ရန်အတွက် အခြေခံအားဖြင့် ကုန်ထုတ်လုပ်မှုမြင့်မားရန်လိုအပ်ပြီး ဘဏ်စနစ်၊ ကုန်သွယ်မှုစနစ်၊ ပို့ဆောင်ရေးစနစ် သုံးခုကောင်းမှ ဖွံ့ဖြိုးမှုမြန်ဆန်မည်ဖြစ်ကြောင်းလည်း ဂင်းကသုံးသပ်ပြောကြားသည်။

"အစက ဂျပန်မှစစ်လျော်ကြေးနဲ့ဝယ်ခဲ့တာ။ နောက်ပိုင်း သင်္ဘောဟောင်းတွေရောင်း၊ အသစ်ပြန်ဝယ်၊ လူတွေကိုလည်း သင်တန်းတွေပေး၊ ရေကြောင်းသိပ္ပံကျောင်းဆင်းများကို အလုပ်အကိုင်ခန့်ပေးပြီး ဆောင်ရွက်ခဲ့တာ။ အဲအချိန်က အစိုးရပိုင်ကုန်ပစ္စည်းတွေကို FOB စနစ်နဲ့ သယ်ယူပေးတာ။

" နိုင်ငံခြားသင်္ဘောလိုင်းတွေကလည်း အများကြီးလွတ်လပ်ခွင့်ပေးပြီး၊လွတ်လပ် စွာယှဉ်ပြိုင်ခွင့်ပေးခဲ့ပြီးနောက် FOB မူဝါဒ ကိုလည်း မလိုက်နာတော့ဘဲ ပြိုင်ဆိုင်လာသည့် နိုင်ငံခြားသင်္ဘောနဲ့တင်တော့ နိုင်ငံထဲက FE ငွေတွေ အပြင်ထွက်ကုန်တာပေ့ါ။

"အင်ဒိုနီးရှားနိုင်ငံမှာဆို ကာပိုတက်လောဆိုတာရှိတယ်။ နိုင်ငံပိုင်သင်္ဘောတွေ မနိုင်တဲ့ကုန်ကိုပဲ နိုင်ငံခြားပိုင်သင်္ဘောတွေကတင်ရတယ်။ အာဆီယံကွန်မြူနတီဆိုပေမယ့် တချို့နိုင်ငံတွေမှာ တချို့အရာတွေ ခွင့်မပြုဘူး။

တရုတ်ဆို ပြည်ပက သင်္ဘောတွေကို အခွန်တွေ တိုးကောက်လိုက်တယ်။ အဲဒီတော့ ပြည်တွင်းသင်္ဘောလိုင်းတွေ သက်သာသွားတာပေ့ါ။ ဒ့ါအပြင် ပို့ဆောင်ရေးလက်အောက် ရေကြောင်းပို့ဆောင်မှုဦးစီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့က စည်ကမ်းတင်းကြပ်နေတော့ လုပ်ငန်းစွမ်းစွမ်းတမံလုပ်ဆောင်ဖို့ နည်းနည်းကြပ်နေတယ်" ဟုဂင်းကပြောသည်။

စူးအက်တူးမြောင်းတူးပြီးနောက် မြန်မာ့သင်္ဘောလိုင်းများသည် အမေရိကန်၊ အင်္ဂလန်၊ ဂျပန် စသည်နိုင်ငံများသို့ ရေကြောင်းဆက်သွယ်မှုများရှိခဲ့သည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းသည် ယခင်က ဆူးအက်တူးမြောင်းဖောက်လုပ်ပြီးနောက်ကာလများတွင် အမေရိကန်၊ အင်္ဂလန်၊ ဂျပန်နှင့် ကိုရီးယား၊အိန္ဒိယနိုင်ငံများအထိ ကူးသန်းနိုင်ခဲ့ပြီး စီးပွားရေးပိတ်ဆို့မှုများ နောက်ပိုင်း အနောက်တိုင်းဘက်သို့သင်္ဘောလမ်းများလည်း ကုန်သွယ်မှုလျော့နည်းခဲ့သည်။

ယခုလက်ရှိတွင်ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်နိုင်ငံများသို့ကုန်သွယ်ပို့ဆောင်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကို ၂၀၁၀ ခုနှစ်တွင် နိုင်ငံပိုင်မှ ကုမ္ပဏီအဖြစ်ပြောင်းလဲခဲ့ရာ ယခုအချိန်တွင် တန်ချိန်တစ်သောင်းတင် သင်္ဘောအသစ်အပါအဝင် ပင်လယ်ကူးသင်္ဘော ၁၉ စင်းရှိပြီး ပြည်တွင်းကမ်းရိုးတန်းသွားသင်္ဘော ခုနစ်စင်း၊ သင်္ဘောသား ၃၀၀ ဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သာကေတတွင်လည်း မီတာ ၂၀၀ ဆိပ်ခံတံတားတစ်စင်းရှိပြီး နှစ်စဉ်ဝင်ငွေ ဒေါ်လာ ၄ သန်းကျော်ရှိကြောင်း သိရသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း AEC ၂၀၁၅-၂၀၁၈ မှာပါဝင်လုပ်ဆောင်ဖို့ပြင်ဆင်နေပြီး သင်္ဘောတွေဖြည့်နေကြောင်း၊ သင်္ဘောသားများ၊ ရုံးပိုင်းဆိုင်ရာများကိုလည်း စွမ်းရည်မြင့်သင်တန်းများပေးထားကြောင်း သိရသည်။

ကုန်စည်များကို အိမ်တိုင်ရာရောက်ပို့စနစ် Door to Door Logestic လုပ်ရန် လုပ်ငန်းတိုးချဲ့မည့် Future Planများလည်း ရှိနေကြောင်း မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ သိရသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းသည် ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီမှစတင်၍ ပြည်တွင်းနှင့် နိုင်ငံတကာရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ရာမှယနေ့တွင် ၅၆ နှစ်ပြည့်ခဲ့ပြီဖြစ်ကြောင်းသိရသည်။

ဖိုးသန့်

ခမောက်ကြီးမြို့တွင် မြို့တွင်းလမ်းများ ကျောက်ချောခင်း

ခမောက်ကြီး၊ ဖေဖော်ဝါရီ ၁၀

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့တွင် မြို့တွင်းလမ်းဖြစ်သည့် ကွက်သစ်ရပ်ကွက် ကံ့ကော်လမ်းအားကျောက်ချောခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းမှစတင်၍ မြေသားလမ်းမှ ကျောက်ချောခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျောက်ချောခင်းခြင်းလုပ်ငန်း လမ်းအရှည်တစ်မိုင်အား မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ လုပ်ငန်းများပြီးစီးပါကကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်ပြည်သူ များ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်မည် ဖြစ်၍ မြို့နယ်အတွင်း လူမှုရေး၊ စီးပွားရေး၊ပညာရေး၊ ကျန်းမာရေး စားဝတ်နေရေးစသည့်ဖွံ့ဖြိုးတိုးတက်မှုများအား များစွာအထောက်အကူပြုမည်ဖြစ်သည်။ **ခမောက်ကြီး(ပြန်/ဆက်)**

မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မီးငြှိမ်းသတ်ရေး စစ်ကိုင်းတွင် သရုပ်ပြ

စစ်ကိုင်း၊ ဖေဖော်ဝါရီ ၁၀

စစ်ကိုင်းခရိုင်မီးသတ်(တာဝန်ခံ) ဦးစီးအရာရှိ ဦးထွန်းထွန်းနှင့်တပ်ဖွဲ့ဝင်များသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများ မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီ၌ စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသရှိ အထက်မြန်မာပြည် မြန်မာ့သစ်လုပ်ငန်းသင်္ဘောကျင်းအလုပ်ရုံသို့ရောက်ရှိပြီး အလုပ်ရုံသမီးသတ်တပ်ဖွဲ့ဝင်များအား အလုပ်ရုံမီးဘေးအန္တရာယ်မှကင်းဝေးစေရေးအတွက် အသိပညာပေးဟောပြောပြီး လက်တွေ့မီးငြှိမ်းသတ်ခြင်းကို သရုပ်ပြသခဲ့ကြောင်း သိရသည်။

အလုပ်ရုံမီးသတ်တပ်ဖွဲ့ဝင်များအား မီးသတိပြုရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြှိမ်းသတ်ရေး လက်တွေ့သရုပ်ပြပွဲသို့ အလုပ်ရုံအင်ဂျင်နီယာ ဦးစိုးသန်းအောင်နှင့် ဝန်ထမ်းများတက်ရောက်ကြကြောင်း သိရသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**





မြေကွက်ရောင်းရန်ရှိသည်

လှိုင်တက္ကသိုလ်နယ်မြေ၊ MICT Park အနီး၊
အကျယ် (၈၀×၈၀)ပေ၊ ဂရန်အမည်ပေါက်
မြေကွက်(၂)ကွက် ရောင်းရန်ရှိသည်။
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ (ပွဲစားမလို)
Ph: 09-252638246

ဓမ္မပူဇာ စာပေဆုချီးမြှင့်ပွဲနှင့် ထေရဝါဒ ဓမ္မစာမူဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၀

မြတ်ဗုဒ္ဓ၏ ထေရဝါဒသာသနာတော် သန့်ရှင်းတည်တံ့ ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဇမ္ဗူသီရိပိမာန်တော်၌ တတိယအကြိမ်မြောက် လေးမြိုင် ဓမ္မပူဇာစာပေဆုချီးမြှင့်ပွဲနှင့် ဓမ္မဝါဒဖော်ဆောင်ရေးအဖွဲ့၏ တတိယအကြိမ်မြောက် ထေရဝါဒဓမ္မစာမူဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို ဓမ္မပူဇာစာပေဆုချီးမြှင့်ပွဲနှင့် ထေရဝါဒဓမ္မစာမူဆုချီးမြှင့်ပွဲဖြင့် နှစ်ပိုင်းခွဲ၍ ကျင်းပရာ ပထမပိုင်းအစီအစဉ်အရ ဓမ္မစာပေဆုချီးမြှင့်သော ဆရာကြီးဦးလေးမြိုင်က အဖွင့်အမှာစကားပြောကြား၍ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဆရာလယ်တွင်းသားစောချစ်က ဂုဏ်ပြုစကားပြောကြားပြီး ဓမ္မပူဇာစာပေဆုရရှိသူ ၁၀ ဦးအား ဆုများအသီးသီး ဆက်ကပ်ချီးမြှင့်ခဲ့သည်။

ဒုတိယပိုင်းအစီအစဉ်အရ ဓမ္မဝါဒဖော်ဆောင်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ထေရဝါဒစာမူပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဓမ္မဝါဒဖော်ဆောင်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာကြီးဦးညွန့်မောင် (ဓမ္မာစရိယ၊ ဘီအေ၊ အာရ်အယ်လ်) နှင့် အဖွဲ့ဝင် ဦးအောင်သိန်းညွန့်တို့က အမှာစကားပြောကြားပြီး ဓမ္မစာမူဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ကြသည်။

ယင်းအခမ်းအနားတွင် အဓမ္မဝါဒမဖြစ်ရေး ခေါင်းစဉ်ဖြင့် ပမထဆုရရှိသူ စာရေးဆရာ သကျဘုန်းရှိန်အား နာယကဆရာကြီး ဦးလေးမြိုင်ကလည်းကောင်း၊ အတိတ်ကတစ်ရေးနိုး ငှက်ဆိုးထိုးသံ ခေါင်းစဉ်ဖြင့် ဒုတိယဆုရရှိသူ စာရေးဆရာ မင်းလွင်ဦး(အောင်ပန်း) အား ဥက္ကဋ္ဌ ဆရာဦးညွန့်မောင်ကလည်းကောင်း၊ သာသနာ့တာဝန်ကြီးနှစ်ရပ် ခေါင်းစဉ်ဖြင့် တတိယဆုရရှိသူ စာရေးဆရာ မင်းမြတ်လှထွေးအား အဖွဲ့ဝင် ဦးအောင်သိန်းညွန့်ကလည်းကောင်း ဆုများအသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြကြောင်းသိရသည်။

ယင်းနောက် သီးသန့်ဆုရရှိကြသူ ခုနစ်ဦးအား အဖွဲ့ဝင်များက ဆုများအသီးသီးပေးအပ်ကြရာ ဆုရရှိကြသူများက ဆုများလက်ခံရယူခဲ့ကြပြီး ဆုရရှိကြသူများကိုယ်စား ဒုတိယဆုရရှိသူ စာရေးဆရာ မင်းလွင်ဦး(အောင်ပန်း) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ စာပေဆုချီးမြှင့်ပွဲအခမ်းအနားသို့ ဓမ္မပူဇာစာပေ ဆုရရှိသူ ၁၀ ဦး၊ ဓမ္မစာမူဆုရရှိသူ ၁၀ ဦးနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၇၀ ဦးခန့်တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

နေပြည်တော်ရဲတပ်ဖွဲ့မှ ဦးစီးသောရဲအုပ်အဆင့်မှ ဒုရဲမှူးအဆင့်တိုးမြှင့်ရေး ရေးဖြေစာမေးပွဲကျင်းပ

နေပြည်တော်၊ ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နေပြည်တော်ရဲတပ်ဖွဲ့မှ ဦးစီးကျင်းပသော ရဲအုပ်အဆင့်မှ ဒုရဲမှူးအဆင့်တိုးမြှင့်ရေး ရေးဖြေစာမေးပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အ. ထ. က(ခွဲ) အမှတ် (၃) တွင် ကျင်းပခဲ့ကြောင်းသိရသည်။

ရာထူးအဆင့်တိုးမြှင့်ရေးဖြေစာမေးပွဲတွင် စာမေးပွဲကြီးကြပ်သူဥက္ကဋ္ဌအဖြစ် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကိုကိုအောင်က ဆောင်ရွက်၍ အတွင်းရေးမှူးအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ကိုယ်စားလှယ် ဒုတိယရဲမှူးကြီး မျိုးအောင်ကဆောင်ရွက်ကာ ရေးဖြေစာမေးပွဲတွင် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကိုကိုအောင်၊ ဒုတိုင်းရဲတပ်ဖွဲ့မှူး ဇော်ခင်အောင်၊ ဒုတိယရဲမှူးကြီး ကျော်တေဇ ဦးစီး(ပ) (ဦး/ရေး/ထောက်) တို့က အနီးကပ်ကြီးကြပ်ခဲ့သည်။

ရေးဖြေစာမေးပွဲကို ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက် နှစ်ရက်ကျင်းပခဲ့ပြီး စာမေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်စုစုပေါင်း ၇၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

ကိုကိုရှုပ(နေပြည်တော်)

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး မြစိမ်းရောင်ကျေးရွာကော်မတီဖွဲ့စည်း

ကျွန်းလှ၊ ဖေဖော်ဝါရီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဆင်းရဲမှုလျှော့ချရေး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီက သံဘိုကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာညွန့်သောင်းက မြို့နယ်တွင် ယခုပထမဆုံးရွာသီ ကျေးရွာအုပ်စုမှ သံဘို၊ ဘိုကုန်းဆားကျင်းကျေးရွာ သုံးရွာအတွက် မြစိမ်းရောင်စီမံကိန်းကို နိုင်ငံတော်မှ ရန်ပုံငွေကျပ်သိန်း ၃၀၀ မတည်ပေးကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်မှုများတွင် အကျိုးရှိစွာ အတိုးနှုန်းသက်သာစွာဖြင့် အရင်းမပျောက် တိုးပွားလာအောင် အရွေးချယ်ခံရသည့် ကော်မတီဝင်များက စာရင်းဇယားပြုစု၍ ဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်စင်က မြစိမ်းရောင်ကြီးကြပ်မှုကော်မတီခုနှစ်ဦးအား မဲစနစ်ဖြင့်ရွေးချယ်နိုင်ရေး ရှင်းလင်းပွဲတက်ရောက်လာကြသည့် သံဘို၊ ဘိုကုန်း၊ ဆားကျင်းကျေးရွာသူ၊ ကျေးရွာသားများက ကော်မတီဝင်ခုနစ်ဦးကို အတည်ပြုရွေးချယ်ပေးကြပြီး ရွေးချယ်ခံရသောကော်မတီများအား သင်တန်းပို့ချပေးခဲ့သည်။ **မျိုးဝင်းညို(ကျွန်းလှ)**

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် တယ်ကုန်းကျေးရွာအုပ်စု ရေနစ်ကွင်းကျေးရွာအနီးလယ်ကွင်းပြင်တွင် တောင်သူတစ်ဦးက ကွန်ချောင်းမှပို့လွှတ်လိုက်သောဆည်ရေဖြင့် နွေစပါးစိုက်ပျိုးရန်အတွက် လက်တွန်းထွန်စက်ဖြင့် ထွန်ယက်နေသည်ကို ဖေဖော်ဝါရီ ၈ ရက်က တွေ့ရသည်။
သတင်းနှင့် ဓာတ်ပုံ - နေဝင်းဇော်(မြန်အောင်)









မော်ကျွန်းမြို့နယ်စည်ပင်နှင့် ပြည်သူများ ပူးပေါင်း၍ ကွန်ကရစ်လမ်းတည်ဆောက်

မော်လမြိုင်ကျွန်း၊ ဖေဖော်ဝါရီ ၁၀

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အမှတ် ၁၀ ရပ်ကွက် ကြာညိုလမ်း လမ်းသူ၊ လမ်းသားများနှင့် အလှူရှင်များပူးပေါင်းတည်ဆောက်ခဲ့သော ကြာညိုလမ်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက ကြာညိုလမ်းထိပ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်က ကြာညိုလမ်းကွန်ကရစ်လမ်းဖွင့်လှစ်ရခြင်းအကြောင်းကိုလည်းကောင်း၊ လမ်းတည်ဆောက်ရေးကော်မတီဝင် ဦးမောင်ဦးက စည်ပင်သာယာရေးအဖွဲ့နှင့် လမ်းသူ၊ လမ်းသားများ၊ အလှူရှင်များ ပူးပေါင်း၍ ကွန်ကရစ်လမ်းဖွင့်လှစ်နိုင်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှစိုးနှင့် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးနေမျိုးလင်းတို့က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါကြာညိုလမ်း ကွန်ကရစ်လမ်းမှာ လမ်းအရှည်ပေ ၁၀၀၀၊ လမ်းအကျယ် ၁၀ ပေရှိပြီး ကျပ်သိန်း ၁၄၀ ဖြင့် တည်ဆောက်ခဲ့သော ကွန်ကရစ်လမ်းဖြစ်ကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်အကောင်းဆုံး တောင်သူလယ်သမားဆုချီးမြှင့်ပေးနိုင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး ဦးအောင်မော်သည် ချင်းပြည်နယ်စိုက်ပျိုးကြီးကြပ်မှုအဖွဲ့မှ တာဝန်ရှိသူများ၊ တီးတိန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးလတ်နှင့် မြို့နယ်စိုက်ပျိုးကြီးကြပ်မှုအဖွဲ့ဝင်များ လိုက်ပါလျက် ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက လမ်ဇန်ကျေးရွာမှ တောင်သူဦးကမ်လျန်ထန်၏ တောင်ယာမြေစိုက်ခင်းသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - ဇိုဟေဆာ

ထောက်ကြန့် အမျိုးသမီးလေးများသင်တန်းကျောင်း၌ ကလေးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်နေရာပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ထောက်ကြန့် အမျိုးသမီးကလေးများသင်တန်းကျောင်း မင်္ဂလာဒုံမြို့နယ်၌ ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံကလေးများနေ့ကို ကြိုဆိုသောအားဖြင့် အကြိုလှုပ်ရှားမှုပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှူးကြီးမှူး၏ ပရဟိတဂေဟာများ၊ ဌာနငယ်၊ သင်တန်းကျောင်းများစုပေါင်း၍ လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းတွင် ဖေဖော်ဝါရီ ၇ ရက်မှ ၁၂ ရက်ထိ အားကစားပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲများသို့ အမျိုးသမီးကလေးများသင်တန်း ကျောင်း (ထောက်ကြန့်) ကျောင်းသူလေးများက ဘောလုံးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ပူပေါင်းဖောက်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် သင်တန်းသူကလေးများက ဗိုလ်ချုပ်ကဗျာရွတ်ဆို၍ ပြိုင်ပွဲကိုကြိုဆိုကာ ဖွင့်လှစ်ပေးပြီး မြန်မာ့ရိုးရာခြင်းလုံး (အလှခတ်) ပြသမှုကို ခြင်းလုံးခတ်နည်းပြဆရာမ ဒေါ်မြင့်စန္ဒာက သရုပ်ပြအလှခတ်ပြခဲ့ကြောင်း သိရသည်။

ယင်းနောက် အမျိုးသမီးကလေးများသင်တန်းကျောင်းမှ မြန်မာ့ရိုးရာခြင်းလုံးခတ် (အခြေခံ) သင်တန်းသူကလေးများက ရိုးရာခြင်း (အခြေခံ) ကို ယှဉ်ပြိုင်ကစားကြသည်။ အစီအစဉ်အရ သင်တန်းကျောင်းသူကလေးများက တေးသီချင်းများသီဆိုခြင်း၊ အကပဒေသာများ ကပြဖျော်ဖြေခြင်းဖြင့် ကလေးများအတွက် ပျော်ပွဲရွှင်ပွဲများကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသူများအား ဖေဖော်ဝါရီ ၁၃ ရက်၌ အ. ထ. က (၄) အလုံကျောင်းခန်းမ၌ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကိုရှုပ

အခမဲ့ဆေးခန်းနှစ်ပတ်လည်နှင့် အာယုနာရေး ကူညီမှုအသင်းအတွက် ရန်ပုံငွေပေးအပ်

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ယုဇနဥယျာဉ်မြို့တော်စိန်ပန်းလမ်းနှင့်(၈)လမ်းထောင့်ရှိလမ်းမထိပ်စင်မြင့်ပေါ်၌ အာယုလူမှုကူညီရေးအသင်းမှ ဦးစီးကျင်းပ၍ အာယုအခမဲ့ဆေးခန်း နှစ်နှစ်ပြည့်နှစ်ပတ်လည်အထိမ်းအမှတ်နှင့် အာယုနာရေးကူညီမှုအသင်းအတွက် ရန်ပုံငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနားကျင်းပရာ ဆေးခန်းနာယက ဦးအောင်မြင့်နှင့် ကော်မတီဝင်များက အသီးသီးအမှာစကားပြောကြားခဲ့သည်။

ယင်းနောက် အာယုနာရေးကူညီမှုအသင်းအတွက် မတည်ငွေနှင့် အဆောက်အအုံပရိဘောဂအလှူရှင်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းက အာယုနာရေးကူညီမှုအသင်းကော်မတီဝင်များမှ တက်ရောက်လာကြသောအလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော အလှူရှင်များနှင့် ဧည့်သည်များကို အာယုဆေးခန်း နာရေးကူညီမှုအသင်းဝင်မောင်မယ်များက တေးသရုပ်ဖော်ပဒေသာအကဖြင့် ဖျော်ဖြေတင်ဆက်ပြီး အဆိုတော်များနှင့် ဟာသလူရွှင်တော်များကလည်း သီဆိုဖျော်ဖြေတင်ဆက်ကြသည်။ (၅၁၂)



ပိုင်ရှင်မှရောင်းမည်

၁။ အမှတ်(၃)လမ်း၊ ကြောကပ် ရော(၇)လမ်း၊ (၄၀×၆၀)ပေ ဂရန်အမည်ပေါက်။
၂။ အောင်မင်္ဂလာအဝေးပြေးဂိတ်အနီး ပေ(၄၅×၂၀၀) (၂)ကွက် ရောင်းမည်။ ပိုင်းလျှင်လည်း ရမည်။
၃။ လှည်းကူး-ဖောင်ကြီးလမ်းမဘေး၊ ဟိုင်းကူးရွာ လယ်/ခြံ(၁၂)ဧက၊ တစ်ထပ်တိုက် ရေမီးအစုံ ရောင်းမည်။
ပုံစံ(၁၀၅)၄ဧက ကျော်ကျပြီး၊ ကျန်ဧကမှာ မြေပုံထွက်ပြီးဖြစ်သည်။
ဆက်သွယ်ရန် ဖုန်း-၀၉၈၆၂၈၅၉၀၊ ၀၉-၇၃၀၇၄၇၆၉



THE BMW 7 SERIES AND BMW 5 SERIES.

The perfect expression of elegance and power rarely comes with an irresistible offer that thrills the heart.

For a limited time, receive exclusive deals, save up to 20% off on BMW ASEAN Summit programme cars as well as 3 years Warranty and 3 years Maintenance Service package.
Or enjoy preferential rates on the BMW 7 Series and BMW 5 Series - range of customisations with the finest details to reflect your distinguished style.

Visit Prestige Automobiles or call +95 (1) 230 6133 to reserve your test drive today.

PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.

Prestige Automobiles Co.,Ltd: #485, Corner of Pyay Road and Narnattaw Street Kamayut Township, Yangon, Myanmar.
Tel: +95 (1) 2306133 **Service Hotline:** +95 (1) 2306144 **Email:** info@pac-bmw.com **Website:** www.bmwmyanmar.com **Facebook:** www.facebook.com/BMWPAC

SKYSUITES
Valentine
အတွက်အကောင်းဆုံး
လက်ဆောင်
BMW 5 Series
FREEHOLD
LAND
BMW
GRAND PRIZE
Hotline +959-252 80 8200, 252 80 8300

(၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာ နှစ်ပတ်လည်နေ့ ဆုမွန်တောင်းလွှာ

ကျေးဇူးရှင် ပါးပါး ဦးစိုးသန်းထွန်း နှင့် မားမား ဒေါ်ခင်မေသန်း (ပွင့်သစ်စမ်း မိသားစု)တို့၏ ၁၀-၂-၂၀၁၅ ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် ရွှေရတု၊ စိန်ရတု နှစ်များစွာတိုင်အောင် ချစ်သား၊ သမီးများနှင့်အတူ လောကီ၊ လောကုတ္တရာ အကျိုးများ ဆောင်ရွက်နိုင်ပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပျော်ရွှင်စွာ နေနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

- ချစ်သားကြီး – မောင်ကျော်မင်းထွန်း (ခေတ္တ–စင်ကာပူ)
- ချစ်သားငယ် – မောင်ထက်အာကာကျော် (ခေတ္တ–ဩစတေးလျ)
- ချစ်သမီး – မစိုးသဉ္ဇာသိမ့် (ခေတ္တ–ဩစတေးလျ)

(၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာ နှစ်ပတ်လည်နေ့ ဆုမွန်တောင်းလွှာ

ဦးစိုးသန်းထွန်း နှင့် ဒေါ်ခင်မေသန်း (ပွင့်သစ်စမ်း မိသားစု) တို့၏ ၁၀-၂-၂၀၁၅ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် ရွှေရတု၊ စိန်ရတု နှစ်များစွာတိုင်အောင် လောကီ၊ လောကုတ္တရာအကျိုးများ ဆောင်ရွက်နိုင်ပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာ ပျော်ရွှင်စွာ နေနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

- နောင်တော်ကြီးစေတီနှင့် ရန်ပြေစေတီတော်ဘုရားဂေါပကအဖွဲ့ဝင်များနှင့် ထ/၁၆ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်မှ ဓမ္မ မိတ်ဆွေများ

(၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာ နှစ်ပတ်လည်နေ့ ဆုမွန်တောင်းလွှာ

ဆရာ ဦးစိုးသန်းထွန်း နှင့် ဒေါ်ခင်မေသန်း (ပွင့်သစ်စမ်း မိသားစု) တို့၏ ၁၀-၂-၂၀၁၅ ရက်တွင် ကျရောက်သော (၂၅) နှစ်ပြည့် ငွေရတုမင်္ဂလာ နှစ်ပတ်လည်ရက်မြတ်မှသည် ရွှေရတု၊ စိန်ရတု နှစ်များစွာတိုင်အောင် လောကီ၊ လောကုတ္တရာအကျိုးများ ဆောင်ရွက်နိုင်ပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာ ပျော်ရွှင်စွာ နေနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

- ပွင့်သစ်စမ်း Food Centre & Family (I) KTV (ရွှေဂုံတိုင်)မှ မန်နေဂျာ နှင့် ဝန်ထမ်းများ
- ပွင့်သစ်စမ်း Restaurant & Family (II) KTV (မြောက်ဥက္ကလာ)မှ မန်နေဂျာ နှင့် ဝန်ထမ်းများ
- Excelsior KTV (၃၃လမ်း၊ ကျောက်တံတားမြို့နယ်)မှ မန်နေဂျာ နှင့် ဝန်ထမ်းများ
- ပွင့်သစ်စမ်း ဥယျာဉ်ခြံ (မင်းကုန်းစံပြကျေးရွာ၊ လှည်းကူးမြို့နယ်)မှ မန်နေဂျာ နှင့် ဝန်ထမ်းများ

နိုင်ငံတကာအသိအမှတ်ပြု ဖွံ့ဖြိုးမှု(၅)ရပ်ကို အခြေခံသည့် မူကြိုပညာရေး

အသက်(၂)နှစ်မှ (၆)နှစ်အရွယ်ကလေးများ ကျောင်းအပ်လက်ခံနေပါပြီ....

Pre-school

Emotional Development(EQ)
Intellectual Development(IQ)
Moral Development
Physical Development
Social Development

www.getc-languageschool.com

Summer English Program for Young Learners
Ages (6-14)

GETC building a better future
9th March to 29th May
ENGLISH 4-SKILLS
CAMBRIDGE EXAM PREPARATION
ကျောင်းအပ်လက်ခံနေပါပြီ ...
5% OFF in February
Ferry Available
537895, 502775 · 530097, 09254148005 · 549590, 09254148006

LYS လင်းရောင်စဉ်
မိတ္တူကူးစက်၊ RISO
အပိုပစ္စည်းနှင့် ပြုပြင်ရောင်းဝယ်ရေး
တိုက်(၄)၊ အခန်း(၅)၊ လှိုင်ရတနာအိမ်ရာ၊ အင်းစိန်လမ်းမ၊ လှိုင်၊ ရန်ကုန်မြို့။
Ph: 09-421036954, 09-428344057, 09-36063050, 09-425022999

ကိုသန့်ဇင် CAR RENTAL
ကားမျိုးစုံကို ခရီးစဉ်
လချုပ်၊ အချိန်ပိုင်း ငှားသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-5059821,09-43117680

101

ကြော်ငြာ

လေ ယာဉ် ပျံ လက် မှတ် ကို လံ ဘတ်(စ်)

MOBILE PHONE နှင့် ဘဏ်ခွဲတွေပေါ်များတဲ့ခေတ်ကြီးထဲမှာ လေယာဉ်လက်မှတ်ဝယ်ဖို့ Agent သို့ သွားရန်မလိုတော့ပါ။

သင့်ရဲ့ CB Bank mobile banking (သို့) အနီးဆုံး CB Bank ဘဏ်ခွဲများမှ ငွေပေးချေပြီး သင့်ဖုန်းထဲမှ လေယာဉ်လက်မှတ် (E Ticket) ကို ရယူနိုင်ပါပြီ။

** ငွေလွှဲခ အခမဲ့ **

RGN-BKK-RGN လက်မှတ်တစ်လ(၁)စောင်ကံစမ်းမဲ

ကံစမ်းမဲကာလ - ၂၀၁၅ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ

Columbus TRAVELS & TOURS

229245, 216245, 378535, 378549 columbuspromotion@gmail.com

09 976330878, 09 261007319

columbustravelsandtours

Download COLUMBUS TRAVEL A smart flight app. right in your hand. GET IT ON

STI MYANMAR UNIVERSITY

STI Myanmar University နှင့် The Open University of Hong Kong (OUHK) SKU

(က) Bachelor of Business Administration (BBA)

• Management

(ခ) Bachelor of Engineering (BE)

• Civil and Architectural Engineering

Apply Now!

STI Myanmar University

Building-10, MICT Park, Hlaing Campus, Hlaing Township, Yangon.

No (377), Upper Shwe Bon Thar Street, Pabedan Township, Yangon.

ရွှေရတုမင်္ဂလာ

ဖေဖေ ဦးကျော်ရှိန်[ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာ့သစ်လုပ်ငန်း၊ ဥက္ကဋ္ဌ-နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး]နှင့် မေမေ ဆရာမကြီး ဒေါ်မြိုင်မြိုင်ထွန်း (ပညာရေးတက္ကသိုလ်-ငြိမ်း)တို့၏ ၉-၂-၂၀၁၅ရက်တွင် ကျရောက်ခဲ့သော နှစ်(၅၀) ပြည့်ရွှေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ခုထက်ပိုပြီး ဆောင်ရွက်နိုင်ပါစေကြောင်း သား၊ သမီး၊ မြေးတို့မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သား၊ သမီး၊ မြေးတစ်စု

(၁၀၇)၊ တက္ကသိုလ်ရိပ်သာလမ်း

ဆံပင်ကျွတ်လွန်းလို့ပြောင်ပါးကျပြီး မလှလို့စိတ်ညစ်နေသူများ ၂ဘူးလိမ်းရုံနဲ့ပြန်ပေါက်ပြီနော်...

Mobbish®

ဆံပင်ပြန်ပေါက်ဆီ

ဆံပင်ဆေးဆိုးလို့၊ ကောက်လို့ကြောင့် ဆံပင်ပျက်စီးနေသူများ အသက်အရွယ်ကြောင့် ဆံပင်များ ကျွတ်လွန်းလို့ ပါးပြီးပြောင်သွားသူများ အတွက် (COLLAGEN EXTRACT) (NMF) (PURE SILK OIL EXTRACT) (OLIGOELEMENT) များက ဆံပင်အမြစ်အိတ်မှ ဆံပင်များကို ပြန်လည်သန်စွမ်းလာနိုင်အောင် နှင့် ပြန်လည်ရှင်သန်ပေါက်ဖွားလာနိုင်အောင်နှိုးဆွပေးနိုင်စွမ်းသော အာနိသင်များရှိသော VITALEXTRACT များ ပါရှိသောကြောင့် ရက်ဆက် စွဲလိမ်းပေးနိုင်လျှင် ဆံပင်များ ပြန်လည်ရှင်သန်ပေါက်ဖွားနိုင်၍ နက်မှောင်ထူထဲ သန်စွမ်းစေနိုင်ပါသည်။

(ဆံပင်ပေါင်းတင်စဉ် ရောနှော သုံးစွဲပေးနိုင်ပါက ဆံပင်သားများ ပိုမိုစိုပြေတောက်ပြောင် လှပနိုင်ပါသည်။)

Mobbish HAIR CARE

(ကျား / မမရွေး သုံးနိုင်သည်)

လေဆာပန်းသီးတံဆိပ် အထူးသတိပြုရန်

Apple Production Co., Ltd. ရန်ကုန် - (01) 581391, 581844, 581886, (09) 86 18081, 49 316408 မန္တလေး - (02) 515 2320, 515 2321

ရောင်းရန်ရှိသည်

POWER MAX မီးစက်အဟောင်း ရောင်းရန်ရှိသည်။

Special Discount

250 KVA

130 KVA

100 KVA

Ph: 09-5128305, 09-254065314

ဖောင်းကြွပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၃၁/၇၂၆၉ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန(ရှာသာကြီး)

မီးသတိပြု

09 43334111 01-682544

09 43334333 01-682544

MIC Myanmar Imperial College

edexcel

• Diploma in Business

• Diploma in Advertising & Branding

• Diploma in Hospitality & Tourism

• B.A (Hons) Business And Management

• B.A (Hons) Marketing Management

MBA

Enroll Now!

နှစ်(၅၀)မြောက် ရွှေရတု မင်္ဂလာဆုတောင်းလွှာ

၁၁-၂-၂၀၁၅ရက်တွင်ကျရောက်သည့်

ချစ်ဖေဖေ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးရွှေမှိုး၊
ချစ်မေမေ ဒေါ်တင်တင် (ရွှေမှိုးပရိဘောဂတိုက်)

တို့၏ နှစ်(၅၀) မြောက် ရွှေရတုမင်္ဂလာနေ့ရက်မှသည်

